# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## ခရီးသွားလုပ်ငန်းကဏ္ဍ

ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉









Myanmar Ministry of Commerce
မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

International Trade Centre
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## ခရီးသွားလုပ်ငန်းကဏ္ဍ

ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉









Myanmar Ministry of Commerce
မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

International Trade Centre
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင်အသိအမှတ်ပြု မဟာဗျူဟာ စာတမ်းတစ်ခုဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုလျှင် အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-


မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ရုံးအမှတ် (၃)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်
တယ်လီဖုန်း - +၉၅ ၆၇ ၄၀၈၄၉၅
ဖက်စ် - +၉၅ ၆၇ ၄၀၈၄၂၄
အီးမေးလ် - nesmyanmar@gmail.com



ဤမဟာဗျူဟာအား တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပုံစံတစ်မျိုးမျိုးဖြင့် သို့မဟုတ် နည်းလမ်းတစ်ခုခုဖြင့် ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ချီခြင်း သို့မဟုတ် တစ်ဆင့်ပေးပို့လွှဲပြောင်းခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခွင့်မရှိပါ။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏ လုပ်ငန်းစဉ်၊ နည်းလမ်းနှင့် နည်းပညာဆိုင်ရာအကူအညီများအပေါ်တွင် အခြေခံ၍ ပြုစုဖော်ထုတ်ထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် ပါဝင်သော အမြင်အာဘော်များသည် ITC ၏ တရားဝင်အယူအဆ၊ သုံးသပ်ချက်များကို ထင်ဟပ်ဖော်ပြထားခြင်းမရှိပါ။ ဤစာတမ်းအား ITC မှ တရားဝင်တည်းဖြတ် ပြင်ဆင်ထားခြင်းမဟုတ်ပါ။


အဆင်အပြင် - Jesus Ales – www.sputnix.es
ဓာတ်ပုံများ - © ITC


နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့၏ ပူးတွဲအေဂျင်စီဖြစ်သည်။


လိပ်စာ - ITC ၅၄-၆၅၊ rue de Montbrillant ၁၂၀၂ ဂျီနီဗာ၊ ဆွစ်ဇာလန်
စာတိုက်သေတ္တာ - ITC Palais des Nations ၁၂၁၁ ဂျီနီဗာ ၁၀၊ ဆွစ်ဇာလန်
တယ်လီဖုန်း - + ၄၁-၂၂ ၇၃၀ ၀၁၁၁
ဖက်စ် - + ၄၁-၂၂ ၇၃၃ ၄၄၃၉
အီးမေးလ် - itcreg@intracen.org
အင်တာနက် - http://www.intracen.org

**<u>အသိအမှတ်ပြုဖော်ပြချက်</u>**

အောက်ပါ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်ဆိုင်ရာ မဟာဗျူဟာပုံစံများသည် မြန်မာနိုင်ငံ အမျိုးသား ပို့ကုန်မဟာဗျူဟာ (National Export Strategy- NES) တွင် အရေးပါသော အခန်းကဏ္ဍ တစ်ခုအနေဖြင့် ပါဝင်ဖွဲ့စည်းထား သည်။ NES သည် မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ဂျာမန် ပြည်ထောင်စုအစိုးရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) ၏ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့အစည်း (GIZ) နှင့် ပူးပေါင်း၍ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre-ITC) တို့၏ နည်းပညာပိုင်းဆိုင်ရာ အကူအညီများဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပူးပေါင်းညှိနှိုင်းပံ့ပိုးပေးမှု**

ဒေါက်တာမောင်အောင်၊ စီးပွားရေးပညာရှင်

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

- ဦးအောင်စိုး၊ ညွှန်ကြားရေးမှူးချုပ် (NES ဦးဆောင်သူ)
- ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
- ဒေါ်သီတာဝင်းဌေး၊ ဒုတိယညွှန်ကြားရေးမှူး
- ဒေါ်မြမြစိန်၊ ဒုတိယညွှန်ကြားရေးမှူး

ကုန်သွယ်ရေးဦးစီးဌာန

- ဒေါ်ရွှေစင်ကို၊ လက်ထောက်ညွှန်ကြားရေးမှူး

ခရီးသွားလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့ တာဝန်ခံညှိနှိုင်းရေးမှူး -

- ဦးနောင်နောင်ဟန်၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC)

- Mr. Darius Kurek, အကြီးတန်းအရာရှိ၊ ပို့ကုန်မဟာဗျူဟာ
- Mr. Robert Kafafian, နိုင်ငံတကာအကြံပေး
- Ms. Marie-Claude Frauenrath, ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအရာရှိ၊ ယှဉ်ပြိုင်မှုကဏ္ဍ
- Mr. Matthias Knappe, ယှဉ်ပြိုင်မှုကဏ္ဍ, NTFIII စီမံကိန်းမန်နေဂျာ
- Ms. Marnie McDonald, အယ်ဒီတာ

# ပါဝင်ဆောင်ရွက်ခဲ့ကြသော မဟာဗျူဟာအဖွဲ့ဝင်များ

- ဒေါ်နော်မူတာကပေါ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီးပွား/ကူးသန်းဝန်ကြီးဌာန
- ဦးအုန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဟိုတယ်/ခရီးဝန်ကြီးဌာန
- ဦးအေးသိန်း၊ ဒု-ထွေ/ဂျာ၊ ဟိုတယ်/ခရီးဝန်ကြီးဌာန
- ဦးမျိုးမင်းဦး၊ ဒုတိယရဲမှူးကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန
- ဒေါ်ကြည်ကြည်မေ၊ မန်နေဂျာ၊ ဟိုတယ်/ခရီးဝန်ကြီးဌာန
- ဦးစန်းအောင်၊ လ/ထ ညွှန်မှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံ တင်ရေးဦးစီးဌာန
- ဒေါ်သင်းသင်းနွယ်၊ လ/ထ ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီး ဌာန
- ဦးခင်ဇော်၊ ဦးစီးအရာရှိ၊ စီးပွား/ကူးသန်းဝန်ကြီးဌာန
- ဦးခင်မောင်မောင်အုန်း၊ ဦးစီးအရာရှိ၊ စီးပွား/ကူးသန်းဝန်ကြီး ဌာန
- ဦးနောင်နောင်းဟန်၊ (ခရီးသွားလုပ်ငန်းကဏ္ဍညှိနှိုင်းရေးမှူး)၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့
- ဒေါ်ညွှန့်ညွှန့်သန်း၊ ထွေ/ဂျာ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်
- ဦးဖြိုးဝေရာဇာ၊ ဥက္ကဌ၊ မြန်မာနိုင်ငံခရီးသွားဈေးကွက်အသင်း
- ဒေါ်ဝင်နီ၊ PR Manager, MMC
- ဦးပြည့်ဖြိုးဦး၊ အတွင်းရေးမှူး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း
- ဒေါ်မိုးသန္တာဝင်း၊ EC Member, MRA
- ဦးအောင်မြစိုး၊ အတွင်းရေးမှူး၊ MTHRDA
- ဦးမင်းသိန်း၊ တွဲဖက်အတွင်းရေးမှူး၊ UMTA
- ဦးစောသန်းထွဋ်၊ Sr Operation Executive ၊ Natural Lovers
- ဦးမြတ်သူ၊ အထွေထွေမန်နေဂျာ၊ Air KBZ
- ဒေါ်သဥ္ဇာလှဲ့၊ စာရင်းကိုင် ၊ မြန်မာနိုင်ငံသားများဘဏ်
- ဦးအောင်ဒင်၊ ဥက္ကဌ၊ Natural Lovers
- ဒေါက်တာနေဇော်အောင်၊ အထွေထွေအတွင်းရေးမှူး၊ MHA
- ဦးကောင်းမြတ်ဟန်၊ Research Analyst
- ဒေါ်အိသဥ္ဇာအောင်၊ Sr Assistant ၊ United Amara Bank

# မာတိကာ

စာမျက်နှာ

**လုပ်ငန်းစဉ်အကျဉ်းချုပ်** ၉

အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်စရာများ ၁၁

**နိဒါန်း** ၁၃

**ယခုကျွန်ုပ်တို့မည်သည့်နေရာတွင် ရောက်ရှိနေသနည်း**

- လက်ရှိအခြေအနေ ၁၆
- ထုတ်လုပ်မှု ၂၀
- တန်ဖိုးကွင်းဆက်ဆိုင်ရာ ဆောင်ရွက်မှုများ ၂၅
- ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအမြင် ၂၈
- လက်ရှိပို့ကုန်ဆောင်ရွက်ချက် ၃၂
- အဖွဲ့အစည်းဆိုင်ရာ အမြင်၊ အယူအဆများ ၃၇
- ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကနဦးစတင် လုပ်ဆောင်မှုများ ၄၂
- ပို့ကုန်ဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု ကိစ္စရပ်များ ၄၄

**ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားလိုပါသနည်း**

- မျှော်မှန်းချက် ၅၅
- ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု ၅၇
- ဈေးကွက်များဖော်ထုတ်ခြင်း ၅၈
- တန်ဖိုးကွင်းဆက် ဖွဲ့စည်းဆောင်ရွက်ပုံ တိုးတက်ပြောင်းလဲလာမှု ၆၃

**ပန်းတိုင်သို့ မည်သို့ရောက်အောင်သွားမည်နည်း**

- မဟာဗျူဟာဆိုင်ရာ ဦးတည်ချက်များ ၆၇
- အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှု၏ အရေးပါပုံ ၆၈

**အသေးစိတ်လုပ်ငန်းစီမံချက်** ၇၀

**စာစုစာရင်း** ၉၈

**ပုံများစာရင်း**

ပုံ (၁) ၂၀၁၀-၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာလေယာဉ်ခရီးစဉ်များ တိုးတက်ဆိုက်ရောက်မှု

ပုံ (၂) လေကြောင်းနှင့် လာရောက်ခြင်းအတွက် ဈေးကွက်ရင်းမြစ်များ

ပုံ (၃) ကဏ္ဍခွဲများက အလုပ်တိုက်ရိုက်ခန့်ထားမှု

ပုံ (၄) လက်ရှိ ဆောင်ရွက်နေသော တန်ဖိုးကွင်းဆက် (value Chain)

ပုံ (၅) ကမ္ဘာတစ်လွှားနိုင်ငံတကာခရီးသွားများလာရောက်မှု (သန်း) ၁၉၉၀-၂၀၁၂

ပုံ (၆) မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု (၂၀၀၈-၂၀၁၂)

ပုံ (၇) မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် စုစုပေါင်းလာရောက်မှု ရာခိုင်နှုန်း (၂၀၀၈-၂၀၁၂)

ပုံ (၈) OECD နှင့် OECD မဟုတ်သည့် ဈေးကွက်များသို့ နှစ်အလိုက်တိုးတက်မှု အခြေအနေ (၂၀၀၉-၂၀၁၂)

ပုံ (၉) မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒရှိ ရွေးချယ်ထားသော ဦးစားပေးလုပ်ငန်းများတွင် အစိုးရလုပ်ငန်းများနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အခန်းကဏ္ဍများ

ပုံ (၁၀) ဂီယာ (၄) ခုမူဘောင်

ပုံ (၁၁) အနာဂတ် တန်ဖိုးကွင်းဆက်

ဇယားများ

ဇယား-၁ အာဆီယံသို့ နိုင်ငံတကာခရီးသွားဧည့်သည် လာရောက်မှု (၂၀၀၉-၂၀၁၂)

ဇယား-၂ ရွေးချယ်ထားသည့် ခရီးသွားဒေသများတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ခရီးသွားများလာရောက်မှု (၂၀၁၂)

ဇယား-၃ တည်နေရာအလိုက် တည်းခိုနေထိုင်ရန်နေရာများ တည်ဆောက်ထားရှိမှု ၂၀၁၂ နှင့် ၂၀၁၃

ဇယား-၄ ခရီးသွားလုပ်ငန်းထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများ

ဇယား-၅ ၂၀၁၂ ခုနှစ်တွင်အကြီးဆုံး ခရီးသွားလုပ်ငန်းရင်းမြစ်ဈေးကွက်များ

ဇယား-၆ ပင်ရင်းဒေသအလိုက် နိုင်ငံတကာခရီးသွားများ ရောက်ရှိမှု(သန်း)

ဇယား-၇ ခရီးသွားလုပ်ငန်းကဏ္ဍ၏ ကမ္ဘာတစ်လွှားဆောင်ရွက်မှု

ဇယား-၈ အရှေ့တောင်အာရှဒေသတွင် ခရီးသွားလုပ်ငန်းကဏ္ဍ၏ ဆောင်ရွက်ချက်

ဇယား-၉ အာဆီယံနိုင်ငံများသို့ နိုင်ငံတကာခရီးသွားများရောက်ရှိမှု (၂၀၀၉-၂၀၁၂)

ဇယား-၁၀ ရွေးချယ်ထားသောနိုင်ငံများအလိုက် အာဆီယံသို့ နိုင်ငံတကာခရီးသွားများရောက်ရှိမှု (၂၀၀၇-၂၀၁၁)

ဇယား-၁၁ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ ဆောင်ရွက်ချက် (၂၀၁၂-၂၀၁၃)

ဇယား-၁၂ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု

ဇယား-၁၃ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု (၂၀၀၈-၂၀၁၂)

ဇယား-၁၄ မြန်မာနိုင်ငံသို့ လေကြောင်းမှ ရောက်ရှိမှု နှစ်အလိုက် တိုးတက်မှု (နိုင်ငံသားအလိုက်) ၂၀၀၉-၂၀၁၂

ဇယား-၁၅ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု (နိုင်ငံသားအလိုက်)၂၀၁၂ ခုနှစ်

ဇယား-၁၆ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ မူဝါဒအထောက်အကူပြုကွန်ရက်

ဇယား-၁၇ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကွန်ရက်

ဇယား-၁၈ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ မြို့ပြလူမှုအဖွဲ့အစည်းကွန်ရက်

ဇယား-၁၉ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများ

**ပုံစံများ**

ပုံစံ (၁) လူသိများထင်ရှားသည့် ခရီးသွားဒေသများ

ပုံစံ (၂) ၂၀၁၃ ခုနှစ်အတွက် ပဏာမအချက်အလက်

ပုံစံ (၃) မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပေးနေသည့် ဧည့်ဝတ်ကျေပွန်မှုဆိုင်ရာသင်တန်း

ပုံစံ (၄) မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပံ့ပိုးသူများဘက်မှပြဿနာများကို ရှုမြင်သုံးသပ်ခြင်း

ပုံစံ (၅) မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍရှိ စီးပွားရေးလုပ်ငန်းဝန်းကျင်မှ ပြဿနာများကိုရှုမြင်သုံးသပ်ခြင်း

ပုံစံ (၆) မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ ဈေးကွက်ဝင်ရောက်မှု ပြဿနာများကိုရှုမြင်သုံးသပ်ခြင်း

ပုံစံ (၇) မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးပြဿနာများကိုရှုမြင်သုံးသပ်ခြင်း

ပုံစံ (၈) ခရီးသွားလုပ်ငန်းကဏ္ဍတန်ဖိုးကွင်းဆက်တွင် ဖွဲ့စည်းမှုဆိုင်ရာ တိုးတက်မှုများကို ရှုမြင်သုံးသပ်ခြင်း

# လုပ်ငန်းစဉ်အကျဉ်းချုပ်

အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနှင့် GDP ရရှိနိုင်မှုအရ ခရီးသွားလုပ်ငန်းကဏ္ဍသည် စီးပွားရေးလုပ်ဆောင်မှုနယ်ပယ်တွင် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ (၆) ခုမြောက် ပို့ကုန်အများဆုံးတင်ပို့နိုင်သည့် ကဏ္ဍဖြစ်ပြီး ကုန်သွယ်မှုပိုငွေကို ရရှိစေနိုင်သည့် တစ်ခုတည်းသော ဝန်ဆောင်မှုကဏ္ဍဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍသည် လက်ရှိတွင် စုစုပေါင်း GDP ၏ ၁.၀၂ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်စုစုပေါင်း၏ ၂.၈ ရာခိုင်နှုန်း (တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း) ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ လှပသော ရှုမျှော်ခင်းများ၊ ရှေးဟောင်းအမွေအနှစ်ပေါကြွယ်ဝမှုနှင့် ဖွံ့ဖြိုးလာနေသော အာရှတိုက်၏ မဟာဗျူဟာမြောက် အချက်အချာကျသော နေရာတွင် တည်ရှိနေမှုများက ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု ကြီးထွားလာစေရန်အတွက် အလားအလာရှိသော ထင်ရှားသည့်အချက်များပင်ဖြစ်သည်။

## ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေ

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည်  အမျိုးအစားစုံလင်သော ရသနှင့်အပန်းဖြေမှုကိုပေးနိုင်သည့် နိုင်ငံ၏ ပေါကြွယ်ဝသော သဘာဝယဉ်ကျေးမှုအမွေအနှစ်များကို ခရီးသွားများအား ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုလွယ်ကူမှုအပေါ်တွင် တည်မှီနေသည်။ ခရီးသွားလုပ်ငန်းကို လက်ရှိတွင် နိုင်ငံ၏ အလယ်ပိုင်းဒေသများတွင် အဓိကထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာခရီးသွားအများစု လာရောက်သည့်နေရာ (၆) ခုမှာ ရန်ကုန်မြို့နှင့် ရွှေတိဂုံဘုရား၊ ပုဂံမြို့၊ အင်းလေးကန်၊ ကျိုက်ထီးရိုးဘုရား၊ မန္တလေးမြို့နှင့် ငပလီကမ်းခြေတို့ဖြစ်ကြသည်။

ခရီးသွားများ  တည်းခိုနေထိုင်ရန်အတွက် ဟိုတယ်၊ မိုတယ်နှင့် ဧည့်ရိပ်သာပေါင်း ၇၈၇ လုံးရှိပြီး လိုင်စင်ရ ခရီးသွားကုမ္ပဏီပေါင်း ၁၀၂၆ ခုနှင့် ဧည့်လမ်းညွှန်ပေါင်း ၃၃၅၃ ဦးတို့က ဘာသာစကားမျိုးစုံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြန်မာနိုင်ငံသို့ ခရီးသွားများ လာရောက်မှုလွယ်ကူစေရန်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ် (၃) ခုရှိပြီး လေကြောင်းလိုင်းများ ကန့်သတ်ချက်ရှိသော်လည်း ၂၀၁၇ ခုနှစ်တွင် တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ ခန့်ကို သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ခရီးသွားများ သွားလာသည့်နေရာများတွင် ရထားလမ်းများ၊ ၅၀၀၀ ကီလိုမီတာရှည်သည့် ရေကြောင်းလမ်း၊  ပြည်တွင်းလေကြောင်းလိုင်းများ၊ ၁၃၀၀၀၀ ကီလိုမီတာရှည်သည့် ကားလမ်းများဖြင့် ပြည်တွင်းတွင် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ သို့ရာတွင် လမ်းကွန်ရက်များ ပြည်စုံမှုမရှိခြင်းနှင့် အားနည်းသော ရထားပို့ဆောင်ရေးလုပ်ငန်းကြောင့် ပြည်တွင်းပို့ဆောင်ရေးတွင် ခက်ခဲမှုများ ဖြစ်စေပြီး နေရာအတော်များများသည် တစ်နှစ်ပတ်လုံးသွားလာရန် မလွယ်ကူသေးသည်ကို တွေ့ရသည်၊

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၁၀၅၈၉၉၅ ဦး စံချိန်တင်လာရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အကြမ်းဖျင်းအားဖြင့် ခရီးသည် ၂ သန်းလာရောက်မည်ဟု ခန့်မှန်းထားကြသည်။ ခရီးသွားအများစုသည် ထိုင်းနိုင်ငံမှတဆင့် ကုန်လမ်းခရီးဖြင့် လာရောက်ကြ၍ တစ်ရက်ခန့်မျှသာ နေထိုင်ကြခြင်းဖြစ်ပြီး လေကြောင်းဖြင့် ခရီးသည် ၅၉၃၃၈၁ ဦး လာရောက်ခဲ့သည်။ ခရီးသွားအများဆုံး လာရောက်သည့် တိုင်းပြည်များမှာ ထိုင်းနိုင်ငံ (၁၆ %)၊ တရုတ်နိုင်ငံ (၁၂ %)၊ ဂျပန်နိုင်ငံ (၈ %)၊ အမေရိကန်ပြည်ထောင်စု (၆.၃ %) နှင့် ကိုရီးယားနိုင်ငံ (၆ %) တို့ဖြစ်သည်။ ပြင်သစ်၊ မလေးရှား၊ စင်္ကာပူ၊ ဂျာမဏီ၊ ဗြိတိန်နှင့် မြောက်ပိုင်းအိုင်ယာလန်တို့မှ အကြမ်းဖျင်းအားဖြင့် ၄ % မှ ၅ % အထိသည် လေကြောင်းမှ လာရောက်ခြင်းဖြစ်သည်။ နေရာထိုင်ခင်းအတွက် အသုံးပြုသည့် စရိတ်မပါဝင်ဘဲ ခရီးသွားများ၏ နေ့စဉ်ပျမ်းမျှအသုံးစရိတ်မှာ အကြမ်းဖျင်းအားဖြင့် အမေရိကန် ဒေါ်လာ ၁၀၀ ခန့်ရှိသည်။ ၎င်းအနက် ခရီးသွားလာမှုအတွက် ၄၃ %၊ ဈေးဝယ်ခြင်းအတွက် ၂၃ % နှင့် စားသောက်ခြင်းအတွက် ၇ % သုံးစွဲခဲ့ကြသည်။

## ပို့ကုန်ဆောင်ရွက်မှု

ကမ္ဘာ့ဈေးကွက်တွင် ခရီးသွားလုပ်ငန်းကဏ္ဍ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၃၅ ဘီလီယံ ရှိပြီး ၂၀၁၂ ခုနှစ်တွင် ၄ % တိုးတက်ခဲ့သည်။ နိုင်ငံတကာမှ ခရီးသွားများ အများဆုံးလာရောက်သည့်အပေါ်တွင် မူတည်သတ်မှတ်ထားသည့် ခရီးသွားအများဆုံးလာရောက်သည့်နိုင်ငံများမှာ ပြင်သစ် (၈၃ သန်း)၊ အမေရိကန်ပြည်ထောင်စု (၆၇ သန်း)၊ တရုတ် (၅၇.၇ သန်း)၊ စပိန် (၅၇.၇ သန်း)၊ အီတလီ (၄၆.၄ သန်း)၊ တူရကီ (၃၅.၇ သန်း)၊ ဂျာမဏီ (၃၀.၄ သန်း)၊ ဗြိတိန် (၂၉.၃ သန်း)၊ ရုရှား (၂၅.၇ သန်း) နှင့် မလေးရှား (၂၅ သန်း) တို့ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စုသည် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများဆုံးရရှိသည့် နိုင်ငံဖြစ်ပြီး (US$ ၁၂၆.၂ ဘီလီယံ) ရရှိပြီး၊ ၎င်းနောက်မှ စပိန် (US$ ၅၅.၉ ဘီလီယံ)၊ ပြင်သစ် (US$ ၅၃.၇ ဘီလီယံ)၊ တရုတ် (US$ ၅၀ ဘီလီယံ)၊ မကာအို (US$ ၄၃.၇ ဘီလီယံ)၊ အီတလီ (US$ ၄၁.၂ ဘီလီယံ)၊ ဂျာမဏီ (US$

၃၈. ၁ ဘီလီယံ)၊ ဗြိတိန် (US$ ၃၆. ၄ ဘီလီယံ)၊ ဟောင်ကောင် (US$ ၃၂. ၁ ဘီလီယံ)၊ ဩစတြေးလျ (US$ ၃၁. ၅ ဘီလီယံ) တို့ ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်သည် နိုင်ငံတကာသို့ ခရီးအများဆုံး သွားရောက်သည့်နိုင်ငံ ဖြစ်လာခဲ့သည်။ တရုတ်ခရီးသွားများသည် US$ ၁၀၂ ဘီလီယံ သုံးစွဲခဲ့ကြသည်။ ၎င်း၏နောက်မှ ဂျာမဏီ (US$ ၈၃. ၈ ဘီလီယံ)၊ အမေရိကန် (US$ ၈၃. ၅ ဘီလီယံ)၊ ဗြိတိန် (US$ ၅၂. ၃ ဘီလီယံ)၊ ရုရှား (US$ ၄၂. ၈ ဘီလီယံ)၊ ပြင်သစ် (US$ ၃၇. ၂ ဘီလီယံ)၊ ကနေဒါ (US$ ၃၅. ၁ ဘီလီယံ)၊ ဂျပန် (US$ ၂၇. ၉ ဘီလီယံ)၊ ဩစတြေးလျ (US$ ၂၇. ၆ ဘီလီယံ) နှင့် အီတလီ (US$ ၂၆. ၄ ဘီလီယံ) တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ခရီးသွားများလာရောက်နိုင်သည့် ဒေသအဖြစ် သိရှိမှုတိုးမြင့်လာခြင်းကြောင့် အာဆီယံဒေသတွင် ခရီးသွားများလာရောက်သည့် အမြင့်ဆုံးနှုန်းဖြစ်သည့် ၂၉. ၇ % သို့ တိုးတက်ရောက်ရှိခဲ့သည်။ အကျိုးဆက်အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများမှ ဝင်ငွေသည် ၆၇ % ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၃၄ သန်း သို့မြင့်တက်လာခဲ့သည်၊ ၂၀၁၂ ခုနှစ်တွင် အာရှသည် နိုင်ငံတကာမှ လေကြောင်းဖြင့် ခရီးသွားလာမှု စုစုပေါင်း၏ အကြမ်းဖျဉ်းအားဖြင့် ၆၄. ၁ % ရှိသဖြင့် အကြီးဆုံးသော ခရီးသွားဈေးကွက်ဖြစ်လာခဲ့သည်။ အခြားသောအရေးကြီးသည့် ခရီးသွားဈေးကွက်များမှာ အနောက်ဥရောပ (၂၂. ၀ %)၊ မြောက်အမေရိက (၇. ၄ %)၊ အရှေ့ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသ၊ အခြားသောအမေရိကနှင့် အာဖရိကနိုင်ငံများ၏ ခရီးသွားများ လာရောက်မှုသည် ၁. ၅ %၊ ၀. ၆ %၊ ၀. ၆ % နှင့် ၀. ၃ % အသီးသီးဖြစ်ကြသည်။

ကမ္ဘာနှင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမှ ဆောင်ရွက်ပေးနိုင်သည့် GDP နှင့် အလုပ်အကိုင်အခွင့်အလမ်းများသည် နည်းပါးနေသေးသော်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများ စတင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ အရေးအကြီးဆုံးသော ဈေးကွက်ရင်းမြစ်များတွင် တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့ပါဝင်ပြီး ဆက်လက်၍လည်း အရေးကြီးသော ရင်းမြစ်များအဖြစ်ရှိနေပြီး အနောက်ဥရောပနှင့် မြောက်အမေရိက နိုင်ငံများမှ ခရီးသွားများ အများအပြားဝင်ရောက်လာမှုများလည်း ရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ထိုးဖောက်ဝင်ရောက်မှုကို တိုးမြှင့်ခြင်းနှင့် ထုတ်ကုန်များကို အမျိုးအစားစုံလင်အောင်ပြုလုပ်ခြင်းဖြင့် သမရိုးကျဈေးကွက်များသို့ ဝင်ရောက်မှုကို တိုးချဲ့လုပ်ဆောင်ခြင်းအပြင် မြန်မာနိုင်ငံနှင့် ထိတွေ့မှုမရှိသေးသော အနောက်နိုင်ငံများအားလည်း ဆွဲဆောင်ရန် အခွင့်အလမ်းများရှိနေသည်။ ဈေးကွက်အသစ်နှင့် သမရိုးကျဈေးကွက်များတွင် ယှဉ်ပြိုင်မှုကို တိုးမြှင့်လုပ်ဆောင်ရာတွင် တန်ဖိုးထပ်ဆောင်းခြင်း အပြင် သင့်လျော်သော အမှတ်တံဆိပ်နှင့် ဈေးကွက်မြှင့်တင်ရေးလုပ်ဆောင်မှုများလည်း လိုအပ်မည်ဖြစ်သည်။

**ခရီးသွားလုပ်ငန်းကဏ္ဍ တန်ဖိုးကွင်းဆက်ကို အကျိုးသက်ရောက်မှုရှိသည့် အဓိကယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များ**

ခရီးသွားလုပ်ငန်းကဏ္ဍ တန်ဖိုးကွင်းဆက်အတွက် အောက်ပါစိန်ခေါ်မှုများကို ရှင်းလင်းဖော်ပြထားသည်-

**ထုတ်လုပ်သည့်ဖက်မှ စိန်ခေါ်မှုများ**

- ငွေကြေးရင်းနှီးမြှုပ်နှံမှုများရရှိရန် ကန့်သတ်ချက်များရှိနေခြင်း
- ဥပဒေစည်းမျဉ်းစည်းကမ်းများ လုံလောက်မှုမရှိခြင်း
- ထုတ်ကုန်များပံ့ပိုးပေးရန် ကန့်သတ်ချက်များ ရှိနေခြင်း
- လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်မှုမရှိခြင်း

**စီးပွားရေးပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ**

- ဗီဇာလုပ်ငန်းစဉ်များ နှေးကွေးကြန့်ကြာခြင်း
- e-commerce ဆိုင်ရာစွမ်းရည်မရှိခြင်း
- နိုင်ငံခြားငွေလဲလှယ်မှုတွင် ကန့်သတ်ချက်များရှိနေခြင်း
- အခွန်နှစ်ထပ်ကောက်ခံခြင်း
- ပြည်တွင်း၌ ခရီးသွားလုပ်ငန်းနှင့်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဖြူးရာတွင် ကန့်သတ်ချက်များ ရှိနေခြင်း
- ခရီးသွားလုပ်ငန်း၏ သဘောသဘာဝနှင့် အရေးကြီးပုံကို အစိုးရဌာနများမှ အသိပညာပေးမှု နည်းပါးနေခြင်း

- ICT ဆိုင်ရာ အခြေခံအဆောက်အဦများ လုံလောက်မှုမရှိခြင်း
- ခရီးသွားများ သွားရောက်သည့် နေရာများသို့ သွားရောက်ရန် ကန့်သတ်ချက်များရှိနေခြင်း

**ဈေးကွက်ဝင်ရောက်မှုဆိုင်ရာ စိန်ခေါ်မှုများ**

- နိုင်ငံတကာဈေးကွက်ရှာဖွေရေး စွမ်းရည် ပြည့်စုံမှုမရှိခြင်း
- ဈေးကွက်ဝင်ရောက်နိုင်မှု ကန့်သတ်ချက်များရှိနေခြင်း
- နိုင်ငံခြားသတင်းမီဒီယာများတွင် အဆိုးမြင်ပုံရိပ်များ ဖော်ပြနေခြင်း
- အမျိုးသားအဆင့်အမှတ်တံဆိပ်မရှိခြင်း
- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန် ခက်ခဲခြင်း

**ဖွံ့ဖြိုးတိုးတက်မှုအခြေခံသည့် စိန်ခေါ်မှုများ**

- အဓိကဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် ကန့်သတ်မှုများရှိနေခြင်း
- ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ် ရှိရာနေရာများသည် အန္တရာယ်ရှိနေခြင်း
- သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းမှုမရှိခြင်း
- လျှပ်စစ်ဓာတ်အား မှန်မှန်မရရှိခြင်း
- ပညာသင်ကြားရေးဆိုင်ရာအခွင့်အလမ်းများ လုံလောက်စွာမရရှိခြင်း
- အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်ရန် အလားအလာရှိခြင်း

**အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်စရာများ**

အောက်ပါမျှော်မှန်းချက်သည် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ခရီးသွားလုပ်ငန်းပင်မစီမံချက်၏ မျှော်မှန်းချက်များအားလုံးကို ပြည့်စုံစေခြင်းဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို လမ်းညွှန်ပေးနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်-

## “ ချစ်မြတ်နိုးဘွယ်မြန်မာ ”

ဤမျှော်မှန်းချက်ကို ရရှိရန် ကဏ္ဍအတွက် ဖော်ပြထားသော ရွေးချယ်ထားသည့် မဟာဗျူဟာများရှိ ယှဉ်ပြိုင်နိုင်မှုများနှင့် ထောက်ပံ့မှုများအပေါ်တွင် ချည်နှောင်ထားသည့် ကန့်သတ်ချက်များအား လျော့ချပေးရမည်ဖြစ်သည်။ လာမည့် (၅) နှစ်အတွက် မဟာဗျူဟာမြောက်အစီအစဉ်များသည် မြန်မာ့လုပ်ငန်းရှင်များအတွက် ရေတိုနှင့် ရေလတ်တွင် အဓိကဈေးကွက်များ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအတွက် မဟာဗျူဟာ၏ အကျိုးရှိမှုနှင့် တန်ဖိုးပြောင်းလဲမှုဖြစ်စဉ်များကို တိုးမြှင့်နိုင်ရန် တန်ဖိုးကွင်းဆက်အတွင်း ပြောင်းလဲမှုများကို လွယ်ကူအောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍ၏ မဟာဗျူဟာမျှော်မှန်းချက်ကို ကဏ္ဍအတွက် ချမှတ်ထားသည့် လုပ်ငန်းစီမံချက် (POA) များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတဆင့် ရရှိနိုင်မည်ဖြစ်သည်။ ဤလုပ်ငန်းစီမံချက်တွင် အောက်ပါမဟာဗျူဟာ ဦးတည်ချက် (၃) ခုပါရှိပြီး ဦးတည်ချက်တစ်ခုချင်းစီတွင် မြန်မာနိုင်ငံရှိခရီးသွားလုပ်ငန်းကဏ္ဍတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို တိကျစွာဖော်ပြနိုင်သည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းစွာဖော်ပြထားသည်-

၁။ ခရီးသွားလုပ်ငန်းအတွက် မူလဇစ်မြစ်ဈေးကွက်များကို သိရှိနားလည်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ကဏ္ဍ၏ ထွက်ကုန်များ တိုးမြှင့်ရေး ဆောင်ရွက်ရန်။

၂။ ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုအရည်အသွေး အဆင့်အတန်းတိုးမြှင့်ရန်။

၃။ ခရီးသွားလုပ်ငန်းကဏ္ဍ လုပ်ဆောင်မှုများ ပိုမိုလွယ်ကူချောမွေ့လာစေရေး ဆောင်ရွက်ရန်။

### ခရီးသွားလုပ်ငန်းကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြမြေပုံ

ခရီးသွားလုပ်ငန်းကဏ္ဍ၏ ရေတိုစျေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစည်းအဝေးများ၊ မက်လုံးပေးခြင်း၊ ညီလာခံများနှင့် ပြပွဲများ (Meetings, Incentives, Conferences, Exhibitions - MICE) ကျင်းပပေးခြင်း၊ ယဉ်ကျေးမှု၊ သဘာဝနှင့် မိတ်ဆွေများနှင့် ဆွေမျိုးများထံ အလည်အပတ်လာရောက်ခြင်း (Visiting Friends and Relatives - VER) ကဲ့သို့သော စျေးကွက်ခရီးသွားအစီအစဉ်များကို တန်ဖိုးထပ်ဆောင်းပေးခြင်းနှင့် စျေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းဖြင့် ထင်ရှားသောစျေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဤစျေးကွက်များ တွင် ထိုင်း၊ ဂျပန်၊ တရုတ်၊ အမေရိကန်၊ ကနေဒါ၊ ကိုရီးယား၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမဏီ၊ စင်္ကာပူ၊ တရုတ်တိုင်ပေ၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများပါဝင်သည်။ ထို့ပြင် အဆိုပါစျေးကွက်များသို့ စီးပွားရေး၊ စွန့်စားသွားလာခြင်း၊ သင်္ဘောဖြင့် ခရီးသွားခြင်း၊ အပန်းဖြေခြင်းနှင့် ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်မှုမှတဆင့် ကောင်းမွန်သောခရီးသွားခြင်းများအပါအဝင် ထုန်ကုန်အသစ်များကို စတင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သည်။ ရေလတ်နှင့် ရေရှည်ကာလများတွင် လက်ရှိနှင့် ထုတ်ကုန်အသစ်များဖြင့် စျေးကွက်အသစ်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားသွားရမည်ဖြစ်သည်။ အဆိုပါစျေးကွက်များတွင် ရုရှားနိုင်ငံနှင့် စပိန်၊ အီတလီ၊ ဆွစ်ဇာလန်၊ ဩစတြီးယား၊ နယ်သာလန်၊ ဘယ်ဂျီယံ၊ ပိုလန်၊ ရိုမေးနီးယားနှင့် ဟန်ဂေရီစသည့် ထိတွေ့မှုမရှိသေးသည့် အနောက်နှင့် အရှေ့ဥရောပနိုင်ငံများ ပါဝင်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထိရောက်သော အောင်မြင်မှုများရှိရန် အောက်တွင် ဖော်ပြထားသော တန်ဖိုးကွင်းဆက်တွင် အဓိက ဖွဲ့စည်းမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ပါဝင်မည်ဖြစ်သည် -

- e-visa စနစ်တစ်ရပ်ကို ဆောင်ရွက်ရန်၊
- e-commerce စွမ်းဆောင်နိုင်မှုကို တည်ဆောက်ရန်၊
- နိုင်ငံခြားငွေလဲလှယ်မှု ကန့်သတ်ချက်များအား ဖြေလျော့ပေးရန်၊
- ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များကို မိတ်ဆက်ပေးရန်၊
- ကဏ္ဍခွဲများ၏ ထုတ်ကုန်အသစ်များကို မိတ်ဆက်ပေးရန်၊
- အခြားသောကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန်၊
- သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းကို တိုးတက်စေရန်၊
- ပြည့်စုံသော စျေးကွက်မြှင့်တင်ရေးဆိုင်ရာဆောင်ရွက်မှုများကို မိတ်ဆက်သွားရန်၊
- ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးမူဘောင်စီမံကိန်းအတွင်း မြန်မာ့သဘာဝ ရှေးဟောင်းအမွေအနှစ်ကာကွယ်စောင့်ရှောက်ရေးကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ပူးပေါင်း၍ ဆောင်ရွက်သွားရန်၊

### အကောင်အထည်ဖော်စီမံခန့်ခွဲမှု

ဤရည်မှန်းချက်ကို ရရှိရန်အတွက် သက်ဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကမှ ပါဝင်ပတ်သက်လုပ်ကိုင်သူများ၏ စဉ်ဆက်မပြတ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သကဲ့သို့ အဓိကငွေကြေးနှင့် နည်းပညာဆိုင်ရာမိတ်ဖက်များ၊ အလှူရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများထံမှ ကူညီထောက်ပံ့ပေးမှုများလည်း လိုအပ်မည်ဖြစ်သည်။ ကဏ္ဍ၏ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းအများအပြားကို ရွေးချယ်ထားပြီး မဟာဗျူဟာကို အောင်မြင်ပြီးဆုံးအောင် ဆောင်ရွက်ရန်အတွက် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။ ၎င်းတို့ကို ခရီးသွားလုပ်ငန်းကဏ္ဍတွင် တက်ကြွစွာဆောင်ရွက်နေသည့် အထောက်အကူပြုအဖွဲ့အစည်းများက ကူညီပံ့ပိုးပေးမည်ဖြစ်သည်။ အဖွဲ့အစည်းတိုင်းသည် ကဏ္ဍ၏ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးရန် မဟာဗျူဟာ လုပ်ငန်းစီမံချက်တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ ထို့အပြင် အဆိုပြုတင်သွင်းထားသည့် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MTDC) နှင့် ၎င်း၏ အတွင်းရေးမှူးရုံးအဖွဲ့သည် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ မူဘောင်အတွင်း မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်ထိန်းချုပ်သည့် အခန်းကဏ္ဍမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အထူးသဖြင့် MTDC သည် မဟာဗျူဟာတွင် ပါဝင်ပတ်သက်လုပ်ကိုင်နေသူများမှတဆင့် ကြိုးပမ်းအားထုတ်မှုနှင့် ရင်းမြစ်များကို အကောင်းဆုံးခွဲဝေဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

# နိဒါန်း

ဤစာအုပ်တွင်တင်ပြထားသည့် ခရီးသွားလုပ်ငန်းကဏ္ဍပို့ကုန်မဟာဗျူဟာသည် မြန်မာနိုင်ငံ၏အမျိုးသားပို့ကုန်မဟာ ဗျူဟာ (NES) ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ထို့ပြင် အစိုးရ၏ မကြာသေးခင်ကအတည်ပြုခဲ့သည့် ခရီးသွားလုပ်ငန်း ပင်မစီမံချက် (Tourism Master Plan) ကိုအောင်မြင်အောင် ပူးတွဲဆောင်ရွက်နိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ ဤသို့ ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုနှင့် ပို့ကုန်ဈေးကွက်စနစ်ကို တိုးမြှင့်ဆောင်ရွက်ခြင်းမှတဆင့် Master Plan ၏ ဦးတည်ချက်များကို ရရှိလာနိုင်အောင် ကူညီပေးသွားမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍသည် လက်ရှိမြန်မာနိုင်ငံ၏ ဆဋ္ဌမအကြီးဆုံးပို့ကုန် တင်ပို့နေသည့်ကဏ္ဍဖြစ်ပြီး ကုန်သွယ်မှုပိုငွေ ဖော်ဆောင်ပေးနိုင်သည့် တစ်ခုတည်းသော ဝန်ဆောင်မှုကဏ္ဍဖြစ်ပါသည်။ ယင်းရလာဒ်များသည် ကဏ္ဍအတွင်း ဖွံ့ဖြိုးတိုးတက်မှု အဆင့်နိမ့်နေသေးသော်လည်း ခရီးသွားလုပ်ငန်းသည် အမျိုးသားစီးပွားရေး၏ မှတ်ကျောက်တစ်ခုဖြစ်လာနိုင်သည်ကို ဖော်ပြနေသည်။ ပတ်ဝန်းကျင်နိုင်ငံများနှင့် သီးခြားဖြစ်ခဲ့ပြီး နိုင်ငံရေးအငြင်းပွားမှုများဖြစ်ခဲ့သည့် ဆယ်စုနှစ်များကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပြည့်စုံကောင်းမွန်သော တန်ဖိုးကွင်းဆက်မရှိဘဲ အခက်အခဲများသာ ရရှိစေခဲ့သည်။ သို့သော်လည်း လှပသော ရှုမျှော်ခင်းများ၊ ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဖွံ့ဖြိုးလာနေသော အာရှတိုက်၏ အချက်အချာကျသော နေရာတွင်တည်ရှိသည့် မဟာဗျူဟာကျသော အနေအထားများက ကဏ္ဍကို ပြည့်ဝစွာဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ပေးနိုင်မည့် ယှဉ်ပြိုင်အကျိုးကျေးဇူးတစ်ရပ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၏ မျှော်မှန်းချက်များကို ဤစာအုပ်ကဖော်ပြပါသည်။ အဓိကပြဿနာများကို ဖြေရှင်းရန်နှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများကို ဖော်ပြနိုင်ရန်အတွက် ခိုင်မာသော ကြိုးပမ်းအားထုတ်မှုမရှိဘဲ ကဏ္ဍအတွက် ရပိုင်ခွင့်များနှင့် အခွင့်အလမ်းများကို အပြည့်အဝရရှိရန် ခက်ခဲစေမည်ဖြစ်သည်။ ပို့ကုန်မဟာဗျူဟာရှိ (၅) နှစ်လုပ်ငန်းစီမံချက် (POA) က တန်ဖိုးကွင်းဆက်အတွင်း အားနည်းချက်များကျော်လွှားရန်နှင့် ရည်မှန်းထားသည့် ဈေးကွက်များအတွင်း ရှိနေသည့် အခွင့်အလမ်းများမှ အကျိုးကျေးဇူးများကို ရယူနိုင်ရန်ရည်ရွယ်၍ လက်တွေ့ကျပြီး ရရှိအောင်ဆောင်ရွက်နိုင်မည့် အချက်များကို အဆိုပြုတင်ပြထားသည်။ ဝီရိယစိုက်ထုတ်၍ စွဲမြဲစွာ ဆောင်ရွက်ခြင်းဖြင့် မဟာဗျူဟာသည် ကမ္ဘာ့ဈေးကွက်၏ ကြီးထွားလာနေသည့် ဝယ်လိုအားကိုပြည့်မီနိုင်သည့် ခရီးသွားများ အများဆုံးလာရောက်သည့် နေရာအဖြစ် မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

### သမိုင်းကြောင်းသုံးသပ်ချက်

ထောင်ခုနှစ်ချီ၍ တည်ရှိခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတလျှောက် များပြားလှသည့် မြို့ပြယဉ်ကျေးမှုများ တည်ရှိခဲ့မှုကို ရှေးဟောင်းသုတေသန၊ မနုဿဗေဒ၊ ဘာသာရေးနှင့် လောကီရေးရာဆိုင်ရာ အရေးကြီးသောနေရာများမှတဆင့် သိရှိနိုင်သည်။ လှပဆန်းပြား၍ သဘာဝအတိုင်းတည်ရှိနေသည့် ရှုမျှော်ခင်းများနှင့်အတူ နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ဘုရားဖူးများနှင့် ခရီးသွားများအား တမူထူးခြားသည့် အတွေ့အကြုံများကို ကြာရှည်စွာ ပေးနိုင်မည်ဖြစ်သည်။

သို့သော်လည်း ၁၉၆၂ ခုနှစ် အစိုးရအပြောင်းအလဲကြောင့် စီးပွားရေးနှင့် နိုင်ငံရေးတွင် တံခါးပိတ်မူဝါဒကျင့်သုံးသည့် ကာလဖြစ်ခဲ့ပြီး စီးပွားရေးကဏ္ဍအားလုံးကို ထိခိုက်မှုရှိစေခဲ့သည်။ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသည် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတိုးတက်လာခြင်း၊ အာရှတွင် အလတ်အလတ်တန်းစား စားသုံးသူများအပေါ် အခြေခံ၍ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းအပေါ် အနောက်နိုင်ငံများ၏ စိတ်ဝင်စားမှု တိုးတက်လာခြင်းကြောင့် ကဏ္ဍများအတွင်း ခိုင်မာသည့် တိုးတက်မှုများကို ရရှိနေခဲ့ကြချိန်တွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်မှုသည် ဆယ်စုနှစ်အနည်းငယ်မျှ ရပ်တန့်နေခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ဥပဒေများကို ပြင်ဆင်ရေးဆွဲ၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်လာခြင်းကြောင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ခရီးသွားလုပ်ငန်းသည် ပြန်လည်၍ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာသည်။ ၎င်းတို့အနက် ၁၉၉၃ ခုနှစ် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေသည် အထူးအရေးကြီးဆုံးဖြစ်ပြီး ၎င်း၏ ဦးတည်ချက်များမှာ -

၁။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊
၂။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝရှုခင်း လှပသည့်နေရာများတွင် ခရီးသွားလုပ်ငန်းကို ဆောင်ရွက်သွားရန်၊
၃။ အဆိုပါနေရာများအား ဖျက်ဆီးခြင်းမခံရအောင် ကာကွယ်သွားရန်၊
၄။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင်နိုင်ငံတကာမှ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်၊
၅။ ကဏ္ဍနှင့်ဆက်စပ်နေသည့် နည်းပညာဆိုင်ရာဗဟုသုတများ တိုးမြင့်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်နှင့်
၆။ ခရီးသွားများအား ဘေးကင်းလုံခြုံမှုနှင့် စိတ်ကျေနပ်မှုရရှိစေရန်အတွက် အာမခံချက်ပေးရန် တို့ဖြစ်သည်။

ဤပြုပြင်ပြောင်းလဲမှုများသည် (၂၅) နှစ်ကျော်ကြာ အစိုးရမှ ကြိုးနီစနစ်ဖြင့်အုပ်ချုပ်ပြီးနောက်ပိုင်း ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုအတွက် လမ်းဖွင့်ပေးနိုင်ခဲ့သော်လည်း အရှေ့တောင်အာရှနိုင်ငံများ (ASEAN) အသင်းဝင် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်သော် ဆက်လက်ကြိုးစား လုပ်ဆောင်နေရဆဲဖြစ်သည်။ မကြာသေးမီကာလဖြစ်သော ၂၀၁၂ ခုနှစ်တွင် ASEAN သို့ နိုင်ငံတကာမှ ခရီးသွားများလာရောက်မှု ၈၉. ၅သန်းသည် ၁၉၉၂ ခုနှစ်တွင် နိုင်ငံတကာခရီးသွားလာရောက်မှု ၂၁. ၈ သန်းထက် နှစ်စဉ်ပျမ်းမျှ ၇. ၃ % တိုးတက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ တိုးတက်မှုလည်း အနည်းငယ်ပါဝင်သည်ကိုတွေ့ရှိရသည်။ ဆက်လက်၍ နိုင်ငံရေးနှင့် စီးပွားရေး မတည်ငြိမ်ခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများသာ ရှိနေခြင်းနှင့် တခါတရံမှသာ ရင်းနှီးမြှုပ်နှံမှုရရှိနိုင်ခြင်းများသည် ဤကာလအတွင်း ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပို၍နှောင့်နှေးစေခဲ့သည်။

အစိုးရသစ်က ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ရှေ့ရှုခဲ့ပြီးနောက် မူဝါဒသစ်များကို စတင်ဖော်ဆောင်ခဲ့သည်။ အဆိုပါကြိုးပမ်းမှုများအနက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို တိုးတက်စေရန်အတွက် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) ကိုပြန်လည်ဝင်ရောက်ခြင်း၊ ၂၀၁၁ ခုနှစ်တွင် အာရှပစိဖိတ်ခရီးသွားလုပ်ငန်းအသင်း၏ အမျိုးသားအခန်းကဏ္ဍကို ဖွင့်လှစ်ခဲ့ခြင်းနှင့် ASEAN နှင့် အခြားသောအဖွဲ့အစည်းများ၏ ခရီးသွားလုပ်ငန်းများတွင် ပါဝင်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်းများကို လုပ်ဆောင်ခဲ့သည်။

၎င်းကြိုးပမ်းလုပ်ဆောင်မှုများကို ဥပဒေဆိုင်ရာလုပ်ဆောင်ချက်အသစ်များဖြစ်သည့် ၂၀၁၁ ခုနှစ်တွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုင်စင်ဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းနှင့် မကြာသေးမီက အလုပ်သမားအဖွဲ့အစည်း၏ ထောက်ခံမှုကိုရရှိခဲ့ခြင်း၊ အလုပ်သမားအငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ ခရီးသွားလုပ်ငန်းရှိ အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်ပေးမည့် အနိမ့်ဆုံးလုပ်ခ ဥပဒေမူကြမ်းတို့က ကူညီအားဖြည့်ပေးသည်။ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက ထွန်းသစ်စကဏ္ဍတွင် နိုင်ငံခြားမှ ပါဝင်ဆောင်ရွက်မှုလွယ်ကူစေရန် ကူညီပေးနိုင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် အစိုးရ၏ ၂၀၁၂ ခုနှစ် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒက ကျယ်ပြန့်ပြီး ပြည့်စုံသည့် ကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အခြေခံလုပ်ငန်းတာဝန်များကို ချမှတ်ပေးနိုင်ခဲ့သည်။

အာဆီယံအတွင်းရေးမှူးရုံးမှ နောက်ဆုံးရရှိသော အချက်အလက်များအရ ဤကြိုးပမ်းမှုများက အကျိုးအမြတ်ရရှိစေနိုင်ပြီး မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုများသည် ကောင်းမွန်မှုများကို ဖြစ်ပေါ်စေနိုင်မည်ဟု အတည်ပြုထားသည်။ တိုးတက်မှုနည်းပါးခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် စုစုပေါင်း ASEAN ခရီးသွားများ၏ ၁. ၂ % ကိုသာ ရရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ၎င်း၏ နှစ်စဉ်တိုးတက်မှုနှုန်း ၂၉. ၇ % သည် ဒေသတွင်းတွင် အမြင့်ဆုံးနှုန်းဖြစ်၍ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားမှ ခရီးသွား ၁ သန်းကျော် ရောက်ရှိခဲ့သည်။

၂၀၁၂ ခုနှစ်တွင်း ခရီးသွားများလာရောက်မှု သိသာစွာတိုးတက်လာခြင်းကြောင့် ဆက်စပ်ခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိမှုသည်လည်း အလားတူတိုးတက်လာခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၉ သန်းမှ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၄ သန်းရှိသဖြင့် ၆၇ % တိုးတက်ခဲ့သည်။ ထို့ပြင် မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ၂၀၁၃ ခုနှစ်တွင် အကြမ်းဖျဉ်းအားဖြင့် မြန်မာနိုင်ငံသို့ ခရီးသွား ၂ သန်းလာရောက်မည်ဟု ဖော်ပြထားပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နောက်ထပ် ၄၀ % တိုးတက်လာနိုင်မည်ဟု မျှော်မှန်းထားသည်။ ဤတိုးတက်မှုအရှိန်ကို အစိုးရ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ဆက်သွယ်ဆောင်ရွက်မှု တိုးတက်လာခြင်း၊ မြန်မာနိုင်ငံအား ခရီးသွားများ လာရောက်လည်ပတ်နိုင်သည့် နေရာအဖြစ် စိတ်ဝင်စားမှု တိုးတက်လာခြင်းကြောင့် ရရှိလာခြင်းဖြစ်သည်။ သို့သော်လည်း ဆက်လက်

လုပ်ဆောင်ရန် လုပ်ငန်းအများအပြားရှိနေသေးသဖြင့် အစိုးရက ၎င်း၏ ခရီးသွားလုပ်ငန်းပင်မစီမံချက် (Tourism Master Plan) ဖြင့် ကဏ္ဍအတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ လုပ်ဆောင်ရန်များကို အတည်ပြုထားသည်။

**ဇယား-၁ အာဆီယံသို့ နိုင်ငံတကာခရီးသွားဧည့်သည် လာရောက်မှု (၂၀၀၉-၂၀၁၂)**

| နိုင်ငံ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | မျှဝေသည့်(%) | တိုးတက်မှု(%) ၂၀၁၁-၂၀၁၂ |
|---|---|---|---|---|---|---|
| ဘရူနိုင်း | ၁၅၇၄၇၄ | ၂၁၄၂၉၀ | ၂၄၂၀၆၁ | ၃၀၀၁၃၉ | ၀. ၃% | ၂၄. ၀% |
| ကမ္ဘောဒီးယား | ၂၁၆၁၅၇၇ | ၂၅၀၈၂၈၉ | ၂၈၈၁၈၆၂ | ၃၅၆၀၀၀၀ | ၄. ၀% | ၂၃. ၅% |
| အင်ဒိုနီးရှား | ၆၃၂၃၇၃၀ | ၇၀၀၂၉၄၄ | ၇၆၄၉၇၃၁ | ၈၁၄၇၀၀၀ | ၉. ၁% | ၆. ၅% |
| လာအို | ၂၀၀၈၃၆၀ | ၂၅၁၃၀၂၈ | ၂၇၂၃၅၆၄ | ၃၀၅၀၄၀၀ | ၃. ၄% | ၁၂. ၀% |
| မလေးရှား | ၂၃၆၄၆၁၉၁ | ၂၄၅၇၇၁၉၆ | ၂၄၇၁၄၃၂၄ | ၂၅၉၅၀၀၀၀ | ၂၉. ၀% | ၅. ၀% |
| မြန်မာ | ၇၆၂၅၄၇ | ၇၉၁၅၀၅ | ၈၁၆၃၆၉ | ၁၀၅၈၉၉၅ | ၁. ၂% | ၂၉. ၇% |
| ဖိလစ်ပိုင် | ၃၀၁၇၀၉၉ | ၃၅၀၈၈၁၈ | ၃၉၁၇၄၅၄ | ၄၂၅၉၆၀၀ | ၄. ၈% | ၈. ၇% |
| စင်္ကာပူ | ၉၆၈၁၂၅၉ | ၁၁၆၃၈၆၆၃ | ၁၃၁၇၁၃၀၃ | ၁၄၃၅၆၅၀၀ | ၁၆. ၀% | ၉. ၀% |
| ထိုင်း | ၁၄၁၄၉၈၄၁ | ၁၅၉၃၆၄၀၀ | ၁၉၂၃၀၄၇၀ | ၂၂၃၀၃၀၆၅ | ၂၄. ၉% | ၁၆. ၀% |
| ဗီယက်နမ် | ၃၇၇၂၅၅၉ | ၅၀၄၉၈၅၅ | ၅၉၈၈၄၂၅ | ၆၅၈၅၈၅၃ | ၇. ၄% | ၁၀. ၀% |
| **စုစုပေါင်း** | **၆၅၆၈၀၆၄၀** | **၇၃၇၄၀၉၈၈** | **၈၁၃၃၃၅၆၃** | **၈၉၅၇၁၅၅၂** | **၁၀၀. ၀၀%** | **၁၀. ၁** |

**ရင်းမြစ်**-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန(၂၀၁၃)၊ မြန်မာ - ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀ ၊ အပြီးသတ်အစီရင်ခံစာမူကြမ်း (အချက်အလက်များကို အာဆီယံအတွင်းရေးမှူးရုံးမှ ရရှိသည်)

# ယခုကျွန်ုပ်တို့မည်သည့်နေရာတွင် ရောက်ရှိနေသနည်း

## လက်ရှိအခြေအနေ

မြန်မာနိုင်ငံသည် မဟာဟိမဝန္တာတောင်မှအိန္ဒိယသမုဒ္ဒရာအထိကျယ်ပြန့်၍ စတုရန်းကီလိုမီတာ ၆၇၆,၅၇၇ ရှိပြီး အာဆီယံနိုင်ငံများတွင် ဒုတိယအကြီးဆုံး နိုင်ငံဖြစ်သည်။ ၂,၈၃၂ ကီလိုမီတာ ရှည်လျားပြီး သဘာဝအတိုင်းတည်ရှိနေသည့် ကမ်းရိုးတန်းများ၊ ကျယ်ပြန့်သည့် သစ်တောကြီးဝိုင်းများနှင့် နှင်းဖုံးနေသည့်တောင်တန်းများရှိပြီး အကြမ်းဖျဉ်းအားဖြင့် နိုင်ငံ၏ ၅. ၆% ခန့်သည် သစ်ပင်ပန်းမန်များ၊ တိရစ္ဆာန်မျိုးစုံနှင့် လှပသည့်သဘာဝရှုခင်းမျိုးစုံရှိသည့် ထိန်းသိမ်းစောင့်ရှောက်ထားသည့် နယ်မြေ (၃၆) ခု ပါဝင်သည်။ မြန်မာနိုင်ငံ၏ သဘာဝအလှအပသည် နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်သည်။ နိုင်ငံတွင် ရှေးခေတ်မင်းနေပြည်တော်များနှင့် ကိုလိုနီအုပ်ချုပ်ရေးခေတ်မှ အမွေအနှစ်များရှိနေပြီး တိုင်းရင်းသားအုပ်စု ၁၀၀ ကျော်က နိုင်ငံ၏ ယခင်က ကြွယ်ဝခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှု အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းထားလျက်ရှိသည်။

လက်ရှိတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ အလယ်ပိုင်းဒေသတွင် စုဝေးနေပြီး ခရီးသွားနေရာ (၆) ခုမှ နိုင်ငံတကာခရီးသွားအများစုကို လက်ခံရရှိပါသည်။ ၎င်းတို့မှာ ရန်ကုန်နှင့် ရွှေတိဂုံဘုရား၊ ပုဂံ၊ အင်းလေးကန်၊ ကျိုက်ထို၊ မန္တလေးနှင့် ငပလီကမ်းခြေတို့ဖြစ်ကြသည်။ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေ ဒေသများသည် ရောက်ရှိသွားလာရန် ခက်ခဲသော်လည်း ပြည်တွင်းခရီးသွားများအကြားတွင် ကျော်ကြားလျက်ရှိသည်။ အခြားသော နေရာများဖြစ်သည့် ပူတာအို၊ မြိတ်ကျွန်းစုများ၊ နာဂဒေသ၊ ဟားခါး၊ နတ်မတောင်နှင့် လွိုင်ကော်တို့သည်လည်း ခရီးသွားများ သွားရောက်ရန်နေရာများအဖြစ် ကျော်ကြားစပြုလာပြီဖြစ်သည်။ အောက်ပါဇယားသည် ၂၀၁၂ ခုနှစ်တွင် အဓိကခရီးသွားနေရာများသို့ လာရောက်လည်ပတ်သည့် ခရီးသွားအရေအတွက်ကိုဖော်ပြသည်။

ဇယား-၂ ရွေးချယ်ထားသည့် ခရီးသွားဒေသများတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ ခရီးသွားများလာရောက်မှု (၂၀၁၂)

| ခရီးသွားဒေသ | ပြည်တွင်း | နိုင်ငံတကာ | စုစုပေါင်း |
|---|---|---|---|
| ပုဂံ | ၄၉၆၂၇ | ၁၆၂၉၈၄ | ၂၁၂၆၁၁ |
| ချောင်းသာ | ၁၁၄၄၃၂ | ၁၂၉၅၆ | ၁၂၇၃၈၈ |
| အင်းလေး | ၇၇၃၁၅ | ၉၀၉၃၇ | ၆၈၂၅၂ |
| ကျိုက်ထို | ၁၀၀၀၀၀၀ | ၆၅၇၈၈ | ၁၀၆၅၇၈၈ |
| မန္တလေး | ၁၃၈၈၅၈ | ၁၆၀၉၇၅ | ၂၉၉၈၈၃ |
| ငပလီ | မရရှိနိုင်ပါ | ၂၅၆၁၄ | ၂၅၆၁၄ |
| ငွေဆောင် | ၁၉၂၉၈ | ၄၅၀၄၄ | ၆၄၃၄၂ |
| ရန်ကုန် | မရရှိနိုင်ပါ | ၅၅၉၆၁၀ | ၅၅၉၆၁၀ |

**ရင်းမြစ်**-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန(၂၀၁၃)၊ မြန်မာ - ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀ ၊ အပြီးသတ်အစီရင်ခံစာမူကြမ်း

### ပုံစံ (၁)- လူသိများထင်ရှားသည့် ခရီးသွားဒေသများ

**ပုဂံ** တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် မဟုတ်သည့်တိုင် ပုဂံသည် အာရှတိုက်တွင်ထင်ရှားသော ရှေးဟောင်း သုတေသနနေရာများအနက် တစ်ခုဖြစ်ပြီး ပုဂံ၏ အံ့သြဖွယ်ရာများမှာ နှစ်ပေါင်း ၁၀၀၀ ခန့် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များလာရောက်ရန် စွဲဆောင်နိုင်ခဲ့သည်။ တစ်ခါက ရွှေရောင်လွှမ်းသည့် မင်းနေပြည်တော်ဖြစ်ခဲ့ပြီး ရှေးဟောင်း ဘုရားစေတီပုထိုးများကို မြေပြင်တွင် မျက်စိတစ်ဆုံး မြင်တွေ့နိုင်သည်။ (မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ ဈေးကွက်ရှာဖွေရေးကော်မတီ)

**ချောင်းသာ** ရွှံ့ထူသော မြစ်ဝကျွန်းပေါ် သဏ္ဌာန်ရှိသည့် စွဲဆောင်ရှိသော ကျယ်ပြန့်သည့် ကမ်းခြေတစ်ခုဖြစ်သည်။ ကမ်းခြေ၏အနောက်ဘက်တွင် အုန်းပင်များသာမက ကတ်စ်ဝါရီနာပင်များကိုပါ တွေ့မြင်နိုင်သည်။ ကမ်းခြေမှ ခပ်လှမ်းလှမ်းတွင် ကျွန်းငယ် (၂) ကျွန်းကို တွေ့မြင်နိုင်သည်။ (မြန်မာ့ခရီးသွားလုပ်ငန်း သတင်းအချက်အလက်)

**အင်းလေး** အင်းလေးကန်သည် ရန်ကုန်မှလေယာဉ်ဖြင့်သွားရောက်ပါကအချိန်အနည်းငယ်မျှသာကြာမြင့်သည့် စိမ်းလန်းအေးမြသည့် ရှမ်းကုန်းမြေမြင့်တွင်တည်ရှိ၍ မြန်မာနိုင်ငံ၏ အခြားသောနေရာများနှင့် တသီးတခြားဖြစ်နေပြီး ထင်ရှားသည့် သဘာဝအလှအပများရှိသည့် နေရာတွင်တည်ရှိသည်။ အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၀၀ အမြင့်တွင်တည်ရှိပြီး ၎င်း၏ ခြေထောက်ဖြင့်လှေလှော်ခြင်း၊ ရေပေါ်ဈေးများနှင့် အမျိုးအစားစုံလင်သော ငှက်များကြောင့် ကျော်ကြားသည်။ ဤထူးခြားသည့် စိုစွတ်သော ကုန်းမြေဒေသတွင် ရွာများကို ကျွန်းမျောများပေါ်၌ တည်ထားသည်။ (မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ ဈေးကွက်ရှာဖွေရေးကော်မတီ)

**ကျိုက်ထို** ကျိုက်ထိုသည် မွန်ပြည်နယ်ရှိ မြို့တစ်မြို့ဖြစ်သည်။ ကျိုက်ထိုသည် ရန်ကုန်မြို့မှ ကီလိုမီတာ ၁၆၀ ဝေးသည့် နေရာတွင်တည်ရှိသည့် မြို့ငယ်လေးတစ်မြို့ဖြစ်ပြီး ၎င်း၏ ဆုတောင်းပြည့်သည့် ကျိုက်ထီးရိုးဘုရားကြောင့် ကျော်ကြားသည်။ ဤအံ့ဖွယ်စေတီသည် ဉာဏ်တော် ၁၈ ပေခန့်ရှိ၍ လုံးပတ် ပေ ၅၀ ခန့်ရှိသည့် ဧရာမကျောက်တုံးကြီးပေါ်တွင် တည်ထားခြင်းဖြစ်သည်။ ။ (မြန်မာ့ခရီးသွားလုပ်ငန်း သတင်းအချက်အလက်)

**မန္တလေး** ယခင်က မင်းနေပြည်တော်ဖြစ်ခဲ့သည့် မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ အဓိကယဉ်ကျေးမှုနှင့် စီးပွားရေးမြို့တော်ဖြစ်ပြီး ယခုအချိန်အထိ ယခင်ကာလများမှ ပုံရိပ်များ လွှမ်းမိုးနေဆဲဖြစ်သည်။ နန်းတော်နှင့် ပတ်လည်ဝိုင်းရံနေသည့်မြို့ရိုးသည် မန္တလေးတောင်ခြေတွင် တည်ရှိသည်။ ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည့် မန္တလေးမြို့သည် ယခင်ကိုလိုနီခေတ် တောင်စခန်းများ၊ ရှေးဟောင်းမြို့များနှင့် အခြားသောယဉ်ကျေးမှုဆိုင်ရာ စွဲဆောင်နိုင်သည့် နေရာများသို့ အလွယ်တကူသွားလာနိုင်သည့် အကွာအဝေးတွင်တည်ရှိသည်။(မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ ဈေးကွက်ရှာဖွေရေးကော်မတီ)

**ငပလီ** တမျှော်တခေါ်ရှိသော ဖြူလွှသည့် သဲသောင်ကမ်းခြေ၊ တောက်ပသည့် စိမ်းပြာရောင်ပင်လယ်ပြင်၊ ကမ်းခြေတစ်လျှောက်တွင် အုန်းပင်များ အစီအရီပေါက်ရောက်နေသည့် ငပလီကမ်းခြေသည် မြန်မာနိုင်ငံ၏ ထိပ်တန်း အလည်အပတ်သွားရောက်နိုင်သည့် နေရာဖြစ်သည်။ (မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ ဈေးကွက်ရှာဖွေ ရေးကော်မတီ)

**ငွေဆောင်** ငွေဆောင်ကမ်းခြေကို ၂၀၀၀ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံရှိ အလှပဆုံးနှင့် အသာယာဆုံးသော ကမ်းခြေများအနက် တစ်ခုဖြစ်သည်။ ငွေဆောင်ကမ်းခြေသည် ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှ ၄၈ ကီလိုမီတာ ကွာဝေးသည့်နေရာတွင်တည်ရှိ၍ ကြည်လဲ့သော အပြာရောင်ရေဖြင့် ဘင်္ဂလားပင်လယ်အော်ကို မျက်နှာမူထားသည့် ကမ်းခြေတစ်ခုဖြစ်ပြီး ၎င်း၏ ဖြူလွှလွှလှိုင်းများ၊ သဲသောင်ပြင်များနှင့် ညစ်ညမ်းမှုကင်းမဲ့သည့် သဘာဝပတ်ဝန်းကျင်တို့သည် အားလပ်ရပ်များတွင် အနားယူအပန်းဖြေရန်အတွက် ရွေးချယ်ရန်အကောင်းဆုံးသော နေရာတစ်ခုဖြစ်သည်၊ (မြန်မာ့ခရီးသွားလုပ်ငန်း သတင်းအချက်အလက်)

**ရန်ကုန်** ရန်ကုန်မြို့သည် နိုင်ငံတကာမှလူအများနှင့် ထိတွေ့ဆက်ဆံမှုအများဆုံးရှိသည့် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ပြီး ကျယ်ပြန့်ပြီး သစ်ပင်များစီတန်းပေါက်ရောက်နေသည့် လမ်းများ၊ ငြိမ်သက်သောကန်များ၊ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်မှ လှပသောဗိသုကာလက်ရာများစသည့် ကိုလိုနီခေတ် အမွေများကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ရွှေတိဂုံဘုရားသည် မြို့ကို စီးမိုးထားပြီး ရန်ကုန်မြို့ရှိ လမ်းများသည် နေရာမျိုးစုံမှ ရောက်ရှိလာသည့် အနုပညာလက်ရာများကို ရှာဖွေနိုင်သည့် နေရာဌာန တစ်ခုပင်ဖြစ်သည်။ (မြန်မာ့ခရီးသွား လုပ်ငန်းမြှင့်တင်ရေးဘုတ်အဖွဲ့ဈေးကွက်ဖော်ဆောင်ရေးကော်မတီ)

ခရီးသွားလုပ်ငန်းကဏ္ဍတွင် ခရီးသွားများအား အမျိုးစုံသောယဉ်ကျေးမှုနှင့် အပန်းဖြေမှုများပေးနိုင်ရန်အတွက် နိုင်ငံ၏ ပေါများကြွယ်ဝသည့် သဘာဝနှင့် ယဉ်ကျေးမှုရင်းမြစ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးနိုင်သည့်နေရာများနှင့် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၏ ကွန်ရက်တစ်ခု ပါဝင်သည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို လမ်းညွှန်ရန် တာဝန်ယူရသည့် အစိုးရဌာနဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းစသည့် ဌာနနှစ်ခု ပါဝင်ဖွဲ့စည်းထားသည်။ ယခင်က မူဝါဒ၊ စီမံကိန်းရေးဆွဲခြင်း၊ စီမံကိန်းများကို စီမံခန့်ခွဲခြင်းနှင့် စည်းမျဉ်းဥပဒေများအပေါ်တွင်သာ အာရုံစိုက်ခဲ့ရာမှ နောက်ပိုင်းတွင် စီးပွားရေးနှင့်ဆက်စပ်နေသည့် လုပ်ဆောင်မှုများတွင် ပါဝင်လာသည်။ လူအများ၏ ပြောကြားချက်အရ ဝန်ကြီးဌာန ၂၅ ခုကျော်သည် ကဏ္ဍအတွင်း အနည်းဆုံး တစ်နေရာတွင် ပါဝင်ပတ်သက်လျက်ရှိသည်။ နိုင်ငံ၏ ခရီးသွားလုပ်ငန်းများနှင့် အသင်းအဖွဲ့များက နိုင်ငံအား ခရီးသွားများ လာရောက်သည့်ဒေသအဖြစ် မြှင့်တင်ရန်၊ ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးမြှင့်တင် ဆောင်ရွက်ရန်၊ ခရီးသွားများ

အား ကြိုဆိုရန်နှင့် အကူအညီပေးရန်နှင့် ကဏ္ဍနှင့် ဆက်စပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် တို့အတွက် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။

**ဇယား-၃** တည်နေရာအလိုက် တည်းခိုနေထိုင်ရန်နေရာများ တည်ဆောက်ထားရှိမှု ၂၀၁၂ နှင့် ၂၀၁၃

| တည်နေရာ | အရေအတွက် (၂၀၁၂) | အခန်းများ (၂၀၁၂) | မျှဝေသည့် (%) |
|---|---|---|---|
| ပုဂံ | ၇၉ | ၂၁၉၆ | ၆. ၇ |
| ချောင်းသာ | ၁၈ | ၆၄၂ | ၂. ၀ |
| ကလော | ၂၄ | ၄၇၅ | ၁. ၅ |
| ကျိုင်းတုံ | ၁၃ | ၄၁၈ | ၁. ၄ |
| ကျိုက်ထို | ၁၁ | ၃၉၀ | ၁. ၂ |
| မန္တလေး | ၇၉ | ၃၃၇၄ | ၁၀. ၃ |
| ငပလီ | ၁၇ | ၆၁၉ | ၂. ၀ |
| နေပြည်တော် | ၃၃ | ၂၁၁၁ | ၁၅. ၁ |
| ငွေဆောင် | ၂၁ | ၁၀၂၆ | ၃. ၂ |
| ညောင်ရွှေ (အင်းလေး) | ၄၂ | ၁၁၃၄ | ၅. ၆ |
| ပြင်ဦးလွင် | ၃၅ | ၇၀၆ | ၂. ၂ |
| ရန်ကုန် | ၂၀၄ | ၈၉၁၅ | ၂၉. ၂ |
| အခြား | ၂၁၅ | ၆၂၈၅ | ၁၉. ၆ |
| စုစုပေါင်း | ၇၈၇ | ၂၈၂၉၁ | ၁၀၀. ၀ |

**ရင်းမြစ်**-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန(၂၀၁၃)၊ မြန်မာ - ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀ ၊ အပြီးသတ်အစီရင်ခံစာမူကြမ်း၊ (အချက်အလက်များကို ဟိုတယ်/ခရီးဝန်ကြီးဌာနမှ ရရှိသည်၊ ၂၀၁၂)

လက်ရှိတွင် ဟိုတယ်၊ မိုတယ်နှင့် ဧည့်ဂေဟာပေါင်း (၇၈၇) လုံးမှ အခန်းပေါင်း (၂၈,၂၉၁)ခန်းကို ရရှိနိုင်သည်။ အဆိုပါ အဆောက်အအုံများသည် ပုံသဏ္ဍာန်နှင့် အရည်အသွေးကွာခြားပြီး ကြယ် (၄) ပွင့်အဆင့် ဟိုတယ် ၁၈ လုံးနှင့် ကြယ် (၅) ပွင့် အဆင့် ဟိုတယ် ၅ လုံး ပါဝင်သည်။ ၎င်းဟိုတယ်များသည် နေရာ (၄၈) ခုတွင် ပြန့်ကျဲနေသော်လည်း အများစုမှာ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် တည်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် ဟိုတယ်အသစ် (၅၆) လုံး (အများစုသည် နေပြည်တော်တွင်ရှိသည့်) ကိုဖွင့်ရန် မျှော်မှန်းထားပြီး လက်ရှိတွင် ဟိုတယ်နှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၃၆) ခု ရှိသည်။ အမေရိကန်ဒေါ်လာ ၁. ၄၁ ဘီလီယံ တန်ဘိုးရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောက်လုပ်သည့် ဟိုတယ်များ ပြီးစီးပါက ဟိုတယ်အခန်းများ တိုးတက်ရရှိနိုင်မှုကို ကူညီပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာမှ အလေ့အကျင့်ကောင်းများနှင့် နည်းပညာကျွမ်းကျင်မှုများ ပြန့်နှံ့မှုကိုပါ လွယ်ကူစေမည်ဖြစ်သည်။

ကြယ် (၄) ပွင့်နှင့် ကြယ် (၅) ပွင့်အဆင့် ဟိုတယ်များသည် အရည်အသွေးပိုင်းတွင် ဒေသတွင်းဟိုတယ်များနှင့် ယှဉ်နိုင်ပြီး ၂၀၁၂ ခုနှစ်တွင် ၈၀% ဌားရမ်းနေထိုင်မှုရှိခဲ့သည်။ ဒေသတွင်းမှ အခြားသော ရွေးချယ်စရာဟိုတယ်များနှင့် နှိုင်းယှဉ်ပါက ငှားရမ်းမှုအနည်းငယ်သာရှိခြင်းနှင့် အရည်အသွေးမမှီခြင်းတို့ကြောင့် ဆုံးရှုံးမှုရှိသည့် ဟိုတယ်များလည်းရှိသည်။ တစ်ခုသတိပြုသင့်သည့်မှာ ဟိုတယ်များသည် အရည်အသွေးမပြည့်မီဘဲ အထွေထွေလိုအပ်ချက်များရှိနေပါက ခရီးသွားများလာရောက်မှု အမြင့်ဆုံးဖြစ်သည့် (နိုဝင်ဘာလမှ ဇန်နဝါရီလအထိ) ခရီးသွားရာသီတွင် ပံ့ပိုးပေးနိုင်သည်ထက် ကျော်သွားနိုင်သဖြင့် ဈေးနှုန်းများ မြင့်တက်လာပြီး ခရီးသည်များ၏ ကျေနပ်မှုကို လျော့ကျသွားစေမည်ဖြစ်သည်။

ခန့်မှန်းခြေအားဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီ ၁,၀၂၆ ခုနှင့် လိုင်စင်ရဧည့်လမ်းညွှန် ၃,၃၅၅ ယောက်သည် အဆင့်မြင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း အများစုသည် ခရီးသည်များအလိုရှိသည့် လေ့လာရေးခရီးများကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ရသည်။ အကြမ်းဖျင်းအားဖြင့် လိုင်စင်ရဧည့်လမ်းညွှန်များ၏ ၆၁ % သည် အင်္ဂလိပ်စကားပြောဆိုနိုင်ပြီး အများစုမှာ ဂျပန်၊ ထိုင်း၊ တရုတ်၊ ပြင်သစ်နှင့် ဂျာမန်ဘာ သာစကားများဖြင့် ဆက်သွယ်ပြောဆိုနိုင်သည်။ နေရာထိုင်ခင်းနည်းတူ ခရီးသွားများ လာရောက်မှု အမြင့်ဆုံးရာသီတွင် လေ့ကျင့်သင်တန်းပေးထားသည့် ဧည့်လမ်းညွှန်များနှင့် ခရီးသွားယာဉ်များရရှိမှုနိုင်မှုသည်လည်း တစ်ခါတစ်ရံ ကန့်သတ်မှုများရှိနေသည်။

မြန်မာနိုင်ငံ၏ လေဆိပ် (၄၁) ခုအနက် အပြည်ပြည်ဆိုင်ရာလေဆိပ် (၃) ခုသာ ၇၄၇ အဆင့်လေယာဉ်များ ဆိုက်ရောက်နိုင်သည်။ အမျိုးသားလေကြောင်းလိုင်း (၇) ခုက နှစ်စဉ်ပြည်တွင်းခရီးစဉ် ၃၂,၁၀၆ ခုကိုပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်တွင်းလေယာဉ်ခရီးစဉ်များမှာ မကြာခဏ လူများပြည့်ကြပ်လျက်ရှိပါသည်ကိုတွေ့ရသည်။ နိုင်ငံသားလုပ်ငန်းရှင်များအပြင် နိုင်ငံခြားလေကြောင်းလိုင်း (၂၃) ခုက နိုင်ငံတကာခရီးသွားများလာရောက်မှု၏ ၈၀ % ကိုတာဝန်ယူဆောင်ရွက်နေပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နိုင်ငံတကာမှ လေယာဉ်များဝင်ထွက်သွားလာမှု၏ ၉၄ % ကိုလက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ ပျမ်းမျှရောက်ရှိမှုမှာ ၂၀၁၁ ခုနှစ်တွင် ၆၂.၇ % မှ ၂၀၁၂ ခုနှစ်တွင် ၇၃.၁ % သို့ တိုးမြင့်ခဲ့ ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားလေကြောင်းလိုင်း (၈) ခုသည် ဈေးကွက်သို့ ဝင်ရောက်လာခဲ့သည်။ လေယာဉ်များ ဝင်ထွက်သွားလာမှုကို နေပြည်တော်နှင့် မန္တလေးလေဆိပ်များသို့ ဖြန့်ထုတ်ခြင်းဖြင့် ရန်ကုန်တွင်လေကြောင်းလိုင်းများကျပ်ခြင်းကို လျှော့ချနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ပုံ (၁) ၂၀၁၀-၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာလေယာဉ်ခရီးစဉ်များ တိုးတက်ဆိုက်ရောက်မှု




**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၃)
မြန်မာ- ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀၊ အပြီးသတ်အစီရင်ခံစာမူကြမ်း

လေဆိပ်တိုးချဲ့မှုလုပ်ငန်းများစွာကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၎င်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ခရီးသည်ဝင်ရောက်နိုင်မှု ၃ သန်းမှ ၅.၄ သန်းသို့ မြှင့်တင်ရန်နှင့် ဟံသာဝတီတွင် စတုတ္ထမြောက် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဆောက်လုပ်၍ ၂၀၁၆ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန်စီစဉ်ထားပြီး အကြမ်းဖျဉ်းအားဖြင့် တစ်နှစ်လျှင် ခရီးသည် ၁၀ သန်း ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာလေဆိပ်များသည် ၂၀၁၇ ခုနှစ်တွင် ခန့်မှန်းထားသည့် လိုအပ်ချက်ထက်ပို၍ (၁) နှစ်လျှင် ခရီးသည် သန်း ၂၀ ကျော် လက်ခံနိုင်မည်ဟုမျှော်မှန်းထားသည်။

၂၀၁၂ ခုနှစ်တွင် အကြမ်းဖျဉ်းအားဖြင့် ခရီးသည်တင်သင်္ဘောလိုင်း ၉ လိုင်းမှ ခရီးသည် ၃,၀၀၀ ခန့် မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ သို့ရာတွင် သင့်တော်သော ပင်လယ်ဆိပ်ကမ်းမရှိခြင်း၊ အခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်းနှင့် ဥပဒေကန့်သတ်မှုများနှင့် အခွန်အခများကြောင့် ဤသယ်ယူပို့ဆောင်မှုခရီးစဉ်ကို တိုးချဲ့ဆောင်ရွက်ရန် ကန့်သတ်ချက်များရှိနေသည်။

ခရီးသွားများ သွားရောက်သည့် နေရာများသို့ အသွားအပြန်သယ်ယူပို့ဆောင်ရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုမရှိသည့်အတွက် အဟန့်အတားဖြစ်စေသည်။ လက်ရှိတွင် မြန်မာနိုင်ငံတွင် ကားလမ်းကီလိုမီတာ ၁၃၀,၀၀၀ ရှိပြီး လမ်းသိပ်သည်းမှုမှာ အခြားသော အာဆီယံနိုင်ငံများထက် အကြမ်းဖျဉ်းအားဖြင့် (၅)ဆခန့်လျော့နည်းသည်။ ကားလမ်းများသည် နိုင်ငံအတွင်း ခရီးသွားများအား အဓိကသယ်ယူ ပို့ဆောင်ပေးနေသည့် နည်းလမ်းဖြစ်သော်လည်း လမ်းအရည်အသွေးနှင့် လမ်းသိပ်သည်းမှုမရှိခြင်းကြောင့် ခရီးသည်များသွားလာမှုကို ကန့်သတ်ချက်များဖြစ်စေပြီး အချို့သောနေရာများမှ ခရီးသွားလုပ်ငန်းဆောင်ရွက်မှုများကို ရပ်တန့်သွားစေခဲ့သည်။

ခရီးသွားများသည် အမျိုးသား မီးရထားလမ်းကွန်ရက်ကို အသုံးပြု၍လည်း ခရီးသွားလာနိုင်ကြပြီး ၎င်းကွန်ရက်သည် အခြေခံအဆင့်၊ ဒုတိယအဆင့်နှင့် စတင်ဖြစ်ထွန်းဆဲ ခရီးသွားနေရာများအား ကီလိုမီတာ ၃,၅၀၀ ဖြတ်သန်း၍ ဆက်သွယ်ထားသည်။ ကုန်ကျစရိတ်သက်သာသော်လည်း မကြာခဏ နှောင့်နှေးခြင်းနှင့် ခရီးသွားချိန်ကြာမြင့်ခြင်းများကြောင့် မြန်မာနိုင်ငံအတွင်း မီးရထားဖြင့်ခရီးသွားလာရန် ခရီးသည်အများစုက စိတ်ဝင်စားခြင်းမရှိ ဖြစ်ကြသည်။ အခြားသော သယ်ယူပို့ဆောင်ရေးနည်းလမ်းမှာ ကီလိုမီတာ ၅,၀၀၀ ရှိသည့် ပြည်တွင်းရေကြောင်းလမ်းများပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးက သင်္ဘော (၂၂၅) စင်း ဖြင့် (၁) နှစ်လျှင် ခရီးသည် (၂၈) သန်းကို သယ်ယူပို့ဆောင်ပေးနိုင်သည်။ သို့ရာတွင် သင်္ဘောအများစုမှာ ခေတ်နောက်ကျပြီး ဆိပ်ကမ်းများမှာ ကုန်းဘောင်ပါသည့် ကမ်းခြေသာသာမျှသာရှိသဖြင့် အဆိုပါကွန်ရက်ကို အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိသည်။

## ထုတ်လုပ်မှု

၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပျမ်းမျှခြင်းအားဖြင့် နှစ်စဉ် ခရီးသွားဦးရေ ၉၆ % တိုးတက်လာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စံချိန်တင် နိုင်ငံတကာခရီးသွား ၁,၀၅၈,၉၉၅ ဦး လာရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဤ ၂၉.၇ % တိုးတက်လာခြင်းသည် အာဆီယံဒေသအတွင်း အမြင့်ဆုံးသော တိုးတက်မှုနှုန်းဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ခရီးသွားများက လာရောက်လိုမှု မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ အစိုးရကခန့်မှန်းသည်မှာ ကဏ္ဍ၏ ဝင်ငွေသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၄ သန်း သို့မဟုတ် GDP ၏ ၁.၀၂ % ဖြစ်သည်။ ၂၀၀၈ ခုနှစ်မှစ၍ ၂၂၃ % တိုးတက်လာသည်သာမက ကဏ္ဍ၏ဝင်ငွေသည် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၇၁၄ သန်းထက် ပို၍များနိုင်သည်ဟု ကမ္ဘာ့ခရီးသွားနှင့် ခရီးသွားလုပ်ငန်းကော်မတီ (World Travel and Tourism Committee) က ခန့်မှန်းထားသည်။

### ပုံစံ (၂)- ၂၀၁၃ ခုနှစ်အတွက် ပဏာမအချက်အလက်

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မကြာမီကထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ ၂၀၁၃ ခုနှစ်တွင် ခရီးသွားများလာရောက်မှုသည် ၁၀၀ % နီးပါးတိုးတက်လာခဲ့ပြီး ခရီးသည် ၂ သန်းခန့် လာရောက်ခဲ့သည်။ ၎င်းတို့အနက် လေကြောင်းမှ ၈၈၅,၄၇၆ ဦး၊ ရေကြောင်းမှ ၆,၀၈၆ ဦးနှင့် ကုန်းလမ်းမှ ၁.၂ သန်း လာရောက်ခဲ့ပါသည်။ ထိုင်းနိုင်ငံသည် နိုင်ငံတကာမှ ခရီးသွားများ လေကြောင်းဖြင့် လာရောက်သည့် အကြီးဆုံးရင်းမြစ်ဈေးကွက်ဖြစ်ပြီး ခရီးသည် ၁၁၆,၁၂၆ ဦးလာရောက်ပြီး ၎င်းနောက်မှ ဂျပန်နိုင်ငံက ၆၆,၇၇၂ ဦး၊ ကိုရီးယားသမ္မတနိုင်ငံက ၅၄,၅၉၉ ဦးနှင့် တရုတ်နိုင်ငံက ၅၄,၃၂၅ ဦး အသီးသီးဖြစ်ကြသည်။ ထိပ်တန်းဥရောပဈေးကွက်များမှာ ပြင်သစ် ၃၃,၂၅၀၊ ဗြိတိန် ၂၁,၁၇၂ နှင့် ဂျာမဏီ ၂၅,၅၆၅ တို့ ဖြစ်ကြသည်။ ရန်ကုန်မြို့သည် လေကြောင်းမှ ခရီးသည်များ လာရောက်မှုကို ဆက်လက် ကြိုဆိုလက်ခံခဲ့သည် (၈၀၃,၀၁၄ ဦးသည် ၂၀၁၂ ခုနှစ်မှ ၄၄ % တိုးတက်လာခြင်းဖြစ်သည်) ။ ၎င်းအနက် တစ်ဝက်ကျော်သည် အာရှတိုက်မှ လာရောက်ခြင်းဖြစ်ပြီး ဥရောပမှ ၁၅၇,၈၄၀ ဦး ရောက်ရှိခဲ့သည်။ အုပ်စုလိုက်ခရီးသည်များရောက်ရှိမှုသည် ၈.၃ % တိုးတက်လာခဲ့ပြီး ခရီးသည် ၁၁၄,၄၅၆ ဦး ရောက်ရှိခဲ့သည်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် လာရောက်ခြင်းမှာလည်း အလားတူတိုးတက်လာခဲ့ပြီး ၃၂.၃% တိုးတက်၍ ခရီးသည်ပေါင်း ၁၅၁,၃၂၀ ဦးရောက်ရှိခဲ့ပါသည်။ ကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များက ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ် အတွင်း ခရီးသွားများရောက်ရှိမှု ၄၀ % တိုးတက်ရန်မျှော်မှန်းထားပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် တွင် ခရီးသည် ၃ သန်း ရောက်ရှိရန် ရည်ရွယ်ထားသည်။

ဤအရေးကြီးသော အချက်များအပြင် မြန်မာ့ခရီးသွားလုပ်ငန်း အလားအလာမှာ ဆောင်ရွက်ရန်အများအပြားကျန်ရှိနေသေးသည်။ ဤအချက်ကို ရှင်းလင်းဖော်ပြရမည်ဆိုက လာအိုနိုင်ငံသည် ပို၍သေးငယ်သော နိုင်ငံဖြစ်သော်လည်း ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံကဲ့သို့ပင် အကြမ်းဖျင်းအားဖြင့် ခရီးသွား (၃) ဆခန့်ရရှိခဲ့သည်။ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် သဘာဝအားဖြင့် ရာသီအလိုက် လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ပြီး ခရီးသွားအများဆုံးလာရောက်သည့်လများမှာ အေးမြခြောက်သွေ့သောကာလဖြစ်သည့် နိုဝင်ဘာလမှ ဇန်နဝါရီလ အထိပါဝင်သည်။ ဧပြီလမှ စက်တင်ဘာလသည် ခရီးသွားများ လာရောက်မှုနည်းသောရာသီဖြစ်ပြီး အောက်တိုဘာလမှ မတ်လအထိသည် ခရီးသွားများ လာရောက်မှု အမြင့်ဆုံးရာသီဖြစ်ပါသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အခြားသော အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပါဝင်ဆောင်ရွက်နေသူများက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ခရီးသွားလုပ်ငန်းထုတ်ကုန် အမျိုးအစား (၇)မျိုးကို

ဖော်ပြထားသည်။ ဤထုတ်ကုန်များအနက်မှ အချို့ကို လက်ရှိတွင် ဆောင်ရွက်ပေးနေပြီဖြစ်သော်လည်း အချို့မှာ စတင်ဆောင်ရွက်ရန် သို့မဟုတ် အပြည့်အဝအသုံးပြုနိုင်ခြင်းမရှိသေးသည်ကို တွေ့ရသည်။

### ဇယား-၄ ခရီးသွားလုပ်ငန်းထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများ

| ဆွဲဆောင်မှုနှင့် ဝန်ဆောင်မှုများ | ခရီးသွားပုံသဏ္ဍာန်များ | ခရီးစဉ်ဒေသများ |
|---|---|---|
| အားလပ်ရက်အပန်းဖြေခြင်းနှင့် အနားယူအပန်းဖြေခြင်း | ရှုခင်း၊ မြင်ကွင်းများ၊ ယဉ်ကျေးမှုများ၊ ပွဲတော်များ၊ အမွေအနှစ်များ၊အစားအစာများ၊ လက်မှုအနုပညာများ လှည့်လည်ကြည့်ရှုခြင်း၊ ဘုရားဖူးခရီးစဉ်နှင့် တရားရိပ်သာစခန်းဝင်ခရီးစဉ်များ၊ | ကျိုင်းတုံ၊ ပြင်ဦးလွင်၊ သီပေါ၊ မြောက်ဦး ဘားအံ၊ ဟားခါး၊ နတ်မတောင်၊ လွိုင်ကော် |
| သဘာဝအခြေခံခရီးသွားလုပ်ငန်းများ | သဘာဝရှုခင်းနေရာများ၊ ကာကွယ်တောများသို့ သွားရောက်လည်ပတ်ခြင်းနှင့် ကမ်းခြေဒေသ ခရီးသွားလုပ်ငန်း၊ | အင်းလေး၊ ပုဂံ၊ ငပလီ၊ ငွေဆောင်၊ ချောင်းသာ၊ ကျိုင်းတုံ၊ ကော့သောင်း မြိတ်ကျွန်းစု |
| စွန့်စားလိုမှု၊ အတွေ့အကြုံရလိုမှုနှင့် လုပ်အားပေး ခရီးသွားခြင်းလုပ်ငန်းများ | မီးပုံးပျံဖောင်းစီးခြင်း၊ စက်ဘီးစီးခြင်း၊ တောင်ပေါ်စက်ဘီးစီးခြင်း၊ လှေစီးခြင်း၊ တောတွင်းတောင်ပေါ်ခရီးရှည်လမ်းလျှောက်ခြင်း၊ ဆိုင်ကယ်ခရီးစဉ်၊ လေးဘီးယက်ကားများဖြင့် တောင်တက်ခရီးစဉ်၊ လူမှုအဖွဲ့အစည်းနှင့် ကျွမ်းကျင်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦး ဆောင်ရွက်မှုများ | အင်းလေး၊ ပုဂံ၊ ကျိုင်းတုံ၊ ပြင်ဦးလွင်၊ ဟားခါး၊ နတ်မတောင်၊ ပူတာအို၊ လွိုင်ကော်၊ မြိတ်ကျွန်းစု |
| အပျော်စီးခရီးသွား သင်္ဘောကြီးများ ခရီးစဉ်နှင့် ရွက်လှေခရီးစဉ် | မြစ်ကြောင်းနှင့် သမုဒ္ဒရာသွား အပျော်စီး သင်္ဘောကြီးများ | ရန်ကုန်၊ ပုဂံ- မန္တလေး ၊ ဧရာဝတီ၊ ကော့သောင်း |
| MICE ခရီးသွားလုပ်ငန်း | အစည်းအဝေးများ၊ မက်လုံးပေးဆွဲဆောင်သည့် ခရီးသွားအုပ်စု၊ ညီလာခံများနှင့် ပြပွဲများ ခင်းကျင်းပြသဆောင်ရွက်ခြင်း၊ | နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ငပလီ |

**ရင်းမြစ်** ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀၊ အပြီးသတ်အစီရင်ခံစာမူကြမ်း၊ ပုံ၁၀ စာ(၂၄)

ပုံ (၂) -လေကြောင်းနှင့် လာရောက်ခြင်းအတွက် ဈေးကွက်ရင်းမြစ်များ




**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၃)
မြန်မာ- ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀၊ အပြီးသတ်အစီရင်ခံစာမူကြမ်း

အစိုးရ၏ လေ့လာစစ်တမ်းကောက်ယူချက်များအရ ပုံမှန်လာရောက်သော ဧည့်သည်များတွင် (၇၀%) သည် အသက် ၃၅ နှစ်နှင့် အထက်ဖြစ်ပြီး၊ တက္ကသိုလ်ပညာတတ် (၇၈%)၊ လွတ်လပ်စွာခရီးသွားသူများ (၆၇%) နှင့် တစ်ဦးတည်း သို့မဟုတ် အုပ်စုဖွဲ့၍ သွားလာသူများ ဖြစ်ကြသည်။ ဧည့်သည်များအနက် (၉၈%) က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်ကို လေ့လာလိုကြသူများဖြစ်ပြီး (၉၀%) က ဒေသထွက်အစားအစာများကို စားသောက်လိုသူများဖြစ်၍ (၈၃%) က ထိန်းသိမ်းစောင့်ရှောက်ထားသည့်နေရာများသို့ သွားရောက်လိုကြသူများဖြစ်သည်။ ခရီးသွားများသည် ၎င်းတို့ အလည်အပတ်သွားရောက်ရန်အတွက် ဦးစားပေးရွေးချယ်နိုင်ရန် အချက်အလက်များကို အင်တာနက်မှ (၂၇%)၊ လမ်းညွှန်စာအုပ်အသုံးပြုခြင်းမှ (၂၀%) နှင့် ပြောစကားကို ယုံကြည်လက်ခံခြင်းမှ (၁၃%) အများဆုံးရယူကြသည်။

အများဆုံးလာရောက်သည့် ဧည့်သည်များသည် ထိုင်းနိုင်ငံမှတဆင့် လာရောက်ကြပြီး တစ်ရက်ခန့်မျှသာနေထိုင်ကြ၍ ၂၀၁၂ ခုနှစ်တွင် ခရီးသည် တစ်သန်းကျော်အနက်မှ ၅၉၃,၃၈၁ သည် လေကြောင်းခရီးဖြင့် လာရောက်ခြင်းဖြစ်သည်။ ၎င်းတို့အနက် အများဆုံးလာရောက်သည့် ထိပ်တန်းဈေးကွက်နိုင်ငံများမှာ ထိုင်းနိုင်ငံ (၁၆%)၊ တရုတ်(၁၂%)၊ ဂျပန် (၈%)၊ အမေရိကန် (၆.၃%) နှင့်ကိုရီးယားသမ္မတနိုင်ငံ (၆%) တို့ ဖြစ်ကြသည်။ ပြင်သစ်၊ မလေးရှား၊ စင်္ကာပူ၊ ဗြိတိန်နှင့် ဂျာမဏီနိုင်ငံတို့မှ လေကြောင်းခရီးဖြင့် လာရောက်မှုသည် ၄% မှ ၅% အသီးသီးရှိကြသည်။ ပုံ (၂) တွင် ဖော်ပြထားချက်အရ အာရှနိုင်ငံများသည် နိုင်ငံတကာရောက်မှ လေကြောင်းဖြင့်လာရောက်မှု၏ (၆၄%) ကျော်ရှိသည်။

နေထိုင်စရိတ်မပါဘဲ ခရီးသည်တစ်ဦးချင်းစီ၏ နေ့စဉ်ပျမ်းမျှအသုံးစရိတ်သည် အကြမ်းဖျင်း အမေရိကန်ဒေါ်လာ ၁၀၀ ခန့်ရှိသည်။ ၎င်းတို့ထဲမှ ခရီးသွားခြင်းအတွက် ၄၃ %၊ ဈေးဝယ်ခြင်းအတွက် ၂၃% နှင့် စားသောက်ခြင်းအတွက် ၇% ဖြစ်သည်။ နေထိုင်မှုအတွက် ပျမ်းမျှအသုံးစရိတ်သည် တစ်ညလျှင် အမေရိကန်ဒေါ်လာ ၁၂၉ ဒေါ်လာသုံးစွဲပြီး ခရီးသွားအများစုသည် ရန်ကုန်မြို့တွင်တစ်ညတာအတွက် ကုန်ကျစရိတ်ပိုမိုသုံးစွဲသည်ကို တွေ့ရသည်။

၂၀၁၂ ခုနှစ်တွင် ပျမ်းမျှနေထိုင်သည့်ကာလမှာ (၇) ရက်ခန့်ရှိသည်။ လေ့လာစစ်တမ်းကောက်ယူချက်များအရ ဥရောပခရီးသွားများသည် အာရှခရီးသွားများထက် ပို၍ကြာရှည်စွာ နေထိုင်သည်ကိုတွေ့ရသည်။ (စစ်တမ်းကောက်ယူထားသည့် အချက်အလက်များအရ ၁၅.၁ ညနှင့် ၆.၃ ည အသီးသီးနေထိုင်ကြသည်။

ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းနိုင်ငံများအနီးတွင် မဟာဗျူဟာမြောက်တည်ရှိနေမှုကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနှင့် တိုးတက်မှုအမြန်ဆုံးဒေသအချို့သို့ ဝင်ထွက်သွားနိုင်မည်ဖြစ်သည်။ ခန့်မှန်းထားချက်အရ ကမ္ဘာပေါ်ရှိ ခရီးသွားလာသည့်လူများ၏ တစ်ဝက်သည် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ (၅) နာရီအတွင်း လေကြောင်းခရီးဖြင့် လာရောက်နိုင်သည့် နေရာတွင်နေထိုင်မည်ဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် အာရှနိုင်ငံများရှိ ခရီးသွားများက ဒေသအတွင်း ခရီးသွားလာမှုပေါင်း ၅၂၅ သန်း ပြုလုပ်နိုင်မည်ဖြစ်ပြီး အနာဂတ်တိုးတက်မှုအတွက် မခန့်မှန်းနိုင်လောက်အောင် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

**လူမှုရေးအကျိုးသက်ရောက်မှု**

ခရီးသွားလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်ရရှိမှု၊ အထူးသဖြင့် ကျွမ်းကျင်မှုနည်းပါးသည့် လုပ်သားများနှင့် ကျွမ်းကျင်မှုလုံးဝမရှိသည့် လုပ်သားများ အလုပ်အကိုင်ရရှိရေးအတွက် အရေးပါသည့် မောင်းနှင်အားအဖြစ် ကာလကြာရှည်စွာ ရပ်တည်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းက စုစုပေါင်း အလုပ်အကိုင်၏ ၁.၁% ဖြစ်သည့် လူပေါင်း ၂၉၃,၇၀၀ ကို တိုက်ရိုက်အလုပ်ခန့်ထားနိုင်ခဲ့သည်။ အလုပ်အကိုင်ပေါင်း ၇၃၅,၀၀၀ (သို့) စုစုပေါင်းအလုပ်အကိုင်၏ ၂.၈% ကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ခန့်ထားနိုင်ခဲ့သည်။ ထို့အပြင် အကြမ်းဖျင်းအားဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် အလုပ်အကိုင်တစ်ဝက်ခန့်မှာ အမျိုးသမီးများကို အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ထားသဖြင့် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် လိင်ခွဲခြားမှုပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း ညွှန်ပြနေသည်။

ပြောင်းလဲမှုမရှိသော ခန့်မှန်းချက်များအရ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်များတွင် အလုပ်ခန့်ထားမှုသည် ၄၂၄,၄၅၀ နှင့် ၅၃၆,၀၅၆ သို့ အသီးသီးရောက်ရှိနိုင်ပြီး ၂၀၂၀ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁.၄၉ သန်း ခန့်ထားပေးနိုင်မည်ဟု အပြုသဘော ခန့်မှန်းချက်များက ဖော်ပြနေသည်။

ပုံ - ၃ တွင်ဖော်ပြထားချက်အရ အလုပ်အကိုင်ခန့်ထားမှုအများစုမှာ အစားအသောက်နှင့် အဖျော်ယမကာကဏ္ဍအတွက် (၅၀%)၊ ၎င်းနောက်မှ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် (၂၀%)၊ တည်းခိုနေထိုင်မှုအတွက် (၁၅%)၊ အနားယူအပန်းဖြေမှုနှင့် ဖျော်ဖြေရေးအတွက် (၁၀%) နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအတွက် (၅%) ဖြစ်ပါသည်။

ကဏ္ဍကို တိုးချဲ့ဆောင်ရွက်ခြင်းမှ လူဦးရေအတော်များများကို အကျိုးရှိစေနိုင်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် သင်တန်း (TVET) များသို့ တက်ရာက်နိုင်ရန် အခက်အခဲများရှိနေသည်။ ကုန်ကျစရိတ်မြင့်မားခြင်း၊ လိုအပ်ချက်များကိုပံ့ပိုးပေးနိုင်မှုမရှိခြင်းနှင့် အခြေခံပညာရေးစနစ်မပြည့်စုံခြင်းတို့ကြောင့်ဖြစ်သည်။ ဘာသာစကားနှင့် ယဉ်ကျေးမှု အကြောင်းတရားများသည်လည်း လူမှုအဖွဲ့အစည်းကို ပို၍နိမ့်ကျစေသော နောက်ထပ်အချက်တစ်ခုဖြစ်သည်။

သို့ရာတွင် ခရီးသွားလုပ်ငန်းမူဝါဒအတွက် တာဝန်ရှိသော မြန်မာနိုင်ငံ (The Myanmar Responsible Tourism Policy) က ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊ စီမံကိန်းချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်ခြင်းမှတဆင့် ဒေသတွင်း လူမှုအဖွဲ့အစည်းများအားပါဝင်လာစေခြင်း၏ အရေးကြီးပုံကို သိရှိပါသည်။ ဟိုတယ်/ခရီးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနက ခရီးသွားလုပ်ငန်းအတွက် (၄)နှစ်ကြာ ဘွဲ့သင်တန်းအစီအစဉ်သစ်တစ်ခုကိုစတင်ခဲ့ပြီး ကဏ္ဍအတွင်း အလုပ်အကိုင်ရှာဖွေသူများအတွက်လည်း အခြားသော ပညာရေးဆိုင်ရာ အခွင့်အလမ်းများကိုရရှိရန် ကူညီပေးခဲ့သည်။ ပို၍ကြီးမားသော လူမှုအဖွဲ့အစည်းအတွက်နောက်ထပ်တခါးဖွင့်ပေးရန် ကြိုးပမ်းသည့်အနေဖြင့် ဟိုတယ်/ခရီးဝန်ကြီးဌာနက သင်တန်းဗဟိုဌာနတစ်ခုတည်ထောင်ခဲ့ပြီး ခရီးသွားလမ်း ညွှန်များအတွက် (၃)လသင်တန်း၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ (၂)လသင်တန်း (အခြေခံဗဟုသုတ) နှင့် ဘာသာစကားသင်တန်း (သီးသန့်) သင်တန်းများဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် အစိုးရ၏ အနှစ် (၃၀) ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၂၀၀၁-၂၀၃၀) က လူမှုရေးလိုအပ်ချက်များနှင့် စီးပွားရေးဆိုင်ရာ ဦးစားပေးအစီအစဉ်များနှင့် ကိုက်ညီသည့်ပညာရေးစနစ်၏ အရည်အသွေးကို မြှင့်တင်ရန်နှင့် ရရှိနိုင်ရန်အတွက် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်ချက်များကို ချမှတ်ထားပါသည်။

ပုံ (၃) -ကဏ္ဍခွဲများက အလုပ်တိုက်ရိုက်ခန့်ထားမှု




**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၃)
မြန်မာ- ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀၊ အပြီးသတ်အစီရင်ခံစာမူကြမ်း

### ပုံစံ (၃)- မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပေးနေသည့် ဧည့်ဝတ်ကျေပွန်မှုဆိုင်ရာသင်တန်း

Star Resource Tourism and Hospitality Management Academy သည် ဟိုတယ်/ခရီး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဧည့်ဝတ်ကျေပွန်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း (၃) ခုအနက်မှ (၁) ခုဖြစ်ပါသည်။ ၂၀၀၅ခုနှစ် တွင်တည်ထောင်ခဲ့ပြီး အချိန်ပိုင်းနှင့် အချိန်ပြည့်သင်တန်းဆရာ (၂၀) ဦးက (၁) နှစ်လျှင် အကြမ်းဖျင်း သင်တန်းသား (၈၀၀) ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ (၉) လ ဒီပလိုမာသင်တန်းအတွက် သင်တန်းကြေးမှာ အမေရိကန်ဒေါ်လာ ၅၀၀ ဖြစ်ပြီး (၃) လသင်တန်းကိုလည်း ပို့ချပေးလျက်ရှိသည်။ သင်ရိုးညွှန်းတမ်းကို အမေရိကန်နိုင်ငံ၏ စံချိန်စံညွှန်းပေါ်တွင် အခြေခံထားပြီး သင်ကြားမှုကို ဗြိတိသျှသင်ကြားရေးစနစ်ဖြင့် သင်ကြားပေးပါသည်။ ထို့ပြင်သင်တန်းကျောင်းသည် London School of Hospitality သင်တန်းကျောင်းနှင့် သင်တန်းသားဖလှယ်သည့် အစီအစဉ်နှင့် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ သင်တန်းအစီအစဉ်၏ တစိတတပိုင်းအဖြစ် ခရီးသွားလုပ်ငန်းလုပ်ဆောင်ရွက်ချက်များအတွက် လုပ်ငန်းဆိုင်ရာ အကြံဉာဏ်ကောင်းများ ရရှိစေရန် အလို့ငှာ နိုင်ငံအတွင်း ဝေးလံခေါင်းပါးသည့်နေရာများသို့ ကျောင်းသားများအား အလည်အပတ်ခရီးသွားရောက်စေသည်။ သင်တန်းကျောင်း၏ အဆိုအရ ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကလက္ခဏာများတွင် ဝေးလံသောဒေသများမှ ယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးကို ပိုမိုသိရှိနားလည်လာစေရန်နှင့် အခြေခံအဆောက်အအုံများ ဖန်တီးပေးခြင်းများပါဝင်ရမည်ဖြစ် သည်။

အခြားသော အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းမှာ Kandawgyi Palace Hotel and Training Center ဖြစ်ပြီး ၎င်းကို UNDP နှင့် ILO တို့က ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံနှင့် UNDP တို့၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ဖွင့်လှစ်ခဲ့ပြီး အခြေခံဧည့်ဝတ်ကျေပွန်မှုသင်တန်းများဖြစ်သည့် ဟိုတယ် ရှေ့ပိုင်းရုံးခန်းစီမံခန့်ခွဲခြင်း (Front Office Management)၊ အိပ်ခန်းထိန်းသိမ်းခြင်း၊ အစားအသောက်နှင့် အဖျော်ယမကာ၊ ဝန်ဆောင်မှုလုပ်ငန်းသင်တန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း သင်တန်းများကို ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းသင်တန်းကျောင်းသည် ပုဂ္ဂလိကသင်တန်းကျောင်း ဖြစ်သော်လည်း အမြတ်အစွန်းယူသော သင်တန်းကျောင်းမဟုတ်ပါ။ သင်တန်းကျောင်းသည် ၎င်း၏ သင်ရိုးညွှန်းတမ်းကို ခရီးသွားလုပ်ငန်းအတွက် အာဆီယံအပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Mutual Recognition Arrangement) နှင့်အညီ သင်ရိုးညွှန်းတမ်းကိုပြောင်းလဲ သင်ကြားလျက်ရှိသည်။ ခရီးသွားလမ်းညွှန်သင်တန်းကို အစိုးရက ယခုအထိ အစိုးရက ဖွင့်လှစ်ပေးလျက်ရှိပြီး (၈) ပတ်ကြာ သင်တန်းအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၅၀ ကျသင့်မည်ဖြစ်သည်။ ဆရာများသည် အများအားဖြင့် ယခင်ကဟိုတယ်/ခရီးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြစ်ပြီး သင်ကြားပြသနိုင်သည့် အရည်အချင်းမှာ ပြည့်စုံခြင်းမရှိပါ။ ထို့ပြင် သင်တန်းကျောင်းတွင် အခြားသောနိုင်ငံများနှင့် သင်တန်းသားဖလှယ်သည့် အစီအစဉ်များမရှိဘဲ သင်တန်းအဆောက်အဦနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများမှာလည်း ဟောင်းနွမ်း၍ အဆင့်မြှင့် တင်ရန်လိုအပ်နေသည်။

နောက်ဆုံးအနေဖြင့် အမေရိကန်ဒေါ်လာ (၄) သန်းတန် စီမံချက်အသစ်ကို Swisscontact မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျှက်ရှိပါသည်။ အဆိုပါစီမံချက်က ဖွံ့ဖြိုးဆဲ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်ပေးသွားမည်ဖြစ်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် နေပြည်တော်တို့တွင် ဧည့်ဝတ်ကျေပွန်ရေးဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးလျှက်ရှိသည်။ ထို့ပြင် Swisscontact က ဒေသတွင်း လက်မှုပညာရှင်များအား ခရီးသွားလုပ်ငန်း တန်ဖိုးကွင်းဆက်အတွင်းသို့ ပူးပေါင်းပါဝင်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအား ကျွမ်းကျင်မှုတိုးတက်လာစေရန် မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါစီမံကိန်းက အသက်မွေးဝမ်းကျောင်းသင်တန်းဗဟိုဌာန၊ Kandawgyi Palace Hotel and Training Center နှင့် Star Academy များက အာဆီယံ ဧည့်ဝတ်ကျေပွန်မှုဆိုင်ရာသင်တန်း စံချိန်စံညွှန်းများနှင့်အညီ သင်ကြားနိုင်ရေးဆောင်ရွက်မှုတွင် အကူအညီများပေးသွားမည်ဖြစ်သည်။ စီမံကိန်းမိတ်ဖက်များတွင် Luzern ဟိုတယ်သင်တန်းကျောင်းနှင့် ဂျာမန်အေဂျင်စီတစ်ခုဖြစ်သည့် INBAS တို့ပါဝင်သည်။

## တန်ဖိုးကွင်းဆက်ဆိုင်ရာ ဆောင်ရွက်မှုများ

ခရီးသွား လူတန်းစားမျိုးစုံအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်တွင်းနှင့် နိုင်ငံခြား လုပ်ငန်းများသည် ခရီးသွားလုပ်ငန်း တန်ဖိုးကွင်းဆက်အတွင်း ပါဝင်လာကြသည်။ ဤပါဝင်ပတ်သက်လုပ်ကိုင်သူများအား အစိုးရ-ပုဂ္ဂလိကကဏ္ဍ အထောက်အကူပြု အဖွဲ့အစည်းများက အကူအညီပေးသွားမည်ဖြစ်သည်။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်သို့ ထုတ်လုပ်တင်ပို့ရာတွင် ပါဝင်သူတစ်ဦးချင်းစီ၏ ကဏ္ဍများကို ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပြီး နောက်ထပ် အသေးစိတ်ရှင်းလင်းချက်များကို ဤစာတမ်း၏ ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများ အားစိစစ်ခြင်းနှင့် Four Gears အပိုင်းတွင် ဖော်ပြထားသည်။

### ရည်မှန်းထားသည့် ဈေးကွက်များနှင့် ဖြန့်ဖြူးခြင်း

တန်ဖိုးကွင်းဆက်သည် မိမိတို့ ဆန္ဒရှိသည့်ခရီးစဉ်နှင့် ပင်ရင်းနေရာအလိုက် ခရီးသွားရန် ဖွဲ့စည်းဆောင်ရွက်ပြီး ကြိုတင်စာရင်းသွင်းထားသည့် ခရီးသွားများနှင့် စတင်သည်။ နိုင်ငံတကာမှ လေကြောင်းဖြင့်လာရောက်သည့် ခရီးသည်များ၏ ၁၅.၉% ရှိသည့် ထိုင်းနိုင်ငံမှ ခရီးသွားများသည် MICE ခရီးစဉ်၊ ယဉ်ကျေးမှုနှင့် စွန့်စားခရီးသွားခြင်းများတွင် စိတ်ဝင်စားကြသည်။ MICE ခရီးသွားများသည် ၎င်းတို့၏ခရီးသွားလာမှု၊ လှုပ်ရှားဆောင်ရွက်မှုနှင့် နေထိုင်မှုများကို ထိုင်းခရီးသွားအေဂျင်စီများ သို့မဟုတ် မြန်မာခရီးသွားအေဂျင်စီများမှတဆင့် သို့မဟုတ် မြန်မာဖက်မှ ခရီးစဉ်စီစဉ်သူများ၊ စီးပွားရေး မိတ်ဖက်များနှင့် ကုန်သွယ်ရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် ဆောင်ရွက်ပါသည်။ စွန့်စားသွားလာသည့် ခရီးသွားများသည် ထိုင်းခရီးသွားအေဂျင်စီများမှတဆင့် ကြိုတင်လျှောက်ထားပြီး၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားများသည် ခရီးသွားအေဂျင်စီများနှင့် အွန်လိုင်းမှတဆင့် ကြိုတင်လျှောက်ထားခြင်းနှစ်မျိုးလုံးကို ဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံတကာငွေကြေးဖြစ်သည့် ဒေါ်လာအရောင်းအဝယ်လုပ်ခြင်းကို ယခင်ကတည်းက တားမြစ်ထားသဖြင့် မြန်မာ့အွန်လိုင်းစနစ်တွင် တိုက်ရိုက်ကြိုတင်စာရင်းသွင်းခြင်းကို လုပ်ဆောင်ရန် တားမြစ်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ခရီးသွားရန်နှင့် ဟိုတယ်များတွင် တည်းခိုနေထိုင်ရန်အတွက် ကြိုတင်စာရင်းသွင်းခြင်းကို ထိုင်းနိုင်ငံက တဆင့်ကြားခံအဖြစ် ဆောင်ရွက်ပေးသည်။ စီးပွားရေး ပိတ်ဆို့မှုများကို ရုတ်သိမ်းခြင်းနှင့် ငွေကြေးလွှဲပြောင်းမှု ကန့်သတ်ချက်များကို လျှော့ပေါ့ပေးခြင်းဖြင့် တိုက်ရိုက်စာရင်းသွင်း နိုင်မှုများသည်လည်း အလျင်အမြန်တိုးတက်လာဖွယ်ရှိသည်။

အနောက်ဥရောပမှ ခရီးသွားဧည့်သည်များ (ခရီးသွားအားလုံး၏ ၂၁.၉%) သည် ယဉ်ကျေးမှုနှင့် သဘာဝခရီးသွားခြင်းကို စိတ်ဝင်စားကြသည်။ ဤခရီးသွားများက ဒေသခံခရီးသွားကိုယ်စားလှယ်များနှင့် အွန်လိုင်းမှတဆင့် ကြိုတင်စာရင်းပေးသွင်းကြသည်။ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားများ၏ ၈.၀% ရှိသည့် ဂျပန်ခရီးသွားများသည် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးခရီးသွားလုပ်ငန်းတွင် ပါဝင်ကြသည်။ ဤလှုပ်ရှားမှုများအတွက် ဂျပန်ခရီးသွားကိုယ်စားလှယ်များနှင့် အွန်လိုင်းမှတဆင့် ကြိုတင်စာရင်းပေးသွင်းကြသည်။ အခြားသော ဂျပန်ခရီးသွားများသည် MICE ခရီးသွားအစီအစဉ်တွင် ပါဝင်ကြပါသည်။ ဤခရီးသွားများသည် အဓိကအားဖြင့် ဒေသခံခရီးသွားကိုယ်စားလှယ်များမှတဆင့် ၎င်းတို့၏ လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်ကြသည်။

ဥရောပမှ လာရောက်သူများနည်းတူ အမေရိကန်နှင့် ကနေဒါနိုင်ငံများမှ လာရောက်သည့်ခရီးသွား ၇.၄% သည် ယဉ်ကျေးမှုနှင့် သဘာဝခရီးသွားလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ဒေသခံခရီးသွားကိုယ်စားလှယ်များနှင့် အွန်လိုင်းမှတဆင့် ကြိုတင်စာရင်းသွင်းကြသည်။ တရုတ်ပြည်မှလာရောက်သည့် ခရီးသွား ၁၁.၉% သည် MICE, VER နှင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းများတွင် ပါဝင်ကြသည်။ MICE ခရီးသွားများသည် တရုတ်ခရီးသွားကိုယ်စားလှယ်များ၊ အမျိုးသားခရီးသွားကိုယ်စားလှယ်များနှင့် အမျိုးသားခရီးစဉ်စီစဉ်သူများအပြင် စီးပွားရေးမိတ်ဖက်များနှင့် ကုန်သွယ်ရေးအသင်းအဖွဲ့များမှတဆင့် ကြိုတင်စာရင်းပေးသွင်းကြသည်။ VER ခရီးသွားများသည် ဒေသခံခရီးသွားကိုယ်စားလှယ်များမှတဆင့် ကြိုတင်စာရင်းသွင်း၍ ယဉ်ကျေးမှုခရီးသွားများက အွန်လိုင်းမှတဆင့် ကြိုတင်စာရင်းသွင်းခြင်းကို ကြိုက်နှစ်သက်ကြသည်။

### အစိုးရမှ ပူးပေါင်းပါဝင်မှု **(National Component)**

မြန်မာနိုင်ငံအတွင်းသို့ လာရောက်ရာတွင် ပုံမှန်အားဖြင့် ဆိုက်ရောက်သည့်နေရာ၌ လူဝင်မှုကြီးကြပ်ရေးကို ဖြတ်ကျော်ခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့က အသီးသီးကြီးကြပ်ကြသည်။ ဧည့်သည်များသည် ရောက်ရှိပါက ခရီးသွားသတင်းအချက်အလက်များကို ပံ့ပိုးပေးသည့် ဌာနများသို့လည်း သွားရောက်ရမည်ဖြစ်သည်။ အထူးသဖြင့် MIC ခရီးသွား

ခြင်းကိစ္စရပ်များတွင် ဒေသခံခရီးသွားကိုယ်စားလှယ်များ၊ အစီအစဉ်စီစဉ်သူများ၊ စီးပွားရေးမိတ်ဖက်များနှင့် ကုန်သွယ်ရေးအသင်းအဖွဲ့များသည်လည်း အာဏာပိုင်များနှင့် သတင်းအချက်အလက်ပံ့ပိုးသူများနှင့်အတူ ဤအစဦးဆောင်ရွက်မှုများကို လွယ်ကူစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကစွဲဆောင်နိုင်သည့် နေရာများမှာ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ တည်ရှိရာနေရာများဖြစ်သည်။ ရှေးဟောင်း သုတေသနနေရာများ၊ သဘာဝအလှအပနေရာများနှင့် ကဏ္ဍ၏ ကျောရိုးသဖွယ်ဖြစ်သော အတွေ့အကြုံဆိုင်ရာ လုပ်ဆောင်မှုများသည် တန်ဖိုးကွင်းဆက်အတွင်း ကျန်ရှိနေသော ဆောင်ရွက်ရမည့်ကိစ္စများဖြစ်သည်။ အဓိက အကူအညီပေးသည့်ကိစ္စရပ်များမှာ ခရီးသွားများအား နေရာထိုင်ခင်းပေးသည့် ဟိုတယ် (၇၈၇) လုံး၊ မိုတယ်များ၊ ဧည့်ဂေဟာများနှင့် အိပ်ယာနှင့် နံနက်စာများဖြစ်ပါသည်။ အစားအသောက်နှင့်အဖျော်ယမကာလုပ်ငန်းရှင်များက ဟိုတယ်များနှင့် စားသောက်ဆိုင်များသို့ အစားအသောက်နှင့် အဖျော်ယမကာများကိုပေးသွင်းကြပြီး၊ ယင်းလုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်များသည် ခရီးသွားများအားလိုအပ်သည့် စားစရာများအပြင် ဒေသတွင်း ယဉ်ကျေးမှုနှင့် အစားအသောက်များကို မြည်းစမ်းနိုင်မည့် အခွင့်အလမ်းတစ်ရပ်ကိုပါ ပံ့ပိုးပေးသည်။ အခြားသော အဓိကလုပ်ငန်းမှာ လက်မှုလုပ်ငန်းရှင်များက ဈေးကွက်တွင် ရောင်းချနိုင်မည့် ကုန်စည်များကို ဖြည့်သွင်းပေးပြီး တန်ဖိုးကွင်းဆက်အတွင်းသို့ ဝေးလံ၍ သွားလာရန်ခက်ခဲသောအရပ်မှ လူ့အဖွဲ့အစည်းအား ချိတ်ဆက်နိုင်ရန် ကူညီပေးသည်။ ထို့ပြင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများက ခရီးသည်များ သွားရောက်လိုသည့် နေရာများအကြား သယ်ယူပို့ဆောင်မှုလွယ်ကူစေရန်အတွက် ပြည်တွင်းလေကြောင်းခရီးစဉ်များ၊ ကားအငှားဌာနများ၊ အဝေးပြေးဘတ်စ်ကားများ၊ မီးရထားများ၊ အငှားလှေများနှင့် မြစ်တွင်းစီးလှေများ ဆောင်ရွက်ပေးဖြင့် တန်ဖိုးကွင်းဆက်ကို ထပ်မံတိုးချဲ့ခဲ့သည်။ ခရီးသွားလုပ်ငန်း အထောက်အကူပြု လုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များသည် အလားတူ ၎င်းတို့၏ ဒေသဆိုင်ရာဗဟုသုတများ၊ ခရီးစဉ်များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ လမ်းညွှန်အလည်အပတ်ခရီးများ စီစဉ်ပေးခြင်းနှင့် ခရီးသည်များအား ဘာသာစကားအခက်အခဲကျော်လွှားနိုင်ရန် ကူညီပေးခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အမျိုးသား တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး ပံ့ပိုးသူများသည် ခရီးသွားလုပ်ငန်းကဏ္ဍကို အထောက်အကူပြုသည့် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ အခြေခံအဆောက်အအုံများ ဖန်တီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ပေးသည်။ တန်ဖိုးကွင်းဆက်အတွင်း အခြားသော ပါဝင်သူများ အားလုံးက ၎င်းတို့ကဏ္ဍအတွက် ဖြည့်တင်းရန်လိုအပ်သည့် ကိရိယာများအားလုံးကို အသုံးအဆောင်ပစ္စည်း ပေးသွင်းသူများက ထောက်ပံ့ပေးသည်။

နောက်ဆုံးတွင် အစိုးရက လုပ်ငန်းတာဝန်အများအပြားကို ဆောင်ရွက်ပေးပြီး ၎င်း၏အကျိုးသက်ရောက်မှုကို တန်ဖိုးကွင်းဆက်အတွင်းရှိ ပါဝင်သူများအားလုံး ခံစားကြရသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ ရှေးဟောင်းအမွေအနှစ်နေရာများတွင် ခရီးသွားလုပ်ငန်း လုပ်ကိုင်မှုလွယ်ကူစေရန်၊ ရှေးဟောင်းအမွေအနှစ်နေရာရာများကို ထိန်းသိမ်းရန်၊ ကဏ္ဍအတွင်း နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုပါဝင်လာစေရန်၊ ကဏ္ဍ၏စွမ်းဆောင်နိုင်မှုကို မြှင့်တင်ရန်နှင့် ခရီးသွားများ ဘေးကင်းလုံခြုံစေရန်တို့ကို ဆောင်ရွက်ပေးသည်။ ထို့အပြင် စီးပွားရေး ပတ်ဝန်းကျင်အားလုံးကို ဆုံးဖြတ်ပေးနိုင်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပြဌာန်းပေးရန်အတွက် အစိုးရတွင် အလုံးစုံတာဝန်ရှိပါသည်။ အခြားသောကိစ္စရပ်များအနေဖြင့် ဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ အစားအစာဘေးကင်းလုံခြုံရေး၊ အဆောက်အအုံ ဆောက်လုပ်ခွင့်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သွင်းကုန်/ပို့ကုန်စည်းမျဉ်းများနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းကဲ့သို့သော လုပ်ငန်းများတွင် အစိုးရကဆောင်ရွက်ပေးရန်တာဝန်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ခရီးသွားများလာရောက်သည့် နေရာအဖြစ် ဈေးကွက်မြှင့်တင်ဆောင်ရွက်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ပုံ (၄) -လက်ရှိ ဆောင်ရွက်နေသော တန်ဖိုးကွင်းဆက် **(value Chain)**



## ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအမြင်

ကမ္ဘာ့စီးပွားရေး အခြေအနေသည် တိုးတက်မှုအနည်းငယ်မျှသာရှိသော်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းဈေးကွက်မှာ ဆက်လက်တိုးတက်လျက်ရှိသည်။ UNWTO ၏အချက်အလက်များအရ ၂၀၁၂ခုနှစ်တွင် နိုင်ငံတကာမှ ခရီးသွားများလာရောက်မှုသည် ၄% တိုးတက်လာခဲ့ပြီး စံချိန်တင်ခရီးသည် ၁. ၀၃၅ ဘီလီယံ ရောက်ရှိခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁. ၃ ထရီလီယံ ရရှိခဲ့ပါသည်။ နိုင်ငံတကာမှ ခရီးသွားများ အများဆုံးလာရောက်သည့်အပေါ်တွင် မူတည်သတ်မှတ်ထားသည့် ခရီးသွား အများဆုံးလာရောက်သည့် ဈေးကွက်နိုင်ငံများမှာ -

- ပြင်သစ် (ခရီးသွား ၈၃ သန်း)
- အမေရိကန် (၆၇ သန်း)
- တရုတ် (၅၇. ၇ သန်း)
- စပိန် (၅၇. ၇ သန်း)
- အီတလီ (၄၆. ၄ သန်း)
- တူရကီ (၃၅. ၇ သန်း)
- ဂျာမဏီ (၃၀. ၄ သန်း)
- ဗြိတိန် (၂၉. ၃ သန်း)
- ရုရှား (၂၅. ၇ သန်း)
- မလေးရှား (၂၅ သန်း)

အမေရိကန်ပြည်ထောင်စုက ခရီးသွားလုပ်ငန်းမှဝင်ငွေ အများဆုံးပမာဏဖြစ်သည့် (USD ၁၂၆. ၂ ဘီလီယံ) ရရှိခဲ့ပြီး ၎င်းနောက်မှ စပိန်နိုင်ငံ (USD ၅၅. ၉ ဘီလီယံ)၊ ပြင်သစ်နိုင်ငံ (USD ၅၃. ၇ ဘီလီယံ)၊ တရုတ်နိုင်ငံ (USD ၅၀ ဘီလီယံ) မကာအို (USD ၄၃. ၇ ဘီလီယံ)၊ အီတလီ (USD ၄၁. ၂ ဘီလီယံ)၊ ဂျာမဏီ (USD ၃၈. ၁ ဘီလီယံ)၊ ဗြိတိန် (USD ၃၆. ၄ ဘီလီယံ)၊ ဟောင်ကောင်(တရုတ်) (USD ၃၂. ၁ ဘီလီယံ)နှင့် ဩစတြေးလျ (USD ၃၁. ၅ ဘီလီယံ)တို့ ဖြစ်ကြသည်။

၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံသည် နိုင်ငံတကာသို့ ခရီးအများဆုံး သွားရောက်သည့်နိုင်ငံ ဖြစ်လာခဲ့သည်။ ဇယား-၅ တွင် ဖော်ပြထားသည့်အတိုင်း တရုတ်ခရီးသွားများသည် ခရီးသွားလာခြင်းတွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော် သုံးစွဲခဲ့ကြောင်းတွေ့ရသည်။

ပုံ (၅) ကမ္ဘာတစ်လွှားနိုင်ငံတကာခရီးသွားများလာရောက်မှု (သန်း) ၁၉၉၀-၂၀၁၂




**Source:** ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) (၂၀၁၃) Tourism Hightlights, 2013 Edition

**ဇယား-၅ ၂၀၁၂ ခုနှစ်တွင်အကြီးဆုံး ခရီးသွားလုပ်ငန်းရင်းမြစ်စျေးကွက်များ**

| ထိပ်တန်းရင်းမြစ်စျေးကွက် | ၂၀၁၂ခုနှစ် နိုင်ငံတကာခရီးသွားလာမှုတွင် သုံးစွဲငွေ (USD ဘီလီယံ) | စျေးကွက်ဝေစု | တစ်ဦးချင်းသုံးစွဲငွေ (USD) |
|---|---|---|---|
| တရုတ် | ၁၀၂ | ၉. ၅% | ၇၅ |
| ဂျာမဏီ | ၈၃. ၈ | ၇. ၈% | ၁၀၂၃ |
| အမေရိကန်ပြည်ထောင်စု | ၈၃. ၅ | ၇. ၈% | ၂၆၆ |
| ဗြိတိန် | ၅၂. ၃ | ၄. ၈% | ၈၂၈ |
| ရုရှား | ၄၂. ၈ | ၄% | ၃၀၂ |
| ပြင်သစ် | ၃၇. ၂ | ၃. ၅% | ၅၈၆ |
| ကနေဒါ | ၃၅. ၁ | ၃. ၃% | ၁၀၀၇ |
| ဂျပန် | ၂၇. ၉ | ၂. ၆% | ၂၁၈ |
| သြစတြေးလျ | ၂၇. ၆ | ၂. ၆% | ၁၂၁၀ |
| အီတလီ | ၂၆. ၄ | ၂. ၅% | ၄၃၃ |

**Source:** ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) (၂၀၁၃) Tourism Hightlights, 2013 Edition

**ဇယား-၆ ပင်ရင်းဒေသအလိုက် နိုင်ငံတကာခရီးသွားများ ရောက်ရှိမှု(သန်း)**

| | ပင်ရင်းဒေသအလိုက် နိုင်ငံတကာခရီးသွားများ ရောက်ရှိမှု | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁၉၉၀ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၅ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂* |
| **ကမ္ဘာ** | **၄၃၆** | **၅၂၉** | **၆၇၇** | **၈၀၇** | **၈၉၂** | **၉၄၉** | **၉၉၅** | **၁၀၃၅** |
| မှ - ဥရောပ | ၂၅၁. ၉ | ၃၀၃. ၄ | ၃၈၈. ၈ | ၄၄၉. ၇ | ၄၇၇. ၆ | ၄၉၇. ၁ | ၅၂၀. ၅ | ၅၃၉. ၈ |
| အာရှနှင့်ပစိဖိတ်ဒေသ | ၅၈. ၇ | ၈၆. ၄ | ၁၁၄. ၂ | ၁၅၃. ၂ | ၁၈၁. ၀ | ၂၀၆. ၄ | ၂၂၂. ၅ | ၂၃၆. ၄ |
| အမေရိကန်နိုင်ငံများ | ၉၉. ၃ | ၁၀၈. ၅ | ၁၃၀. ၈ | ၁၃၆. ၅ | ၁၄၇. ၃ | ၁၅၆. ၃ | ၁၆၄. ၂ | ၁၇၁. ၅ |
| အရှေ့အလယ်ပိုင်းဒေသ | ၈. ၂ | ၉. ၃ | ၁၄. ၁ | ၂၂. ၉ | ၃၂. ၂ | ၃၄. ၅ | ၃၃. ၈ | ၃၀. ၇ |
| အာဖရိက | ၉. ၈ | ၁၁. ၅ | ၁၄. ၉ | ၁၉. ၃ | ၂၅. ၆ | ၂၈. ၁ | ၂၉. ၈ | ၃၀. ၈ |
| သတ်မှတ်မထားသည့်ဒေသ | ၇. ၉ | ၁၀. ၃ | ၁၄. ၀ | ၂၅. ၄ | ၂၈. ၂ | ၂၆. ၅ | ၂၄. ၁ | ၂၅. ၀ |
| | | | | | | | | |
| ဒေသတူ | ၃၅၀. ၃ | ၄၂၃. ၄ | ၅၃၂. ၄ | ၆၃၀. ၇ | ၆၈၈. ၀ | ၇၂၈. ၃ | ၇၆၉. ၃ | ၇၉၉. ၈ |
| အခြားဒေသများ | ၇၇. ၆ | ၉၅. ၇ | ၁၃၀. ၃ | ၁၅၁. ၀ | ၁၇၅. ၆ | ၁၉၄. ၂ | ၂၀၁. ၆ | ၂၁၀. ၄ |

**Source:** ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) (၂၀၁၃) Tourism Hightlights, 2013 Edition

ဇယား-၆ တွင် ဖော်ပြထားသည့်အတိုင်း ဥရောပသည် ခရီးသွားများအတွက် အကြီးမားဆုံးရင်းမြစ်ဒေသအဖြစ် ဆက်လက်တည်ရှိနေပြီး နိုင်ငံတကာခရီးသွားအားလုံး၏ ထက်ဝက်ကျော်ခန့် လာရောက်သည်။ ၎င်းနောက်မှ အာရှနှင့်ပစိဖိတ်ဒေသ (၂၃%)၊ အမေရိကန်နိုင်ငံများ (၁၇%)၊ အရှေ့အလယ်ပိုင်းဒေသ (၃%) နှင့် အာဖရိက (၃%) တို့ဖြစ်သည်။

ကမ္ဘာ့ခရီးသွားနှင့် ခရီးသွားလုပ်ငန်းကော်မတီ (World Travel and Tourism Committee) ကခန့်မှန်းသည်မှာ ဤကဏ္ဍက ကမ္ဘာ့ GDP သို့ တိုက်ရိုက်အားဖြင့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်နှင့် သွယ်ဝိုက်သောနည်းဖြင့် အမေရိကန်ဒေါ်လာ ၆. ၆ ထရီလီယံ ထည့်ဝင်နိုင်ခဲ့ပြီး အလုပ်အကိုင်ပေါင်း ၂၆၀ သန်းကျော် ခန့်ထားနိုင်ခဲ့သည်။ အကြမ်းဖျင်းအားဖြင့် ကမ္ဘာ့ GDP ၏ ၉. ၃% နှင့် စုစုပေါင်းအလုပ်အကိုင်များ၏ ၈. ၇% သည်ခရီးသွားလုပ်ငန်းပေါ်တွင် တည်မှီနေသည်။ ကဏ္ဍသည် ၂၀၁၃ ခုနှစ်မှ ပျမ်းမျှနှစ်စဉ် ၄. ၄% ဖြင့် ဆက်လက်တိုးတက်ရန် မျှော်မှန်းထားပြီး အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်း၏အရေးပါမှုကို သေချာစေမည်ဖြစ်သည်။

**ဇယား-၇ ခရီးသွားလုပ်ငန်းကဏ္ဍ၏ ကမ္ဘာ့တစ်လွှားဆောင်ရွက်မှု**

| ကမ္ဘာ | ၂၀၁၂ ဒေါ်လာ (ဘီလီယံ) | ၂၀၁၂ ခုနှစ် ရာခိုင်နှုန်း | ၂၀၁၃ ခုနှစ် တိုးတက်မှုနှုန်း | ဒေါ်လာ (ဘီလီယံ) | ၂၀၂၃ ခုနှစ် ရာခိုင်နှုန်း | တိုးတက် မှုနှုန်း |
|---|---|---|---|---|---|---|
| GDP သို့ တိုက်ရိုက်ထည့်ဝင်နိုင်မှု | ၂၀၅၆. ၆ | ၂. ၉ | ၃. ၁ | ၃၂၄၉. ၂ | ၃. ၁ | ၄. ၄ |
| GDP သို့ စုစုပေါင်းထည့်ဝင်နိုင်မှု | ၆၆၃၀. ၄ | ၉. ၃ | ၃. ၂ | ၁၀၅၀၇. ၁ | ၁၀. ၀ | ၄. ၄ |
| အလုပ်အကိုင်အခွင့်အလမ်းသို့တိုက်ရိုက်အကျိုးပြုမှု | ၁၀၁၁၁၈ | ၃. ၄ | ၁. ၂ | ၁၂၅၂၂၈ | ၃. ၇ | ၂. ၀ |
| အလုပ်အကိုင်အခွင့်အလမ်းသို့စုစုပေါင်းအကျိုးပြုမှု | ၂၆၁၃၉၄ | ၈. ၇ | ၁. ၇ | ၃၃၇၈၁၉ | ၉. ၉ | ၂. ၄ |
| ခရီးသည်များသွားလာမှု | ၁၂၄၃. ၀ | ၅. ၄ | ၃. ၁ | ၁၉၃၄. ၈ | ၄. ၈ | ၄. ၂ |
| ပြည်တွင်းတွင်သုံးစွဲမှု | ၂၉၉၆. ၃ | ၄. ၂ | ၃. ၂ | ၄၈၃၁. ၂ | ၃. ၅ | ၄. ၆ |
| အားလပ်ရက်တွင်သုံးစွဲမှု | ၃၂၂၂. ၁ | ၂. ၂ | ၃. ၂ | ၅၁၉၆. ၀ | ၂. ၃ | ၄. ၆ |
| စီးပွားရေးအတွက်သုံးစွဲမှု | ၁၀၁၇. ၄ | ၀. ၇ | ၃. ၁ | ၁၅၇၂. ၈ | ၀. ၇ | ၄. ၁ |
| ငွေကြေးရင်းနှီးမြုပ်နှံမှု | ၇၆၄. ၇ | ၄. ၇ | ၄. ၂ | ၁၃၄၁. ၄ | ၄. ၉ | ၅. ၃ |

[၁] ၂၀၁၂ ပုံသေဈေးနှုန်းနှင့်ငွေလဲလှယ်နှုန်း- [၂] ၂၀၁၃ ငွေဖောင်းပွမှုနှုန်း (%)- [၃] ၂၀၁၂-၂၀၁၃ နှစ်စဉ်ငွေဖောင်းပွမှုနှုန်း (%) - [၄] ၀၀၀ အလုပ်အကိုင်များ

**Source:** ကမ္ဘာ့ခရီးသွားနှင့် ခရီးသွားလုပ်ငန်းကောင်စီ (၂၀၁၃)၊ ခရီးသွားနှင့် ခရီးသွားလုပ်ငန်း စီးပွားရေးအကျိုးသက်ရောက်မှု ၂၀၁၃ -**World**

**ဇယား-၈ အရှေ့တောင်အာရှဒေသတွင် ခရီးသွားလုပ်ငန်းကဏ္ဍ၏ ဆောင်ရွက်ချက်**

| အရှေ့တောင်အာရှ | ၂၀၁၂ ဒေါ်လာ (ဘီလီယံ) | ၂၀၁၂ ခုနှစ် ရာခိုင်နှုန်း | ၂၀၁၃ ခုနှစ် တိုးတက်မှုနှုန်း | ဒေါ်လာ (ဘီလီယံ) | ၂၀၂၃ ခုနှစ် ရာခိုင်နှုန်း | တိုးတက် မှုနှုန်း |
|---|---|---|---|---|---|---|
| GDP သို့ တိုက်ရိုက်ထည့်ဝင်နိုင်မှု | ၁၀၂. ၆ | ၄. ၄ | ၆. ၉ | ၁၉၃. ၉ | ၄. ၆ | ၅. ၉ |
| GDP သို့ စုစုပေါင်းထည့်ဝင်နိုင်မှု | ၂၅၅. ၉ | ၁၁. ၁ | ၆. ၈ | ၄၇၉. ၇ | ၁၁. ၆ | ၅. ၈ |
| အလုပ်အကိုင်အခွင့်အလမ်းသို့တိုက်ရိုက်အကျိုးပြုမှု | ၉၇၁၄ | ၃. ၄ | ၅. ၉ | ၁၃၈၂၄ | ၄. ၀ | ၃. ၀ |
| အလုပ်အကိုင်အခွင့်အလမ်းသို့စုစုပေါင်းအကျိုးပြုမှု | ၂၅၄၉၅ | ၈. ၈ | ၅. ၅ | ၃၄၆၅၅ | ၉. ၉ | ၂. ၆ |
| ခရီးသည်များသွားလာမှု | ၉၅. ၅ | ၆. ၃ | ၇. ၀ | ၁၉၁. ၆ | ၆. ၀ | ၆. ၅ |
| ပြည်တွင်းတွင်သုံးစွဲမှု | ၈၈. ၈ | ၃. ၈ | ၆. ၆ | ၁၅၆. ၆ | ၃. ၀ | ၅. ၂ |
| အားလပ်ရက်တွင်သုံးစွဲမှု | ၁၃၅. ၂ | ၃. ၂ | ၆. ၅ | ၂၄၆. ၆ | ၃. ၂ | ၅. ၅ |
| စီးပွားရေးအတွက်သုံးစွဲမှု | ၄၆. ၁ | ၁. ၂ | ၇. ၈ | ၁၀၁. ၆ | ၁. ၄ | ၆. ၇ |
| ငွေကြေးရင်းနှီးမြုပ်နှံမှု | ၄၇. ၇ | ၇. ၃ | ၆. ၉ | ၁၀၁. ၀ | ၈. ၁ | ၇. ၁ |

[၁] ၂၀၁၂ ပုံသေဈေးနှုန်းနှင့်ငွေလဲလှယ်နှုန်း- [၂] ၂၀၁၃ ငွေဖောင်းပွမှုနှုန်း (%)- [၃] ၂၀၁၂-၂၀၁၃ နှစ်စဉ်ငွေဖောင်းပွမှုနှုန်း (%) - [၄] ၀၀၀ အလုပ်အကိုင်များ

**Source:** ကမ္ဘာ့ခရီးသွားနှင့် ခရီးသွားလုပ်ငန်းကောင်စီ (၂၀၁၃)၊ ခရီးသွားနှင့် ခရီးသွားလုပ်ငန်း စီးပွားရေးအကျိုးသက်ရောက်မှု ၂၀၁၃ -**South East Asia**

ကမ္ဘာပေါ်တွင် အာရှနှင့်ပစိဖိတ်ဒေသည် ၂၀၁၂ ခုနှစ်တွင် (၆. ၈)% ဖြင့် ခရီးသွားလုပ်ငန်းတင်ပို့မှုတွင် တိုးတက်မှုအမြန်ဆုံး ဒေသဖြစ်ပြီး အရှေ့တောင်အာရှဒေသသည် အာရှဒေသအတွင်း အမြင့်ဆုံးတိုးတက်မှုဖြစ်သည့် ၉% တိုးတက်ခဲ့သည်။ ဤတိုးတက်မှုများတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ခရီးသွားများလာရောက်မှု တိုးတက်လာခဲ့မှုများလည်းပါဝင်ပြီး နိုင်ငံရေး တည်ငြိမ်မှုတိုးတက်လာခြင်းနှင့် ထိုင်းနိုင်ငံတွင် သဘာဝဘေးအန္တရာယ် မကျရောက်ခြင်း၊ ဒေသအတွင်း ဝယ်လိုအားမြင့်တက်လာခြင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်သည်။ ဇယား-၈တွင် ဖော်ပြထားသည့်အတိုင်း ဒေသတွင်း GDP သို့ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ထည့်ဝင်နိုင်မှု (၄၄ % နှင့် ၁၁. ၁ % အသီးသီး) သည် အချိုးအစားအားဖြင့် ကမ္ဘာတွင်ထည့်ဝင်နိုင်မှုထက် အရှေ့တောင်အာရှဒေသက ပိုကြီးမားပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် စုစုပေါင်းအကျိုးပြုမှုသည် ဒေသတွင်းအလုပ်အကိုင်များ၏ ၈. ၈ % ဖြစ်သည်။ ကြိုတင်ခန့်မှန်းထားသည့် တိုးတက်မှုနှုန်းဖြစ်သည့် ၂၀၂၃ ခုနှစ်အထိ နှစ်စဉ်ခန့်မှန်းတိုးတက်မှုနှုန်း ၅. ၉ % သည်လည်း ကမ္ဘာတစ်လွှား ပျမ်းမျှတိုးတက်မှုနှုန်း ၄. ၄% ၏အထက်တွင် ရှိသည်။

အရှေ့တောင်အာရှတစ်ခုလုံးနှင့် နိုင်ငံ့ယဉ်ပါက အာဆီယံအဖွဲ့နိုင်ငံများသည် ၂၀၁၂ ခုနှစ်အတွင်း အထူးတိုးတက်မှုနှုန်း ၁၀. ၁ % ထက် ကျော်လွန်ရရှိခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို မလေးရှားနှင့် ထိုင်းနိုင်ငံက ဦးဆောင်လျက်ရှိပြီး အကြမ်းဖျင်းအားဖြင့် ခရီးသည် ၂၉% နှင့် ၂၅% အသီးသီးလက်ခံရရှိခဲ့ကြသည်။

## ဇယား-၉ အာဆီယံနိုင်ငံများသို့ နိုင်ငံတကာခရီးသွားများရောက်ရှိမှု (၂၀၀၉-၂၀၁၂)

| နိုင်ငံ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | မျှဝေသည့် % | တိုးတက်မှု % ၂၀၁၁-၂၀၁၂ |
|---|---|---|---|---|---|---|
| ဘရူနိုင်း | ၁၅၇၄၇၄ | ၂၁၄၂၉၀ | ၂၄၂၀၆၁ | ၃၀၀၁၃၉ | ၀. ၃ % | ၂၄. ၀ % |
| ကမ္ဘောဒီးယား | ၂၁၆၁၅၇၇ | ၂၅၀၈၂၈၉ | ၂၈၈၁၈၆၂ | ၃၅၆၀၀၀၀ | ၄. ၀ % | ၂၃. ၅ % |
| အင်ဒိုနီးရှား | ၆၃၂၃၇၃၀ | ၇၀၀၂၉၄၄ | ၇၆၄၉၇၃၁ | ၈၀၄၇၀၀၀ | ၉. ၁ % | ၆. ၅ % |
| လာအို | ၂၀၀၈၃၆၃ | ၂၅၁၃၀၂၈ | ၂၇၂၃၅၆၄ | ၃၀၅၀၄၀၀ | ၃. ၄ % | ၁၂. ၀ % |
| မလေးရှား | ၂၃၆၄၆၁၉၁ | ၂၄၅၇၇၁၉၆ | ၂၄၇၁၄၃၂၄ | ၂၅၉၅၀၀၀၀ | ၂၉. ၀ % | ၅. ၀ % |
| မြန်မာ | ၇၆၂၅၄၇ | ၇၉၁၅၀၅ | ၈၁၆၃၆၉ | ၁၀၅၈၉၉၅ | ၁. ၂ % | ၂၉. ၇ % |
| ဖိလစ်ပိုင် | ၃၀၁၇၀၉၉ | ၃၅၀၈၈၁၈ | ၃၉၁၇၄၅၄ | ၄၂၅၉၆၀၀ | ၄. ၈ % | ၈. ၇ % |
| စင်္ကာပူ | ၉၆၈၁၂၅၉ | ၁၁၆၃၈၆၆၃ | ၁၃၁၇၁၃၀၃ | ၁၄၃၅၆၅၀၀ | ၁၆. ၀ % | ၉. ၀ % |
| ထိုင်း | ၁၄၁၄၉၈၄၁ | ၁၅၉၃၆၄၀၀ | ၁၉၂၃၀၄၇၀ | ၂၂၃၀၃၀၆၅ | ၂၄. ၉ % | ၁၆. ၀ % |
| ဗီယက်နမ် | ၃၇၇၂၅၉ | ၅၀၄၉၈၅၅ | ၅၉၈၈၄၂၅ | ၆၅၈၅၈၅၃ | ၇. ၄ % | ၁၀. ၀ % |
| **စုစုပေါင်း** | ၆၅၆၈၀၆၄၀ | ၇၃၇၄၀၉၈၈ | ၈၁၃၃၅၅၆၃ | ၈၉၅၇၁၅၅၂ | ၁၀၀. ၀ % | ၁၀. ၁ % |

**Source:** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန (၂၀၁၃)
မြန်မာ- ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀၊ အပြီးသတ်အစီရင်ခံစာမူကြမ်း (ရင်းမြစ်- အာဆီယံအတွင်းရေးမှူးရုံး)

## ဇယား-၁၀ ရွေးချယ်ထားသောနိုင်ငံများအလိုက် အာဆီယံသို့ နိုင်ငံတကာခရီးသွားများရောက်ရှိမှု (၂၀၀၇-၂၀၁၁)

ရောက်ရှိမှုထောင်ပေါင်း

| ပင်ရင်းနိုင်ငံ/မိတ်ဖက်နိုင်ငံ | ခရီးသွားများရောက်ရှိမှုအရေအတွက် (ထောင်ပေါင်း) | | | | | စုစုပေါင်းမျှဝေမှု (ရာခိုင်နှုန်း) | | | | | နှစ်အလိုက်ပြောင်းလဲမှု (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၁-၂၀၁၂ |
| အာဆီယံဒေသအတွင်း | ၃၀၂၇၆. ၄ | ၃၁၆၉၃. ၈ | ၃၄၈၂၀. ၀ | ၃၇၇၃၂. ၉ | ၃၉၈၈၄၅. ၅ | ၄၆. ၁ | ၄၈. ၃ | ၄၇. ၂ | ၄၆. ၅ | ၄၄. ၇ | ၅. ၆ |
| ဂျပန် | ၃၆၂၃. ၈ | ၃၂၁၄. ၀ | ၃၃၅၀. ၉ | ၃၆၆၄. ၄ | ၄၂၇၅. ၃ | ၅. ၅ | ၄. ၉ | ၄. ၅ | ၄. ၅ | ၄. ၈ | ၁၆. ၇ |
| တရုတ် | ၄၄၇၁. ၅ | ၄၂၀၁. ၇ | ၅၄၁၅. ၉ | ၇၃၁၅. ၆ | ၉၂၈၃. ၂ | ၆. ၈ | ၆. ၄ | ၇. ၃ | ၉. ၀ | ၁၀. ၄ | ၂၆. ၉ |
| ကိုရီးယားသမ္မတနိုင်ငံ | ၂၆၅၇. ၁ | ၂၄၄၈. ၇ | ၃၂၈၆. ၁ | ၃၈၆၂. ၀ | ၄၀၁၁. ၄ | ၄. ၁ | ၃. ၇ | ၄. ၅ | ၄. ၈ | ၄. ၅ | ၃. ၉ |
| ဩစတေးလျ | ၂၉၀၄. ၅ | ၃၀၂၈. ၆ | ၃၄၆၄. ၉ | ၃၉၂၆. ၃ | ၄၀၅၉. ၆ | ၄. ၄ | ၄. ၆ | ၄. ၇ | ၄. ၈ | ၄. ၅ | ၃. ၄ |
| နယူးဇီလန် | ၃၁၉. ၇ | ၂၇၂. ၃ | ၂၉၂. ၀ | ၃၉၀. ၃ | ၃၅၈. ၀ | ၀. ၅ | ၀. ၄ | ၀. ၄ | ၀. ၅ | ၀. ၄ | -၈. ၃ |
| ဥ. (၂၈)နိုင်ငံ | ၆၉၉၀. ၀ | ၆၉၈၉. ၁ | ၇၀၀၀. ၉ | ၇၃၅၅. ၄ | ၈၀၇၉. ၁ | ၁၀. ၇ | ၁၀. ၆ | ၉. ၅ | ၉. ၁ | ၉. ၁ | ၉. ၈ |
| အမေရိကန်နိုင်ငံ | ၂၆၅၃. ၃ | ၂၅၅၃. ၄ | ၂၆၈၀. ၅ | ၂၈၃၈. ၀ | ၂၉၈၄. ၂ | ၄. ၀ | ၃. ၉ | ၃. ၆ | ၃. ၅ | ၃. ၃ | ၅. ၁ |
| ကနေဒါ | ၅၀၈. ၉ | ၄၅၅. ၉ | ၄၉၈. ၅ | ၅၉၄. ၂ | ၇၀၉. ၀ | ၀. ၈ | ၀. ၇ | ၀. ၇ | ၀. ၇ | ၀. ၈ | ၁၉. ၃ |
| အိန္ဒိယ | ၁၉၈၄. ၇ | ၂၁၀၃. ၆ | ၂၄၇၈. ၀ | ၂၇၁၁. ၃ | ၂၈၃၉. ၆ | ၃. ၀ | ၃. ၂ | ၃. ၄ | ၃. ၃ | ၃. ၂ | ၄. ၇ |
| ရုရှား | ၅၀၅. ၁ | ၅၁၈. ၆ | ၈၆၇. ၆ | ၁၂၉၉. ၁ | ၁၈၃၄. ၆ | ၀. ၈ | ၀. ၈ | ၁. ၂ | ၁. ၆ | ၂. ၁ | ၄၁. ၂ |
| ပါကစ္စတန် | ၁၅၀. ၅ | ၁၅၉. ၁ | ၉၂. ၃ | ၁၀၅. ၈ | ၁၇၅. ၈ | ၀. ၂ | ၀. ၂ | ၀. ၁ | ၀. ၁ | ၀. ၂ | ၆၆. ၂ |
| စုစုပေါင်းရွေးချယ်ထားသည့်မိတ်ဖက်နိုင်ငံ/ဒေသများ | ၅၇၀၄၅. ၅ | ၅၇၆၃၈. ၈ | ၆၄၂၄၇. ၆ | ၇၁၇၉၅. ၃ | ၇၈၄၅၅. ၂ | ၈၇. ၀ | ၈၇. ၈ | ၈၇. ၁ | ၈၈. ၄ | ၈၇. ၉ | ၉. ၃ |
| ကမ္ဘာ၏ ကျန်ရှိသော ဒေသများ | ၈၅၆၀. ၀ | ၈၀၄၁. ၆ | ၉၅၀၅. ၁ | ၉၄၃၃. ၇ | ၁၀၇၇၀. ၀ | ၁၃. ၀ | ၁၂. ၂ | ၁၂. ၉ | ၁၁. ၆ | ၁၂. ၁ | ၁၄. ၂ |
| **အာဆီယံသို့ စုစုပေါင်းခရီးသွားများ ရောက်ရှိမှု** | **၆၅၆၀၅. ၅** | **၆၅၆၈၀. ၃** | **၇၃၇၅၂. ၆** | **၈၁၂၂၉. ၀** | **၈၉၂၂၅. ၂** | **၁၀၀. ၀** | **၁၀၀. ၀** | **၁၀၀. ၀** | **၁၀၀. ၀** | **၁၀၀. ၀** | **၉. ၈** |

**Source:** အာဆီယံအတွင်းရေးမှူးရုံး၊ ခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ Accessed 01/11/2013. http://www.asean.org/news/item/tourism-statistics

ဒေသအတွင်းခရီးသွားလုပ်ငန်းကို အာဆီယံဒေသအတွင်း ခရီးသွားလာမှုများက လွှမ်းမိုးထားပြီး ၂၀၁၁ ခုနှစ်အတွင်း ခရီးသွားလာမှုစုစုပေါင်း၏ ၄၆. ၅ % ရှိသည်။ တရုတ်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတေးလျနိုင်ငံတို့သည် ၂၀၁၃ ခုနှစ်တွင် အရေးအကြီးဆုံးသော တိုးတက်မှုကိုရရှိခဲ့သည်။ ထိုနှစ်များအတွင်း ၎င်း ၃ နိုင်ငံမှ ခရီးသွားများသည် စုစုပေါင်းခရီးသွားများ ရောက်ရှိမှု၏ ၁၈. ၆ % ရှိသည်။

ကမ္ဘာ့စီးပွားရေးအခြေအနေသည် ခက်ခဲမှုများရှိသော်လည်း ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုများနှင့်ပတ်သက်သော စီးပွားရေးလုပ်ဆောင်မှုများအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်

သည့် ရင်းမြစ်တစ်ခုအဖြစ် ဖော်ပြနိုင်ခဲ့သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဤအခြေအနေသည်မှန်ကန်ပြီး လူမှုစီးပွားဘဝသို့ ထည့်ဝင်နိုင်မှုနှင့် တိုးတက်မှုနှုန်းက သာမန်ထက် ပိုမိုနေခြင်းက အရှေ့တောင်အာရှနိုင်ငံများအတွက် ပုံမှန်နှင့် အာဆီယံနိုင်ငံများအတွက် အထူးအနေဖြင့် ကဏ္ဍ၏အရေးပါမှုနှင့် အလားအလာများကို ဖော်ပြနေသည်။

## လက်ရှိပို့ကုန်ဆောင်ရွက်ချက်

အမျိုးသားစာရင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံ့ GDP ၏ ၁% ကျော်ရှိသည်။ World Travel and Tourism Committee ၏ခန့်မှန်းချက်အရ တိုက်ရိုက်ထည့်ဝင်နိုင်မှုသည် ၁. ၃% နှင့် စုစုပေါင်းစုစုပေါင်းထည့်ဝင်နိုင်မှုသည် အကြမ်းဖျင်းအားဖြင့် ၃ % ရှိသည်။ တွက်ချက်မှု ၂ ခုကြား အနည်းငယ်ကွာဟချက်ရှိသော်လည်း မြန်မာ့ခရီးသွားလုပ်ငန်းက စီးပွားရေးသွင်းအားစုများ ထည့်သွင်းနိုင်မှုသည် ဒေသတွင်းနိုင်ငံများ၏ ထည့်ဝင်နိုင်မှု (တိုက်ရိုက် ၄. ၄ % ၊ စုစုပေါင်း ၁၁. ၁ %) နှင့် ကမ္ဘာ့နိုင်ငံများ၏ ထည့်ဝင်နိုင်မှု (တိုက်ရိုက် ၂. ၉ % ၊ စုစုပေါင်း ၉. ၃ %) များနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းနေသည်ကို တွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းသို့ စုစုပေါင်းထည့်ဝင်နိုင်မှုတွင်လည်း အလားတူဖြစ်ပေါ်ခဲ့ပြီး ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင်အခွင့်အလမ်းသို့ ထည့်ဝင်နိုင်မှု ၂. ၈ % (အစိုးရ၏ စာရင်းကိန်းဂဏန်းများအရ) သည် ဒေသတွင်းထည့်ဝင်နိုင်မှု (၈. ၈ %) နှင့် ကမ္ဘာ့နိုင်ငံများ၏ ထည့်ဝင်နိုင်မှု (၈. ၇ %) ထက်လျော့နည်းသည်ကို တွေ့ရသည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွား ၁. ၀၅၈ သန်းသည် အာဆီယံဒေသသို့ ခရီးသွားများလာရောက်မှု၏ ၁. ၂ % မျှသာရှိပါသည်။

သို့သော်လည်း မကြာသေးမီက နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးတံခါးဖွင့်ပေးလိုက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ခရီးသွားများ လာရောက်မှုတွင် ၂၉. ၇ % တိုးတက်လာခြင်းသည် ဒေသတွင်းတွင် အမြင့်ဆုံးတိုးတက်မှုနှုန်းဖြစ်ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများမှ ဝင်ငွေရရှိမှုသည် ၆၇ % သို့တိုးတက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၃၄ သန်းသို့ ရောက်ရှိခဲ့ကြောင်း မြန်မာအစိုးရ၏ စာရင်းများအရသိရသည်။ လေကြောင်းခရီးဖြင့် နိုင်ငံတကာမှ ခရီးသွားများလာရောက်မှုသည် မယုံနိုင်ဖွယ်ရာ ပမာဏဖြစ်သည့် ၅၁. ၇ % သို့ တိုးတက်လာခဲ့သည်။

ဇယား-၁၁ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ ဆောင်ရွက်ချက် (၂၀၁၂-၂၀၁၃)

| မြန်မာနိုင်ငံ | ၂၀၁၂ ကျပ် (ဘီလီယံ) | ၂၀၁၂ ခုနှစ် ရာခိုင်နှုန်း | ၂၀၁၃ ခုနှစ် တိုးတက်မှုနှုန်း | ဒေါ်လာ (ဘီလီယံ) | ၂၀၂၃ ခုနှစ် ရာခိုင်နှုန်း | တိုးတက်မှုနှုန်း |
|---|---|---|---|---|---|---|
| GDP သို့ တိုက်ရိုက်ထည့်ဝင်နိုင်မှု | ၆၃၆. ၅ | ၁. ၃ | ၇. ၆ | ၁၁၁၇. ၅ | ၁. ၃ | ၅. ၀ |
| GDP သို့ စုစုပေါင်းထည့်ဝင်နိုင်မှု | ၁၄၈၁. ၃ | ၃. ၀ | ၇. ၄ | ၂၆၂၁. ၁ | ၃. ၀ | ၅. ၁ |
| အလုပ်အကိုင်အခွင့်အလမ်းသို့တိုက်ရိုက်အကျိုးပြုမှု | ၂၉၄ | ၁. ၁ | ၃. ၅ | ၃၆၂ | ၁. ၁ | ၁. ၈ |
| အလုပ်အကိုင်အခွင့်အလမ်းသို့စုစုပေါင်းအကျိုးပြုမှု | ၇၁၁ | ၂. ၆ | ၃. ၃ | ၈၈၂ | ၂. ၇ | ၁. ၈ |
| ခရီးသည်များသွားလာမှု | ၁၂၀. ၉ | ၁. ၆ | ၁၀. ၉ | ၂၆၃. ၇ | ၁. ၇ | ၇. ၀ |
| ပြည်တွင်းတွင်သုံးစွဲမှု | ၉၈၉. ၉ | ၂. ၀ | ၇. ၂ | ၁၆၉၃. ၈ | ၂. ၀ | ၄. ၈ |
| အားလပ်ရက်တွင်သုံးစွဲမှု | ၆၁၉. ၅ | ၀. ၇ | ၇. ၇ | ၁၀၉၂. ၅ | ၀. ၇ | ၅. ၁ |
| စီးပွားရေးအတွက်သုံးစွဲမှု | ၄၉၁. ၃ | ၀. ၆ | ၇. ၃ | ၈၆၅. ၀ | ၀. ၆ | ၅. ၁ |
| ငွေကြေးရင်းနှီးမြှုပ်နှံမှု | ၉၅. ၂ | ၀. ၉ | ၆. ၁ | ၁၉၅. ၀ | ၁. ၁ | ၆. ၈ |

[၁] ၂၀၁၂ ပုံသေဈေးနှုန်းနှင့်ငွေလဲလှယ်နှုန်း- [၂] ၂၀၁၃ ငွေဖောင်းပွမှုနှုန်း (%)- [၃] ၂၀၁၂-၂၀၁၃ နှစ်စဉ်ငွေဖောင်းပွမှုနှုန်း (%) - [၄] ၀၀၀ အလုပ်အကိုင်များ

**Source:** ကမ္ဘာ့ခရီးသွားနှင့် ခရီးသွားလုပ်ငန်းကောင်စီ (၂၀၁၃) ၊ ခရီးသွားနှင့် ခရီးသွားလုပ်ငန်း စီးပွားရေးအကျိုးသက်ရောက်မှု ၂၀၁၃ -**Myanmar**

## ဇယား-၁၂ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု

| ပင်ရင်းဧည့်သည် | ၂၀၁၂ ခုနှစ် ရောက်ရှိမှု % | ၂၀၁၂ တိုးတက်မှု | ၂၀၁၁ တိုးတက်မှု | ၂၀၁၀ တိုးတက်မှု | ၂၀၀၉ တိုးတက်မှု |
|---|---|---|---|---|---|
| အာရှတိုက် | ၆၄ | ၄၆.၅ | ၂၂.၂ | ၃၁.၉ | ၂၅.၆ |
| အနောက်ဥရောပ | ၂၂ | ၆၁.၁ | ၃၅.၂ | ၂၃.၃ | ၃၀.၆ |
| မြောက်အမေရိက | ၇ | ၇၃.၈ | ၃၄.၁ | ၈.၄ | ၁၄.၅ |
| ပင်လယ်ရပ်ခြားဒေသ | ၃ | ၇၇.၇ | ၃၃.၇ | ၈.၆ | ၃၁.၇ |
| အရှေ့ဥရောပ | ၂ | ၁၉.၁ | ၂၄.၆ | ၃၂.၃ | ၂၄.၀ |
| အရှေ့အလယ်ပိုင်း | ၁ | ၄၃.၇ | ၁၈.၁ | ၄၁.၂ | ၁၃.၄ |
| အခြားအမေရိကနိုင်ငံများ | ၁ | ၄၈.၅ | ၄၂.၆ | ၃၆.၆ | ၃၁.၅ |
| အာဖရိက | ၀ | ၆၀.၉ | ၂၁.၇ | ၆.၈ | ၄၁.၇ |
| စုစုပေါင်း | ၁၀၀ | ၅၁.၇ | ၂၅.၉ | ၂၇.၇ | ၂၅.၈ |

**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၂)
မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

## ဇယား-၁၃ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု (၂၀၀၈-၂၀၁၂)

**နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု**

| ပင်ရင်းဧည့်သည် | ၂၀၁၂ | ၂၀၁၁ | ၂၀၁၀ | ၂၀၀၉ | ၂၀၀၈ |
|---|---|---|---|---|---|
| **အာရှ** | **၃၈၀၄၀၄** | **၂၅၉၆၉၂** | **၂၁၂၄၅၄** | **၁၆၁၁၃၃** | **၁၂၈၂၇၉** |
| ထိုင်း | ၉၄၃၄၂ | ၆၁၆၉၆ | ၅၉၆၉၂ | ၄၃၂၅၄ | ၂၇၃၁၁ |
| တရုတ် | ၇၀၈၀၅ | ၆၂၀၁၈ | ၄၆၁၄၁ | ၃၆၃၄၁ | ၃၀၇၉၂ |
| ဂျပန် | ၄၇၆၉၀ | ၂၁၃၂၁ | ၁၆၁၈၆ | ၁၃၈၀၉ | ၁၀၈၈၁ |
| ကိုရီးယား | ၃၄၈၀၅ | ၂၂၅၂၄ | ၁၈၉၃၀ | ၁၂၅၀၈ | ၁၂၃၆၉ |
| မလေးရှား | ၃၀၄၉၉ | ၂၃၂၈၇ | ၁၆၁၈၆ | ၉၆၆၈ | ၈၂၆၈ |
| စင်္ကာပူ | ၂၆၂၉၆ | ၁၅၃၉၁ | ၁၂၁၀၄ | ၁၀၇၁၂ | ၈၅၉၉ |
| ထိုင်ဝမ် | ၂၂၀၆၀ | ၁၅၅၄၂ | ၁၄၁၇၀ | ၁၂၂၇၆ | ၁၀၄၇၂ |
| အိန္ဒိယ | ၁၆၈၆၈ | ၁၂၃၁၈ | ၉၈၄၉ | ၈၆၀၉ | ၇၁၇၃ |
| ဟောင်ကောင် | ၄၈၂၆ | ၃၈၂၀ | ၃၀၈၁ | ၂၇၄၇ | ၂၄၁၀ |
| ဘင်္ဂလားဒေ့ရှ် | ၁၇၃၇ | ၁၉၈၈ | ၁၄၄၁ | ၁၂၁၂ | ၁၀၀၁ |
| အခြား | ၃၀၄၇၆ | ၁၉၇၈၇ | ၁၄၆၆၄ | ၉၉၉၇ | ၈၀၀၃ |
| **အနောက်ဥရောပ** | **၁၃၀၂၉၆** | **၈၀၈၉၅** | **၅၉၈၁၇** | **၄၈၅၂၇** | **၃၇၁၅၆** |
| ပြင်သစ် | ၃၀၀၆၄ | ၁၉၄၁၄ | ၁၃၁၄၃ | ၁၀၄၅၈ | ၈၂၁၇ |
| ဗြိတိန် | ၂၄၂၉၆ | ၁၁၀၅၆ | ၇၃၄၀ | ၆၁၇၁ | ၅၃၉၇ |
| ဂျာမဏီ | ၂၃၀၆၃ | ၁၄၀၀၆ | ၁၁၀၈၂ | ၉၆၀၈ | ၈၉၄၇ |
| အီတလီ | ၁၀၈၃၀ | ၉၇၁၀ | ၇၁၆၉ | ၅၉၇၅ | ၃၀၃၀ |
| ဆွစ်ဇာလန် | ၈၀၃၄ | ၅၅၄၅ | ၄၁၆၈ | ၃၂၂၉ | ၂၄၈၂ |
| စပိန် | ၆၆၈၈ | ၆၆၅၉ | ၅၈၁၂ | ၄၄၈၁ | ၂၅၈၈ |
| ဘယ်လ်ဂျီယမ် | ၄၆၂၇ | ၃၃၇၆ | ၂၄၁၁ | ၁၈၄၈ | ၁၃၈၆ |
| သြစတြေးလျ | ၃၄၈၉ | ၁၉၆၄ | ၁၈၉၆ | ၁၄၄၇ | ၁၂၁၂ |
| အခြား | ၁၉၂၀၅ | ၉၁၆၅ | ၆၇၉၆ | ၅၃၀၀ | ၃၈၉၇ |
| **မြောက်အမေရိက** | **၄၄၀၇၄** | **၂၅၃၆၅** | **၁၈၉၁၁** | **၁၇၄၄၀** | **၁၅၂၂၉** |
| အမေရိကန် | ၃၇၅၈၉ | ၂၁၆၈၀ | ၁၆၅၀၄ | ၁၅၀၅၃ | ၁၃၁၉၅ |
| ကနေဒါ | ၆၄၈၅ | ၃၆၈၅ | ၂၄၀၇ | ၂၃၈၇ | ၂၀၃၄ |
| **ပစိဖိတ်ကျွန်းနိုင်ငံများ** | **၂၀၆၅၀** | **၁၁၆၂၂** | **၈၆၉၅** | **၈၀၀၅** | **၆၀၇၉** |
| သြစတြေးလျ | ၁၈၂၆၁ | ၁၀၄၁၅ | ၇၆၉၃ | ၇၁၆၃ | ၅၃၇၄ |
| နယူးဇီလန် | ၂၃၄၂ | ၁၁၈၈ | ၉၉၃ | ၈၃၀ | ၆၉၁ |
| အခြား | ၄၇ | ၁၉ | ၉ | ၁၂ | ၁၄ |
| **အရှေ့ဥရောပ** | **၉၀၇၇** | **၇၆၂၂** | **၆၁၁၈** | **၄၆၂၃** | **၃၇၂၉** |
| ရုရှား | ၃၇၄၉ | ၃၄၉၆ | ၂၇၅၇ | ၂၀၇၀ | ၁၇၂၆ |
| အခြား | ၅၃၂၈ | ၄၁၂၆ | ၃၃၆၁ | ၂၅၅၃ | ၂၀၀၃ |
| **အရှေ့အလယ်ပိုင်း** | **၃၇၄၇** | **၂၆၀၇** | **၂၂၀၈** | **၁၅၆၄** | **၁၃၇၉** |
| **အခြားအမေရိကနိုင်ငံများ** | **၃၅၃၅** | **၂၃၈၀** | **၁၆၆၉** | **၁၂၂၂** | **၉၂၉** |
| **အာဖရိက** | **၁၅၉၈** | **၉၉၃** | **၈၁၆** | **၇၆၄** | **၅၃၉** |
| **စုစုပေါင်း** | **၅၉၃၃၈၁** | **၃၉၁၁၇၆** | **၃၁၀၆၈၈** | **၂၄၃၂၇၈** | **၁၉၃၃၁၉** |

**စုစုပေါင်းနိုင်ငံတကာမှ လာရောက်မှုရာခိုင်နှုန်း**

| ပင်ရင်းဧည့်သည် | ၂၀၁၂ | ၂၀၁၁ | ၂၀၁၀ | ၂၀၀၉ | ၂၀၀၈ |
|---|---|---|---|---|---|
| **အာရှ** | **၆၄.၁%** | **၆၆.၄%** | **၆၈.၄%** | **၆၆.၂%** | **၆၆.၄%** |
| ထိုင်း | ၁၅.၉% | ၁၅.၈% | ၁၉.၂% | ၁၇.၈% | ၁၄.၁% |
| တရုတ် | ၁၁.၉% | ၁၅.၉% | ၁၄.၉% | ၁၄.၉% | ၁၅.၉% |
| ဂျပန် | ၈.၀% | ၅.၅% | ၅.၂% | ၅.၇% | ၅.၆% |
| ကိုရီးယား | ၅.၉% | ၅.၈% | ၆.၁% | ၅.၁% | ၆.၄% |
| မလေးရှား | ၅.၁% | ၆.၀% | ၅.၂% | ၄.၀% | ၄.၃% |
| စင်္ကာပူ | ၄.၄% | ၃.၉% | ၃.၉% | ၄.၄% | ၄.၄% |
| ထိုင်ဝမ် | ၃.၇% | ၄.၀% | ၄.၆% | ၅.၀% | ၅.၉% |
| အိန္ဒိယ | ၂.၈% | ၃.၁% | ၃.၂% | ၃.၅% | ၃.၇% |
| ဟောင်ကောင် | ၀.၈% | ၁.၀% | ၁.၀၅% | ၁.၁% | ၁.၂% |
| ဘင်္ဂလားဒေ့ရှ် | ၀.၃% | ၀.၅% | ၀.၅% | ၀.၅% | ၀.၅% |
| အခြား | ၅.၁% | ၅.၁% | ၄.၇% | ၄.၁% | ၄.၁% |
| **အနောက်ဥရောပ** | **၂၂.၀%** | **၂၀.၇%** | **၁၉.၃%** | **၁၉.၉%** | **၁၉.၂%** |
| ပြင်သစ် | ၅.၁% | ၅.၀% | ၄.၂% | ၄.၃% | ၄.၃% |
| ဗြိတိန် | ၄.၁% | ၂.၈% | ၂.၄% | ၂.၅% | ၂.၈% |
| ဂျာမဏီ | ၃.၉% | ၃.၆% | ၃.၆% | ၃.၉% | ၄.၆% |
| အီတလီ | ၁.၈% | ၂.၅% | ၂.၃% | ၂.၅% | ၁.၆% |
| ဆွစ်ဇာလန် | ၁.၄% | ၁.၄% | ၁.၃% | ၁.၃% | ၁.၃% |
| စပိန် | ၁.၁% | ၁.၄% | ၁.၃% | ၁.၃% | ၁.၃% |
| ဘယ်လ်ဂျီယမ် | ၀.၈% | ၀.၉% | ၀.၈% | ၀.၈% | ၀.၇% |
| သြစတြီးလျ | ၀.၆% | ၀.၅% | ၀.၆% | ၀.၆% | ၀.၆% |
| အခြား | ၃.၂% | ၂.၃% | ၂.၂% | ၂.၂% | ၂.၀% |
| **မြောက်အမေရိက** | **၇.၄%** | **၆.၅%** | **၆.၁%** | **၇.၂%** | **၇.၉%** |
| အမေရိကန် | ၆.၃% | ၅.၅% | ၅.၃% | ၆.၂% | ၆.၈% |
| ကနေဒါ | ၁.၁% | ၀.၉% | ၀.၈% | ၁.၀% | ၁.၁% |
| **ပစိဖိတ်ကျွန်းနိုင်ငံများ** | **၃.၅%** | **၃.၀%** | **၂.၈%** | **၃.၃%** | **၃.၁%** |
| သြစတြေးလျ | ၃.၁% | ၂.၇% | ၂.၅% | ၂.၉% | ၂.၈% |
| နယူးဇီလန် | ၀.၄% | ၀.၃% | ၀.၃% | ၀.၃% | ၀.၄% |
| အခြား | ၀.၀% | ၀.၀% | ၀.၀% | ၀.၀% | ၀.၀% |
| **အရှေ့ဥရောပ** | **၁.၅%** | **၁.၉%** | **၂.၀%** | **၁.၉%** | **၁.၉%** |
| ရုရှား | ၀.၆% | ၀.၉% | ၀.၉% | ၀.၉% | ၀.၉% |
| အခြား | ၀.၉% | ၁.၁% | ၁.၁% | ၁.၀% | ၁.၀% |
| **အရှေ့အလယ်ပိုင်း** | **၀.၆%** | **၀.၇%** | **၀.၇%** | **၀.၆%** | **၀.၇%** |
| **အခြားအမေရိကနိုင်ငံများ** | **၀.၆%** | **၀.၆%** | **၀.၅%** | **၀.၅%** | **၀.၅%** |
| **အာဖရိက** | **၀.၃%** | **၀.၃%** | **၀.၃%** | **၀.၃%** | **၀.၃%** |
| **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၂)
မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

ပုံ (၆) မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု (၂၀၀၈-၂၀၁၂)




**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ထုတ်ပြန်ထားသည့်အချက်အလက် (၂၀၁၂)
မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

၂၀၁၂ ခုနှစ်တွင် အာရှသည် အကြီးမားဆုံးဈေးကွက်ရင်းမြစ်ဖြစ်လာခဲ့ပြီး လေကြောင်းမှ နိုင်ငံတကာခရီးသွားများ လာရောက်မှု စုစုပေါင်း၏ ၆၄.၁ % ခန့်ရှိသည်။ အခြားအရေးကြီးသော ဈေးကွက်များမှာ အနောက်ဥရောပနိုင်ငံများ (၂၂.၀%)၊ မြောက်အမေရိကနိုင်ငံများ (၇.၄%)နှင့် ပစိဖိတ်ကျွန်းနိုင်ငံများ (၃.၅%) တို့ဖြစ်သည်။ အရှေ့ဥရောပနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အခြားအမေရိကနိုင်ငံများနှင့် အာဖရိကနိုင်ငံများမှ လာရောက်မှုသည် ၁.၅% ၊ ၀.၆% နှင့် ၀.၃% အသီးသီးဖြစ်ကြသည်။

အာရှမှ မြန်မာနိုင်ငံသို့ ခရီးသွားအများဆုံး ဆက်လက်လာရောက်သော်လည်းအာရှခရီးသွားများလာရောက်မှုသည် အနည်းငယ်ကျဆင်းလျက်ရှိသည်။ အနောက်ဥရောပမှ ခရီးသွားများလာရောက်မှုက တိုးတက်လာလျက်ရှိသည်။

ပုံ (၇) မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် စုစုပေါင်းလာရောက်မှု ရာခိုင်နှုန်း (၂၀၀၈-၂၀၁၂)




**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ထုတ်ပြန်ထားသည့်အချက်အလက် (၂၀၁၂)
မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

**ဇယား-၁၄** မြန်မာနိုင်ငံသို့ လေကြောင်းမှ ရောက်ရှိမှု နှစ်အလိုက် တိုးတက်မှု (နိုင်ငံသားအလိုက်) ၂၀၀၉-၂၀၁၂

**နှစ်အလိုက်တိုးတက်မှု ရာခိုင်နှုန်း**

| ပင်ရင်းဧည့်သည် | ၂၀၁၂ | ၂၀၁၁ | ၂၀၁၀ | ၂၀၀၉ | ၂၀၀၈ |
|---|---|---|---|---|---|
| **အာရှ** | **၄၆. ၅%** | **၂၂. ၂%** | **၃၁. ၉%** | **၂၅. ၆%** | **-** |
| ထိုင်း | ၅၂. ၉% | ၃. ၄% | ၃၈. ၀% | ၅၈. ၄% | - |
| တရုတ် | ၁၄. ၂% | ၃၄. ၄% | ၂၇. ၀% | ၁၈. ၀% | - |
| ဂျပန် | ၁၂၃. ၇% | ၃၁. ၇% | ၁၇. ၂% | ၂၆. ၉% | - |
| ကိုရီးယား | ၅၄. ၅% | ၁၉. ၀% | ၅၁. ၃% | ၁. ၁% | - |
| မလေးရှား | ၃၁. ၀% | ၄၃. ၉% | ၆၇. ၄% | ၁၆. ၉% | - |
| စင်္ကာပူ | ၇၀. ၉% | ၂၇. ၁% | ၁၃. ၁% | ၂၄. ၆% | - |
| ထိုင်ဝမ် | ၄၁. ၉% | ၉. ၇% | ၁၅. ၄% | ၇. ၀% | - |
| အိန္ဒိယ | ၃၆. ၉% | ၂၅. ၁% | ၁၄. ၄% | ၂၀. ၀% | - |
| ဟောင်ကောင် | ၂၆. ၃% | ၂၄. ၀% | ၁၂. ၂% | ၁၄. ၀% | - |
| ဘင်္ဂလားဒေ့ရှ် | -၁၂. ၆% | ၃၈. ၀% | ၁၈. ၉% | ၂၁. ၁% | - |
| အခြား | ၅၄. ၀% | ၃၄. ၉% | ၄၆. ၇% | ၂၄. ၉% | - |
| **အနောက်ဥရောပ** | **၆၁. ၁%** | **၃၅. ၂%** | **၂၃. ၃%** | **၃၀. ၆%** | **-** |
| ပြင်သစ် | ၅၄. ၉% | ၄၇. ၇% | ၂၅. ၇% | ၂၇. ၃% | - |
| ဗြိတိန် | ၁၁၉. ၈% | ၅၀. ၆% | ၁၈. ၉% | ၁၄. ၃% | - |
| ဂျာမဏီ | ၆၄. ၇% | ၂၆. ၄% | ၁၅. ၃% | ၇. ၄% | - |
| အီတလီ | ၁၁. ၅% | ၃၅. ၄% | ၂၀. ၀% | ၉၇. ၂% | - |
| ဆွစ်ဇာလန် | ၄၄. ၉% | ၃၃. ၀% | ၂၉. ၁% | ၃၀. ၁% | - |
| စပိန် | ၀. ၄% | ၁၄. ၆% | ၂၉. ၇% | ၇၃. ၁% | - |
| ဘယ်လ်ဂျီယမ် | ၃၇. ၁% | ၄၀. ၀% | ၃၀. ၅% | ၃၃. ၃% | - |
| သြစတြေးလျ | ၇၇. ၆% | ၃. ၆% | ၃၁. ၀% | ၁၉. ၄% | - |
| အခြား | ၁၀၉. ၅% | ၃၄. ၉% | ၂၈. ၀% | ၃၆. ၃% | - |
| **မြောက်အမေရိက** | **၇၃. ၈%** | **၃၄. ၁%** | **၈. ၄%** | **၁၄. ၅%** | **-** |
| အမေရိကန် | ၇၃. ၄% | ၃၁. ၄% | ၉. ၆% | ၁၄. ၁% | - |
| ကနေဒါ | ၇၆. ၀% | ၅၃. ၁% | ၀. ၈% | ၁၇. ၄% | - |
| **ပစိဖိတ်ကျွန်းနိုင်ငံများ** | **၇၇. ၇%** | **၃၃. ၇%** | **၈. ၆%** | **၃၁. ၇%** | **-** |
| သြစတြေးလျ | ၇၅. ၃% | ၃၅. ၄% | ၇. ၄% | ၃၃. ၃% | - |
| နယူးဇီလန် | ၉၇. ၁% | ၁၉. ၆% | ၁၉. ၆% | ၂၀. ၁% | - |
| အခြား | ၁၄၇. ၄% | ၁၁၁. ၁% | -၂၅. ၀% | -၁၄. ၃% | - |
| **အရှေ့ဥရောပ** | **၁၉. ၁%** | **၂၄. ၆%** | **၃၂. ၃%** | **၂၄. ၀%** | **-** |
| ရုရှား | ၇. ၂% | ၂၆. ၈% | ၃၃. ၂% | ၁၉. ၉% | - |
| အခြား | ၂၉. ၁% | ၂၂. ၈% | ၃၁. ၆% | ၂၇. ၅% | - |
| **အရှေ့အလယ်ပိုင်း** | **၄၃. ၇%** | **၁၈. ၁%** | **၄၁. ၂%** | **၁၃. ၄%** | **-** |
| **အခြားအမေရိကနိုင်ငံများ** | **၄၈. ၅%** | **၄၂. ၆%** | **၃၆. ၆%** | **၃၁. ၅%** | **-** |
| **အာဖရိက** | **၆၀. ၉%** | **၂၁. ၇%** | **၆. ၈%** | **၄၁. ၇%** | **-** |
| **စုစုပေါင်း** | **၅၁. ၇%** | **၂၅. ၉%** | **၂၇. ၇%** | **၂၅. ၈%** | **-** |

**နိုင်ငံတကာမှ လေကြောင်းဖြင့်လာရောက်မှု နှစ်အလိုက်ပြောင်းလဲမှု**

| ပင်ရင်းဧည့်သည် | ၂၀၁၂ | ၂၀၁၁ | ၂၀၁၀ | ၂၀၀၉ | ၂၀၀၈ |
|---|---|---|---|---|---|
| **အာရှ** | **၁၂၀၇၁၂** | **၄၇၂၃၈** | **၅၁၃၂၁** | **၃၂၈၅၄** | **-** |
| ထိုင်း | ၃၂၆၄၆ | ၂၀၀၄ | ၁၆၄၃၈ | ၁၅၉၄၃ | - |
| တရုတ် | ၈၇၈၇ | ၁၅၈၇၇ | ၉၈၀၀ | ၅၅၄၉ | - |
| ဂျပန် | ၂၆၃၆၉ | ၅၁၃၅ | ၂၃၇၇ | ၂၉၂၈ | - |
| ကိုရီးယား | ၁၂၂၈၁ | ၃၅၉၄ | ၆၄၂၂ | ၁၃၉ | - |
| မလေးရှား | ၇၂၁၂ | ၇၁၀၁ | ၆၅၁၈ | ၁၄၀၀ | - |
| စင်္ကာပူ | ၁၀၉၀၅ | ၃၂၇၇ | ၁၄၀၂ | ၂၁၀၃ | - |
| ထိုင်ဝမ် | ၆၅၁၈ | ၁၃၇၂ | ၁၈၉၄ | ၈၀၄ | - |
| အိန္ဒိယ | ၄၅၅၀ | ၂၄၆၉ | ၁၂၄၀ | ၁၄၃၆ | - |
| ဟောင်ကောင် | ၁၀၀၆ | ၇၃၉ | ၃၃၄ | ၃၃၇ | - |
| ဘင်္ဂလားဒေ့ရှ် | ၂၅၁ | ၅၄၇ | ၂၂၉ | ၂၁၀ | - |
| အခြား | ၁၀၆၈၉ | ၂၁၀၇၈ | ၁၁၂၉၀ | ၁၁၃၇၁ | - |
| **အနောက်ဥရောပ** | **၄၉၄၀၁** | **၂၁၀၇၈** | **၁၁၂၉၀** | **၁၁၃၇၁** | **-** |
| ပြင်သစ် | ၁၀၆၅၀ | ၆၂၇၁ | ၂၆၈၅ | ၂၂၄၁ | - |
| ဗြိတိန် | ၁၃၂၄၀ | ၃၇၁၆ | ၁၁၆၉ | ၇၇၄ | - |
| ဂျာမဏီ | ၉၀၅၇ | ၂၉၂၄ | ၁၄၇၄ | ၆၆၁ | - |
| အီတလီ | ၁၁၂၀ | ၂၅၄၁ | ၁၁၉၄ | ၂၉၄၅ | - |
| ဆွစ်ဇာလန် | ၂၄၈၉ | ၁၃၇၇ | ၉၃၉ | ၇၄၇ | - |
| စပိန် | ၂၉ | ၈၄၇ | ၁၃၃၁ | ၁၈၉၃ | - |
| ဘယ်လ်ဂျီယမ် | ၁၂၅၁ | ၉၆၅ | ၅၆၃ | ၄၆၂ | - |
| သြစတြီးလျ | ၁၅၂၅ | ၆၈ | ၄၄၉ | ၂၃၅ | - |
| အခြား | ၁၀၀၄၀ | ၂၃၆၉ | ၁၄၈၆ | ၁၄၁၃ | - |
| **မြောက်အမေရိက** | **၁၈၇၀၉** | **၆၄၅၄** | **၁၄၇၁** | **၂၂၁၁** | **-** |
| အမေရိကန် | ၁၅၉၀၉ | ၅၁၇၆ | ၁၄၅၁ | ၁၈၅၈ | - |
| ကနေဒါ | ၂၈၀၀ | ၁၂၇၈ | ၂၀ | ၃၅၃ | - |
| **ပစိဖိတ်ကျွန်းနိုင်ငံများ** | **၉၀၂၈** | **၂၉၂၇** | **၆၉၀** | **၁၉၂၆** | **-** |
| သြစတြေးလျ | ၇၈၄၆ | ၂၇၂၂ | ၅၃၀ | ၁၇၈၉ | - |
| နယူးဇီလန် | ၁၁၅၄ | ၁၉၅ | ၁၆၃ | ၁၃၉ | - |
| အခြား | ၂၈ | ၁၀ | ၃ | ၂ | - |
| **အရှေ့ဥရောပ** | **၁၄၅၅** | **၁၅၀၄** | **၁၄၉၅** | **၈၉၄** | **-** |
| ရုရှား | ၂၅၃ | ၇၃၉ | ၆၈၇ | ၃၄၄ | - |
| အခြား | ၁၂၀၂ | ၇၆၅ | ၈၀၈ | ၅၅၀ | - |
| **အရှေ့အလယ်ပိုင်း** | **၁၁၄၀** | **၃၉၉** | **၆၄၄** | **၁၈၅** | **-** |
| **အခြားအမေရိကနိုင်ငံများ** | **၁၁၅၅** | **၇၁၁** | **၄၄၇** | **၂၉၃** | **-** |
| **အာဖရိက** | **၆၀၅** | **၁၇၇** | **၅၂** | **၂၂၅** | **-** |
| **စုစုပေါင်း** | **၂၀၂၂၀၅** | **၈၀၄၈၈** | **၆၇၄၁၀** | **၄၉၉၅၉** | **-** |

**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၂) မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

အခြားသောဒေသများနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၂ ခုနှစ်တွင် အများဆုံးဆက်စပ်တိုးတက်သည့် နိုင်ငံများမှာ ပစိဖိတ်ကျွန်းနိုင်ငံများ (၇၇. ၇%)၊ မြောက်အမေရိကနိုင်ငံများ (၇၃. ၈%)၊ အနောက်ဥရောပနိုင်ငံများ (၆၁. ၁%) တို့ဖြစ်ပြီး အခိုင်မာဆုံး တိုးတက်မှုကို ထိုင်းနိုင်ငံ (ခရီးသည် +၃၂,၆၄၆) နှင့် ဂျပန်နိုင်ငံ (+၂၆,၃၇၆) တို့တွင်တွေ့ရ၍ အထူးဆက်စပ်တိုးတက်မှုမှာ ဂျပန်နိုင်ငံ (+၁၂၃. ၇၂%) နှင့် ဗြိတိန်နိုင်ငံ(+၁၁၉. ၈%) တို့တွင်စတင်ပြီး ထိုးဖောက်ဝင်ရောက်နိုင်မှုနည်းသည့် ဈေးကွက်များတွင်ပင် ထူးခြားသော တိုးတက်မှုအလားအလာများကို ညွှန်ပြနေခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များသည် ကဏ္ဍကြီးတိုးတက်ရေးအတွက် အများဆုံး ကူညီပံ့ပိုးမည့်သူများဖြစ်သည်။ ထိုင်းနိုင်ငံမှ ခရီးသွားများ လာရောက်မှု၏ ဆက်စပ်တိုးတက်မှုသည် အမျိုးသားပျမ်းမျှတိုးတက်မှုနှုန်းနှင့် ကိုက်ညီသော်လည်း စုစုပေါင်းလာရောက်မှုတွင် ၎င်းက အများဆုံးဖြစ်သောကြောင့် စုစုပေါင်းတိုးတက်မှုတွင် အများဆုံးပါဝင်ခဲ့သည်။ ဂျပန်နိုင်ငံ၏ ဈေးကွက်ဝေစု ၅. ၅ % သည် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ကိုက်ညီပြီး ၂၀၁၂ ခုနှစ်တွင် ဂျပန်ခရီးသွားများ လာရောက်မှုသည် ၁၂၃. ၇ % သို့ တိုးတက်လာခဲ့သဖြင့် စုစုပေါင်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏ ၁၃ % ရှိသည်။ မှတ်သားဖွယ်ကောင်းသည်မှာ ဈေးကွက်ဝေစု အများဆုံးဖြစ်သော်လည်း တရုတ်နိုင်ငံ၏တိုးတက်မှုသည် အနည်းဆုံးဖြစ်သောကြောင့် ၂၀၁၂ ခုနှစ်တွင် ကဏ္ဍဖွံ့ဖြိုးရေးအတွက် အနည်းငယ်မျှသာ ကူညီနိုင်ခဲ့သည်။

**ဇယား-၁၅ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လေကြောင်းခရီးဖြင့်လာရောက်မှု (နိုင်ငံသားအလိုက်)၂၀၁၂ ခုနှစ်**

| ဧည့်နိုင်ငံသား | စုစုပေါင်းတိုးတက်မှုသို့ ထည့်ဝင်နိုင်မှု | စုစုပေါင်းတိုးတက်မှု ရာခိုင်နှုန်း | အမြင့်ဆုံးတိုးတက်မှု ရာခိုင်နှုန်း | ၂၀၁၁ တိုးတက်မှု | ၂၀၁၂ တိုးတက်မှု |
|---|---|---|---|---|---|
| ထိုင်း | ၈. ၃% | ၁၆. ၁% | ၅၂. ၉% | ၁၅. ၈% | ၁၅. ၉% |
| ဂျပန် | ၆. ၇% | ၁၃. ၀% | ၁၂၃. ၇% | ၅. ၅% | ၈. ၀% |
| အမေရိကန် | ၄. ၁% | ၇. ၉% | ၇၃. ၄% | ၅. ၅% | ၆. ၃% |
| ဗြိတိန် | ၃. ၄% | ၆. ၅% | ၁၁၉. ၈% | ၂. ၈% | ၄. ၁% |
| ကိုရီးယား | ၂. ၈% | ၆. ၁% | ၅၄. ၅% | ၅. ၈% | ၅. ၉% |
| စင်္ကာပူ | ၂. ၇% | ၅. ၄% | ၇၀. ၉% | ၃. ၉% | ၄. ၄% |
| အခြားအာရှနိုင်ငံများ | ၂. ၇% | ၅. ၃% | ၅၄. ၀% | ၅. ၁% | ၅. ၁% |
| ပြင်သစ် | ၂. ၆% | ၅. ၃% | ၅၄. ၉% | ၅. ၀% | ၅. ၁% |
| အခြားအနောက်ဥရောပနိုင်ငံများ | ၂. ၃% | ၅. ၀% | ၁၀၉. ၅% | ၂. ၃% | ၃. ၂% |
| ဂျာမဏီ | ၂. ၂% | ၄. ၅% | ၆၄. ၇% | ၃. ၆% | ၃. ၉% |
| တရုတ် | ၂. ၀% | ၄. ၃% | ၁၄. ၂% | ၁၅. ၉% | ၁၁. ၉% |
| သြစတြေးလျ | ၁. ၈% | ၃. ၉% | ၇၅. ၃% | ၂. ၇% | ၃. ၁% |
| မလေးရှား | ၁. ၇% | ၃. ၆% | ၃၁. ၀% | ၆. ၀% | ၅. ၁% |
| တရုတ်(တိုင်ပေ) | ၁. ၂% | ၃. ၂% | ၄၁. ၉% | ၄. ၀% | ၃. ၇% |
| အိန္ဒိယ | ၀. ၇% | ၂. ၃% | ၃၆. ၉% | ၃. ၁% | ၂. ၈% |
| ကနေဒါ | ၀. ၆% | ၁. ၄% | ၇၆. ၀% | ၀. ၉% | ၁. ၁% |
| ဆွစ်ဇာလန် | ၀. ၄% | ၁. ၂% | ၄၄. ၉% | ၁. ၄% | ၁. ၄% |
| သြစတြီးလျ | ၀. ၃% | ၀. ၈% | ၇၇. ၆% | ၀. ၅% | ၀. ၆% |
| ဘယ်လ်ဂျီယမ် | ၀. ၃% | ၀. ၆% | ၃၇. ၁% | ၀. ၉% | ၀. ၈% |
| အခြားအနောက်ဥရောပနိုင်ငံများ | ၀. ၃% | ၀. ၆% | ၂၉. ၁% | ၁. ၁% | ၀. ၉% |
| အခြားအမေရိကနိုင်ငံများ | ၀. ၃% | ၀. ၆% | ၄၈. ၅% | ၀. ၆% | ၀. ၆% |
| နယူးဇီလန် | ၀. ၃% | ၀. ၆% | ၉၇. ၁% | ၀. ၃% | ၀. ၄% |
| အရှေ့အလယ်ပိုင်းနိုင်ငံများ | ၀. ၃% | ၀. ၆% | ၄၃. ၇% | ၀. ၇% | ၀. ၆% |
| အီတလီ | ၀. ၃% | ၀. ၆% | ၁၁. ၅% | ၂. ၅% | ၁. ၈% |
| ဟောင်ကောင်(တရုတ်) | ၀. ၃% | ၀. ၅% | ၂၆. ၃% | ၁. ၀% | ၀. ၈% |
| အာဖရိက | ၀. ၂% | ၀. ၃% | ၆၀. ၉% | ၀. ၃% | ၀. ၃% |
| ရုရှား | ၀. ၁% | ၀. ၁% | ၇. ၂% | ၀. ၉% | ၀. ၆% |
| စပိန် | ၀. ၀% | ၀. ၀% | ၀. ၄% | ၁. ၇% | ၁. ၁% |
| အခြားပစိဖိတ်ကျွန်းနိုင်ငံများ | ၀. ၀% | ၀. ၀% | ၁၄၇. ၄% | ၀. ၀% | ၀. ၀% |
| ဘင်္ဂလားဒေ့ရှ် | -၀. ၁% | -၀. ၁% | -၁၂. ၆% | ၀. ၅% | ၀. ၃% |
| **စုစုပေါင်း** | **၅၁. ၇%** | **၁၀၀. ၀၀%** | **၅၁. ၇%** | **၁၀၀. ၀၀%** | **၁၀၀. ၀၀%** |

**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၂)
မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

စိတ်ဝင်စားစရာတစ်ခုမှာ ၂၀၁၂ ခုနှစ်အတွင်း တိုးတက်မှုများတွင် အနောက်နိုင်ငံများက အားကောင်းစွာပါဝင်လာခြင်းဖြစ်သည်။ အာရှနိုင်ငံများမှ ခရီးသွားများ လာရောက်မှုသည် မြန်မာနိုင်ငံတွင် လူလတ်တန်းစားများ တိုးတက်များပြားလာခြင်းနှင့် စိတ်ဝင်စားမှုများ တိုးတက်လာခြင်းနှင့်အညီ ဆက်လက်တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ၂၀၁၂ ခုနှစ် အတွင်း တိုးတက်မှုများတွင် အာရှဒေသသည် အရေးအကြီးဆုံးသော ကူညီပံ့ပိုးသူဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကြောင့် တိုးတက်လာသည့် ရာခိုင်နှုန်းတွင် အနောက်နိုင်ငံဈေးကွက်များပါဝင်လာစေရေးအတွက် သေချာစေခဲ့သည်။ ရလဒ်အနေဖြင့် အနောက်နိုင်ငံများက ၎င်းတို့၏ ခရီးသွားဝေစု အချိုးအစားထက် ကျော်လွန်အောင် ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်သည်။

ထို့ပြင် ၂၀၁၂ ခုနှစ်တွင် တိုးတက်စနိုင်ငံများနေရာတွင် OECD နိုင်ငံများက တစ်နှစ်ထက်တစ်နှစ် နိုင်ငံတကာခရီးသွားများ တိုးတက်ရောက်ရှိလာစေသော အဓိကနိုင်ငံများအဖြစ် နေရာယူလာခဲ့သည်။ ၂၀၁၂ ခုနှစ် တွင် OECD ဈေးကွက်များမှ တိုးတက်ရောက်ရှိလာသည့် ခရီးသွားများက ကဏ္ဍကို ၅၁% တိုးတက်လာစေခဲ့သည်။ ဤအလားအလာသည် အနောက်နိုင်ငံ ခရီးသွားများအား လာရောက်အောင် စွဲဆောင်နိုင်မှု၏ ပြယုဂ်ပင်ဖြစ်သည်။ ထိုကဲ့သို့ ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်ရန်နှင့် ကြိုးပမ်းအားထုတ်မှုမျိုးစုံကို တိုးတက်လာစေရေးအတွက် ဤဈေးကွက်များက အလားအလာရှိသော အဓိကဈေးကွက်များအဖြစ် ဆောင်ရွက်ပေးသည်။

ကမ္ဘာနှင့် ဒေသတွင်းနိုင်ငံများ၏ ပမာဏများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းက GDP နှင့် အလုပ်အကိုင် ဆောင်ရွက်ပေးနိုင်မှုတွင် နည်းသော်လည်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မည့် အခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း ညွှန်ပြနေသည်။ ဤသုံးသပ်ချက်က ကဏ္ဍ၏ လက်ရှိဆောင်ရွက်မှုလမ်းကြောင်းကို ထပ်မံအထောက်အကူပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် ကောင်းမွန်သော တိုးတက်မှုအလားအလာများသို့ စတင်ဦးတည်ရောက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြနေသည်။ မြန်မာနိုင်ငံ၏ အရေးကြီးသော ဈေးကွက်ရင်းမြစ်များတွင်ပါဝင်သည့် တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့သည် ဖွံ့ဖြိုးတိုးတက်မှု၏ အရေးကြီးသောရင်းမြစ်များအဖြစ် ဆက်လက်ရှိနေသော်လည်း အနောက်ဥရောပနှင့် မြောက်အမေရိကနိုင်ငံများမှ ခရီးသွားများ အများအပြားလာရောက်မှုများလည်း တွေ့ကြုံခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် သမရိုးကျဈေးကွက်များတွင် ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်းနှင့် ထုတ်ကုန်များကို အမျိုးအစားစုံလင်အောင် ပြုလုပ်ခြင်းဖြင့် ၎င်း၏ဈေးကွက်တိုးချဲ့မှုကို ဆက်လက်ဆောင်ရွက်နေခြင်းနှင့် တစ်ဆက်တည်းတွင် ထိတွေ့မှုမရှိသေးသည့် အနောက်နိုင်ငံများတွင်လည်း တိုးတက်ရန်အတွက် ထုတ်ကုန်မျိုးစုံနှင့် ဆွဲဆောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း ရရှိနေခဲ့သည်။

**အဖွဲ့အစည်းဆိုင်ရာ အမြင်၊ အယူအဆများ**

ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်း (TSIs) များသည် ကဏ္ဍ၏ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝင်စားစွာကူညီ ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများ ဖြစ်သည်။ အကျယ်အားဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် TSIs များက ကူညီပံ့ပိုး ပေးနေသည့် အရေးကြီးသော ဝန်ဆောင်မှုလုပ်ငန်းများများကို အောက်ပါအထောက်အကူပြုနယ်ပယ်များအလိုက် အမျိုးအစား ခွဲခြားနိုင်သည် -

- မူဝါဒအထောက်အကူပြုကွန်ရက်
- ကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကွန်ရက်
- မြို့ပြ လူမှုအဖွဲ့အစည်းကွန်ရက်

ဇယား (၁၆) မှ (၁၈) အထိသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍကို အကျိုးသက်ရောက်မှုရှိသော အဓိက TSI များ၏ ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ပေးနေခြင်းကို ရှင်းလင်းဖော်ပြထားသည်။ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ လူသားအရင်းအနှီး၊ ဘဏ္ဍာငွေစဉ်ဆက်မပြတ်ရရှိနိုင်မှုနှင့် ထောက်ခံမှုစသည့် အဓိကရှုထောင့်လေးမျိုးဖြင့် TSI များအပေါ် အကဲဖြတ်မှုများကိုပါ ဖော်ပြထားသည်။ TSI တစ်ခုခြင်းစီအတွက် အဆင့်သတ်မှတ်မှု (မြင့်/လတ်/နိမ့်) တို့ကို ခရီးသွားလုပ်ငန်းကဏ္ဍသို့ TSI များက ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည့်အပေါ်တွင် ကဏ္ဍမှ ပါဝင်ပတ်သက်လုပ်ကိုင်သူများက ဆုံးဖြတ်ထားထားခြင်းဖြစ်သည်။ တနည်းဆိုရသော် TSI များအား အကဲဖြတ်မှုမှာ ခရီးသွားလုပ်ငန်းကဏ္ဍကို ၎င်းတို့ကမည်သို့ကောင်းမွန်စွာ ဝန်ဆောင်မှု ပေးနိုင်သည်ဆိုသည့် ရှုထောင့်မှ TSI တွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများ၏ အကဲဖြတ်ချက်များအပေါ်တွင် အခြေခံ၍ ဖော်ပြထားခြင်းဖြစ်သည်။

ပုံ (၈) OECD နှင့် OECD မဟုတ်သည့် ဈေးကွက်များသို့ နှစ်အလိုက်တိုးတက်မှု အခြေအနေ (၂၀၀၉-၂၀၁၂)




**ရင်းမြစ်** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တွက်ချက်ထားသည့်အချက်အလက် (၂၀၁၂) မြန်မာခရီးသွားလုပ်ငန်း စာရင်းအချက်အလက်၊ ၂၀၀၈-၂၀၁၂

## မူဝါဒဆိုင်ရာ အထောက်အကူပြုကွန်ရက်

ဤအဖွဲ့အစည်းများသည် အမျိုးသားအဆင့်မူဝါဒများကို ပြဋ္ဌာန်းခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းအတွက် တာဝန်ရှိသော ဝန်ကြီးဌာနများနှင့် အာဏာပိုင်အဖွဲ့အစည်းများကို ကိုယ်စားပြုသည်။

### ဇယား-၁၆ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ မူဝါဒအထောက်အကူပြုကွန်ရက်

| အဖွဲ့အစည်း အမည် | ကဏ္ဍနှင့်ကိုက်ညီသည့် TSI များအကြောင်းဖော်ပြချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | လူသားအရင်းအမြစ် | ဘဏ္ဍာငွေရရှိနိုင်မှု | ထောက်ခံချက် |
|---|---|---|---|---|---|
| ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန | အောက်ပါတို့ကိုလုပ်ဆောင်ပါသည်-<br>• ကဏ္ဍကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်း<br>• ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်း<br>• ပုဂ္ဂလိကလုပ်ငန်းများအတွက်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း<br>• မြန်မာနိုင်ငံကို ခရီးသွားများလာရောက်သည့်နေရာအဖြစ် မြှင့်တင်ပေးခြင်း<br>• ဟိုတယ်နှင့် ခရီးသွားဇုန်များကို ဖော်ထုတ်ပေးခြင်း<br>• ကြီးကြပ်သည့်အဖွဲ့အစည်းများနှင့် ၎င်းတို့၏အခန်းကဏ္ဍကို ရှင်းလင်းဖော်ပြပေးခြင်း<br>• ကဏ္ဍအတွင်း အရည်အသွေး၊ စံချိန်စံညွှန်းများနှင့် ကျွမ်းကျင်မှုများကိုမြှင့်တင်ပေးခြင်း<br>• ခရီးသွားလုပ်ငန်းမှတဆင့် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် လူနေမှုဘဝမြှင့်တင်ပေးခြင်း<br>• ခရီးသွားလုပ်ငန်းတွင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br>ဟိုတယ်/ခရီးဝန်ကြီးဌာနသည် ကဏ္ဍဆက်စပ်နေသည့် ဦးစားပေးလုပ်ငန်းများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအများစုအတွက်ဦးဆောင်အဖွဲ့အစည်းဖြစ်သည်။ | လတ် | နိမ့် | နိမ့် | လတ် |
| နိုင်ငံခြားရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးရာမူဝါဒကိုစီမံခန့်ခွဲသည်။ ၎င်း၏တာဝန်များမှာဗီဇာလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် ခရီးသွားများအား မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်များဖြန့်ဝေပေးရန်ဖြစ်သည်။ | နိမ့် | နိမ့် | လတ် | နိမ့် |
| ပြည်ထဲရေးဝန်ကြီးဌာန | နိုင်ငံတော်လုံခြုံရေးကို အာမခံချက်ပေးရန်နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်သည်။ ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ကြီးကြပ်သည်။ | လတ် | လတ် | လတ် | နိမ့် |
| လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဗီဇာထုတ်ပေးခြင်းနှင့် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်များအတွက် တာဝန်ရှိသည်။ | လတ် | လတ် | လတ် | လတ် |
| ယဉ်ကျေးမှုဝန်ကြီးဌာန | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန့်ပွားစေခြင်းတို့ကို ဆောင်ရွက်သည်။ | လတ် | နိမ့် | နိမ့် | လတ် |
| သာသနာရေးဝန်ကြီးဌာန | သာသနာရေးဝန်ကြီးဌာန၏ ဦးတည်ချက်များမှာ လွတ်လပ်စွာကိုးကွယ်ယုံကြည်နိုင်စေရန်၊ ထေရဝါဒဗုဒ္ဓသာသနာ တိုးတက်ပြန့်ပွားစေရန်၊ နိုင်ငံတကာ ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်နှင့် မြန်မာ့ရိုးရာဓလေ့ထုံတမ်းနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သွားရန်တို့ ဖြစ်သည်။ | လတ် | နိမ့် | နိမ့် | လတ် |

| | | | | | |
|---|---|---|---|---|---|
| ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန | သစ်တောများနှင့် သဘာဝရင်းမြစ်များကို စဉ်ဆက်မပြတ်စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းအပြင် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ရေးကို ဆောင်ရွက်သည်။ | နိမ့် | နိမ့် | လတ် | လတ် |
| ကျန်းမာရေး ဝန်ကြီးဌာန | ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ချက်များအပါအဝင် ပြီးပြည့်စုံသော ကျန်းမာရေး ဝန်ဆောင်မှုနည်းလမ်းများမှတဆင့် ပြည်သူများ၏ ကျန်းမာရေးကိုသေချာစေရန် ကြီးကြပ်ဆောင်ရွက်ပေးသည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ပို့ဆောင်ရေး ဝန်ကြီးဌာန | ပြည်တွင်းနှင့်နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးစနစ်များကိုလုံခြုံချောမွေ့စေရန်အတွက် သယ်ယူပို့ဆောင်ရေးစွမ်းရည်နှင့် အခြေခံအဆောက်အအုံများကို တိုးတက်စေရန်နှင့် ထိန်းသိမ်းရန်နှင့် နယ်စပ်ဒေသများနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လုပ်ဆောင်သည်။ | လတ် | လတ် | လတ် | လတ် |
| ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ရထားပို့ဆောင်ရေးဝန်ကြီးဌာနတွင် အောက်ပါဌာနများပါဝင်သည် -<br>• ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန - ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာယာဉ်များအား လိုင်စင်ထုတ်ပေးခြင်း၊ အာဆီယံနှင့် မဟာမဲခေါင်ဒေသ **(GMS)** သယ်ယူပို့ဆောင်ရေးလုပ်ငန်း စတင်အကောင်အထည်ဖော်ခြင်းအတွက် **Focal Point** အဖြစ် ဆောင်ရွက်ပေးခြင်း၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဥပဒေများအား ကြီးကြပ်ကိုင်တွယ်ခြင်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများအား ကြီးကြပ်ပေးခြင်း၊<br>• ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန - လမ်းများလုံခြုံရေးစိတ်ချရေး၊ မော်တော်ယာဉ်များအား စစ်ဆေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ယာဉ်များသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အခွန်အခများအား စည်းကြပ်ခြင်း၊<br>• မြန်မာ့မီးရထားလုပ်ငန်း - နိုင်ငံပိုင်လုပ်ငန်းဖြစ်ပြီး ရထားလမ်းကွန်ရက်ကိုလည်ပတ်စေခြင်း၊<br>• ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း - လွတ်လပ်စွာယှဉ်ပြိုင်မှုနှင့် ဘေးကင်းလုံခြုံမှုများပေးခြင်း၊ နိုင်ငံတော်အတွက်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသများအား ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်တွင်းတွင် ကားများ၊ ကားအပိုစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ကားပြင်ဆင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခြင်း၊<br>• ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဗဟိုဌာန- ကျွမ်းကျင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဌာနများမှ အရာထမ်းများနှင့် အမှုထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ | လတ် | နိမ့် | နိမ့် | နိမ့် |

ပုံ (၉) က မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒ **(Myanamr Responsible Tourism Policy)** တွင် ဖော်ပြထားသည့် ဦးစား ပေးဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အစိုးရလုပ်ငန်းအမျိုးမျိုးအတွက် အခန်းကဏ္ဍများကို ဖော်ပြထားသည်။

ပုံ (၉) မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒရှိ ရွေးချယ်ထားသော ဦးစားပေးလုပ်ငန်းများတွင် အစိုးရလုပ်ငန်းများနှင့်မြန်မာ နိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အခန်းကဏ္ဍများ

Lead Role ● | Advisory Role ♦ | Liaison Role ✱

| Priority Actions | MOHT | MONPED | MOCUL | MOECF | MOAI | MOC | MOFR | MOIP | MOCON | MOFA | MOE | MOIN | MORA | MOT | MOCIT | MOHA | MOEP | MOCOP | MOBA | MOH | MOLESS | MOSWR | MOLF | MORT | MOST | UAGO | MTF |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Ensure integrated tourism planning. | ● | ♦ | ● | ● | ✱ | ✱ | ✱ | ✱ | ✱ | | | | ✱ | ♦ | ✱ | ✱ | ♦ | | ♦ | ✱ | | ✱ | ● | ✱ | ✱ | ✱ | ♦ |
| Promote tourism investment processes that embrace responsible tourism development guidelines. | ♦ | ● | ✱ | ✱ | | ✱ | ♦ | ✱ | | ✱ | ✱ | ✱ | | ✱ | ✱ | | | | ♦ | | ✱ | ✱ | ✱ | | | ✱ | ♦ |
| Establish more tourism and hospitality training facilities and programs with standardized courses. | ● | ♦ | ✱ | ✱ | | ✱ | ♦ | | ♦ | | ● | | | | | | | | | | ✱ | ✱ | | | | ● | ♦ |
| Establish tourist information centers and promote visitor safety. | ● | | ✱ | ✱ | | | ✱ | | ✱ | | | ✱ | ✱ | | | | | | ✱ | | | | | | | | ● |
| Integrate domestic tourism as an important component of the tourism economy. | ● | ✱ | | | | ✱ | ✱ | | | | | | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | | ✱ | ✱ | | ✱ | ✱ | | ♦ |
| Collect and monitor consistent and robust tourism data and statistics. | ● | ✱ | ♦ | ✱ | ✱ | ✱ | ● | ✱ | ✱ | ♦ | ✱ | ♦ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | ✱ | | ♦ |
| Train local guides in responsible tourism and natural and cultural heritage interpretation. | ● | | ♦ | ♦ | | | ✱ | | | | ♦ | ✱ | ♦ | | | | | | | | | | | | | | ● |
| Ensure contract compliance and fair pricing for tourism services. | ● | | | | | ✱ | ✱ | | | | | ✱ | | | | | ✱ | ✱ | | | ✱ | | | | | ♦ | ● |
| Establish a comprehensive national accommodation rating system consistent with ASEAN standards. | ● | | | | | | | | ✱ | | | | | | | | ✱ | | | | | | | | | ✱ | ● |
| Enable and support community based tourism activities that benefit local communities. | ● | | | ♦ | ♦ | ✱ | ✱ | ✱ | | | | ✱ | ✱ | ✱ | | ✱ | ✱ | ✱ | | ✱ | ✱ | ✱ | ✱ | | | | ● |
| Provide tourism awareness training to local communities and increase local participation in tourism supply chains. | ● | ✱ | ✱ | ✱ | ✱ | ✱ | ● | | | ✱ | ✱ | ♦ | ✱ | ✱ | ✱ | | ✱ | ✱ | | ✱ | ✱ | ✱ | ✱ | | | | ♦ |
| Develop a code of conduct & do's and don'ts guidelines for international visitors. | ● | | ♦ | ✱ | | | | ✱ | ✱ | | | | ✱ | | | | | | | | | ✱ | | | | | ♦ |
| Raise awareness and prevent all forms of abuse and exploitation of children, women and men. | ● | ✱ | | | | | | | | | | ♦ | | | | ♦ | | | | ✱ | ✱ | ✱ | | | | ✱ | ♦ |
| Ensure the tourism sector manages the use of energy and water more efficiently. | ✱ | ✱ | | ♦ | | | ✱ | | ● | | | ✱ | | | | | ● | | | | | | | | ♦ | | ♦ |

**Source:** Republic of the Union of Myanmar Ministry of Hotels and Tourism (2013). Myanmar: Tourism Master Plan 2013-2020, Final Draft Report.

## ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကွန်ရက်

၎င်းအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများသို့ ကျယ်ပြန့်သည့်ကုန်သွယ်မှုနှင့် ဆက်စပ် နေသည့် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံကို ပံ့ပိုးကူညီပေးသည်။ ၎င်းအဖွဲ့အစည်းများက ကဏ္ဍများကို ကူညီ၍တိုးတက်အောင် ဆောင်ရွက်ပေးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း ကုန်သွယ်မှုနှင့်ပို့ကုန်ဆိုင်ရာ ဖြေရှင်းချက်များအား ဖြန့်ဖြူးခြင်းကိုဆောင်ရွက် ပေးသည်။

### ဇယား-၁၇ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကွန်ရက်

| အဖွဲ့အစည်းအမည် | ကဏ္ဍနှင့်ကိုက်ညီသည့်TSI များအကြောင်းဖော်ပြချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | လူသားအရင်းအမြစ် | ဘဏ္ဍာငွေရရှိနိုင်မှု | ထောက်ခံချက် |
|---|---|---|---|---|---|
| မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန/မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ငွေကြေးလွှဲပြောင်းမှုနှင့် နိုင်ငံခြားငွေလဲလှယ်မှုကိုလွယ်ကူ ချောင်ချိအောင် ဆောင်ရွက်ပေးသည်။ | နိမ့် | နိမ့် | မြင့် | နိမ့် |
| မြန်မာ့အာမခံလုပ်ငန်း | ကဏ္ဍဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဧည့်သည်များ အတွက် အာမခံဆိုင်ရာ မူဝါဒများကို ပံ့ပိုးပေးသည်။ | လတ် | နိမ့် | လတ် | နိမ့် |
| မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် | ကဏ္ဍ (၁၁)ခုနှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်း များအဖွဲ့အုပ်စုဖြစ်ပြီးခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးနှင့် မြှင့်တင်ရေးကို ဆောင်ရွက်ပေးသည်။ | လတ် | နိမ့် | နိမ့် | လတ် |
| အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန | အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးစံချိန် စံညွှန်းများအတွက် တာဝန်ရှိသည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| မြန်မာ့ခရီးသွားလုပ်ငန်းလူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေးအဖွဲ့ | ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ကျွမ်းကျင်ပညာရှင်များ အား လေ့ကျင့်သင်ကြားပေးခြင်း၊ အကဲဖြတ်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်း။ | နိမ့် | နိမ့် | နိမ့် | လတ် |

ဇယား-၁၈ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ မြို့ပြလူမှုအဖွဲ့အစည်းကွန်ရက်

| အဖွဲ့အစည်းအမည် | ကဏ္ဍနှင့်ကိုက်ညီသည့် TSI များအကြောင်းဖော်ပြချက် | ညှိနှိုင်းဆောင်ရွက်ခြင်း | လူသားအရင်းအမြစ် | ဘဏ္ဍာငွေရရှိနိုင်မှု | ထောက်ခံချက် |
|---|---|---|---|---|---|
| Myanmar Times အင်္ဂလိပ်စာစောင် | ပြည်တွင်းနှင့် နိုင်ငံတကာသတင်းများကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပေးသည်။ စီးပွားရေး၊ သတင်းများ၊ နိုင်ငံရေးစသည့်ခေါင်းစဉ်များဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များ၏ဘေးကင်းလုံခြုံမှုအတွက် လက်ရှိဖြစ်ရပ်များအားအချိန်နှင့်တပြေးညီ သိရှိစေပြီး အစားအသောက်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍက ခရီးသွားလုပ်ငန်းအစီအစဉ်အတွက် အချက်အလက်များကို ပံ့ပိုးပေးသည်။ | မြင့် | မြင့် | မြင့် | မြင့် |
| Today Media | အရောင်းကြော်ငြာများ၊ထုတ်ဝေခြင်း၊ပုံနှိပ်ခြင်းနှင့်မီဒီယာလုပ်ငန်းများနှင့် စာအုပ်ဆိုင်များ၏ ကွင်းဆက်တစ်ခုအဖြစ် ဆောင်ရွက်ပေးသည်။ ၎င်း၏ ခရီးသွားနှင့် ဧည့်ဝတ်ကျေပွန်မှုအခန်းက အရည်အသွေးဦးစားပေး ပြည်တွင်းခရီးသွားအစီအစဉ်များနှင့် အားလပ်ရပ် ခရီးစဉ်များကို စီစဉ်ပေးသည်၊ | လတ် | လတ် | လတ် | လတ် |
| Myanmar International | နိုင်ငံပိုင် TV ချန်နယ်တစ်ခုဖြစ်ပြီး ၎င်း၏အစီအစဉ်များတွင် လက်ရှိရေးရာများ၊ ယဉ်ကျေးမှု၊ ချက်ပြုတ်သည့်အစီအစဉ်များနှင့် ခရီးသွားလုပ်ငန်း ကဲ့သို့သော အစီအစဉ်များ ပါဝင်သည်။ | မြင့် | မြင့် | မြင့် | မြင့် |
| အမျိုးသားစီမံခန့်ခွဲရေးကောလိပ် | ရန်ကုန်မြို့ရှိ အစိုးရပိုင်တက္ကသိုလ်ဖြစ်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာဝိဇ္ဇာဘွဲ့ (၄) နှစ် အစီအစဉ်တစ်ခု ဖြစ်သည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |

## မြို့ပြ လူမှုအဖွဲ့အစည်းကွန်ရက်

### ကုန်သွယ်မှုအထောက်အကူပြုကွန်ရက်အား စီစစ်သုံးသပ်ခြင်း

ဤအဖွဲ့အစည်းများသည် ကဏ္ဍ၏ ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် လုပ်ဆောင်မှုများတွင် အတိအလင်းပါဝင် ဆောင်ရွက်ခြင်း မရှိပါ၊ သို့သော်လည်း ၎င်းတို့သည် ကဏ္ဍ၏ ပို့ကုန်အလားအလာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် သီးခြားကိစ္စရပ်များကို ကိုယ်စားပြုသည့် ဦးဆောင်အကြံပေးသူများဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍ အောင်မြင်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော TSI ကွန်ရက်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုနှင့် အကူအညီပေးမှုများ လိုအပ်သည်။ ဤအဖွဲ့အစည်းအများအပြားသည် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးရန် ပြည့်စုံစွာ ပြင်ဆင်ဆောင်ရွက်ထားသော်လည်း TSI များ၏ စီစစ်သုံးသပ်ခြင်းတွင် ဖြေရှင်းဆောင်ရွက်ရမည့် အားနည်းချက်ကလေးများ များစွာရှိနေသေးသည်။ ၎င်းတို့အနက် အရေးအကြီးဆုံးမှာ အဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု မရှိခြင်းပင်ဖြစ်သည်။ ကဏ္ဍကို ထိရောက်၍အဆင်ပြေသော နည်းလမ်းဖြင့် အကျိုးသက်ရောက်မှုရှိစေသည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးရာတွင် ထိရောက်သောဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းက အဓိကအချက်တစ်ရပ် ဖြစ်လာမည် ဖြစ်သည်။

အခြားသောပြဿနာတစ်ရပ်မှာ ဆက်စပ်နေသည့် အဖွဲ့အစည်းအများစုတွင် လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည် နည်းပါးနေခြင်းပင်ဖြစ်သည်။ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဤအဖွဲ့အစည်းများသည် လုပ်ငန်းများအတွက် သတင်းအချက်အလက်များကို ဖြန့်ဖြူးရန်နှင့် အရေးကြီးသော ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးသည့် Focal Point များ ဖြစ်လာသင့်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် အရည်အသွေးပြည့်ဝပြီး တက်ကြွသောဝန်ထမ်းများ အပြည့်အဝ ရရှိနိုင်မှုအပေါ်တွင် တည်မှီနေမည်ဖြစ်သည်။

ဟိုတယ်/ခရီးဝန်ကြီးဌာနအပါအဝင် အဖွဲ့အစည်းများစွာတွင် ဘဏ္ဍာငွေရရှိနိုင်မှုမှာလည်း နည်းပါးဆဲဖြစ်သည်။ ဟိုတယ်/ခရီးဝန်ကြီးဌာနသည် ခရီး သွားလုပ်ငန်းကဏ္ဍမဟာဗျူဟာနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ ဤအချက်မှာစိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့် မဟာဗျူဟာကို အောင်မြင်အောင်ဆောင်ရွက်နိုင်မှုသည် ဟိုတယ်/ခရီးဝန်ကြီးဌာန၏ ထိရောက်စွာ လုပ်ကိုင်နိုင်စွမ်းအပေါ်တွင် တည်မှီနေ

သည်။ ထို့ပြင် ရလဒ်ကောင်းများ စဉ်ဆက်မပြတ်ရရှိနေရေးသည် TSI များအား ကဏ္ဍနှင့်ပတ်သက်သော အသိပညာများ သိရှိလာအောင် ဆောင်ရွက်ပေးမှု အပေါ် မူတည်မည် ဖြစ်သည်။ ဤအဓိကလုပ်ငန်းတာဝန်များကို ပြည့်စုံခိုင်မာသည့် ဘဏ္ဍာရေးရင်းမြစ်များနှင့်သာ ဆောင်ရွက်နိုင်သည်။ နောက်ဆုံးအနေဖြင့် လုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများကိုယ်စား အကြံပြုပြောဆိုခြင်းသည် နောက်ထပ်ကြိုးစားဆောင်ရွက်မှု တစ်ခုဖြစ်နိုင်သည်။ လုပ်ငန်းများသည် ပြောင်းလဲလျှက်ရှိသည့် ကမ္ဘာ့ကုန်သွယ်မှု ပတ်ဝန်းကျင်ကို တုံ့ပြန်နိုင်ရန်အတွက် ၎င်းတို့၏ကိုယ်စား မူဝါဒများကို အကြံပြုဆောင်ရွက်ပေးနိုင်မည့် အဓိကညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည့် အဖွဲ့အစည်းများအပေါ် အားထားနိုင်ရန်မှာ အရေးကြီးသည်။

## ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကနဦးစတင်လုပ်ဆောင်မှုများ

ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလားအလာရှိသည့်လူမှုစီးပွားအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန် မြန်မာနိုင်ငံအစိုးရက ခိုင်မာသောမူဝါဒများ ဖြစ်ပေါ်လာစေရန် ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေသည် ကဏ္ဍကိုစိုးမိုးသည့် ဥပဒေအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များနှင့် ခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်တွင် ပြန်လည်သုံးသပ်ခဲ့ပြီး အခြားသောပြန်လည်သုံးသပ်ခြင်းများကို လုပ်ဆောင်ရန် စဉ်းစားဆဲဖြစ်ပါသည်။ အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမား အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အနိမ့်ဆုံးလုပ်ခ ဥပဒေမူကြမ်းများသည် ခရီးသွားလုပ်ငန်းကဏ္ဍရှိ အလုပ်သမားများကို ကာကွယ်ပေးသွားမည်ဖြစ်ပြီး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအားလုံးမှ အကျိုးအမြတ်ရရှိစေမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် ခရီး သွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်လာစေမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် အစိုးရက မြန်မာနိုင်ငံကတာဝန်ရှိသော ခရီးသွားလုပ်ငန်းမူဝါဒ (Myanmar Responsible Tourism Policy) ကို တင်ပြခဲ့ပြီး ၎င်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မည့်အချက်များသည် ခရီးသွားလုပ်ငန်းပင်မစီမံချက် (Tourism Master Plan) အတွက် အခြေခံအုတ်မြစ် ဖြစ်လာခဲ့သည်။ ထို့အပြင် အစိုးရက လက်ရှိတွင် မူဝါဒလမ်းညွှန်များကို ရေးဆွဲလျက်ရှိပြီး ၎င်းက ကဏ္ဍအတွင်းရှိ ဒေသတွင်းလူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု ပြုလုပ်နိုင်ရန် လုပ်ဆောင်ပေးသွားမည် ဖြစ်သည်။

လက်ရှိ အောင်မြင်မှုအရှိဆုံး ဆောင်ရွက်မှုမှာ ခရီးသွားလုပ်ငန်းပင်မစီမံချက်ပင်ဖြစ်သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍကို ပံ့ဖော်ဆောင်ရွက်ပေးမည့် လမ်းပြမြေပုံနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်တစ်ရပ် ပေါ်ပေါက်လာစေရန် နော်ဝေနိုင်ငံအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ဟိုတယ်ခရီးဝန်ကြီးဌာနနှင့် အခြားသော ပါဝင်ပတ်သက်လုပ်ကိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပင်မစီမံချက်တွင် မဟာဗျူဟာအစီအစဉ် (၆) ခုကို အဆိုပြုတင်ပြထားသည် -

၁။ အဖွဲ့အစည်းဆိုင်ရာဝန်းကျင် ခိုင်မာစေခြင်း၊
၂။ လူ့စွမ်းအားအရင်းအမြစ်စွမ်းဆောင်ရည် ထူထောင်ခြင်းနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ခြင်း၊
၃။ ခရီးစဉ်ဒေသစီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ကာကွယ်စောင့်ရှောက်မှုများခိုင်မာစေခြင်း၊
၄။ အရည်အသွေးရှိသော ခရီးသွားဆွဲဆောင်မှုများနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊
၅။ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဆက်သွယ်မှုများ တိုးတက်စေခြင်းနှင့်
၆။ မြန်မာ့ခရီးသွားလုပ်ငန်း၏ ပုံရိပ်၊ နေရာနှင့် အမှတ်တံဆိပ် တည်ဆောက်ခြင်း၊

စီမံကိန်းတွင် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၄၈၆. ၆ သန်းကုန်ကျမည့် စီမံကိန်းလုပ်ငန်း (၃၈) ခုကို ဖော်ပြထားသည်။

ထို့အတူ ခရီးသွားလုပ်ငန်းဖော်ပြထားသည့် ရည်မှန်းချက်များသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများကို မြှင့်တင်ပေးရန်၊ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုကို မျှဝေခံစားရန်ဖြစ်ပါသည်။ စီမံကိန်း၏ အခြေခံလမ်းညွှန် စည်းမျဉ်းများမှာ-

၁။ ခရီးသွားလုပ်ငန်းအား နိုင်ငံ၏ ဦးစားပေးအခန်းကဏ္ဍတစ်ရပ်အနေဖြင့် တိုးတက်ဆောင်ရွက်စေရန်၊
၂။ ယဉ်ကျေးမှုအမျိုးအစားစုံလင်မှုနှင့် စစ်မှန်ခိုင်မာမှုအား ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ ကြွယ်ဝသော ဆွဲဆောင်မှုနှင့် ဝန်ဆောင်မှု၊ အမျိုးအစားစုံလင်မှုနှင့် အရည်အသွေးတို့အပေါ် ယှဉ်ပြိုင်ဆောင်ရွက်လာစေရေး ကဏ္ဍကိုအားပေးရန်၊
၄။ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းများရေးဆွဲရန်နှင့်စီမံခန့်ခွဲနိုင်ရန် နိုင်ငံ၏အဖွဲ့အစည်းဆိုင်ရာစနစ်ကို ခိုင်မာမှုရှိစေရန်၊
၅။ ကျင့်ဝတ်နှင့်မညီသော အလေ့အကျင့်များ နည်းပါးစေရန်၊
၆။ ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအား ကျယ်ကျယ်ပြန့်ပြန့် အခြေခံ၍ မြှင့်တင်ဆောင်ရွက်ရန်၊
၇။ မြန်မာနိုင်ငံ၏ ကာကွယ်တောများနှင့် သဘာဝပတ်ဝန်းကျင်တို့အား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးမြှင့်ဆောင်ရွက်ရန်၊
၈။ ခရီးသည်များ၏ လုံခြုံစိတ်ချရမှုနှင့် ကျန်းမာရေးတို့အတွက် သေချာမှုရှိစေရန်၊
၉။ ကောင်းစွာ လေ့ကျင့်ပျိုးထောင်ပေးထားသည့် လုပ်သားကောင်းများရရှိမှု တိုးမြှင့်လာစေရန်

ပြည့်စုံသည့် ပင်မစီမံချက်အပြင် အလှူရှင်အများအပြားက အကူအညီပေးရေး အစီအစဉ်မျိုးစုံဖြင့် ပြဿနာများကို ဖြေရှင်းပေးလျက်ရှိသည်။ ဥပမာအားဖြင့် နိုင်ငံတကာသစ်ပင်ပန်းမန်နှင့်တောရိုင်းတိရစ္ဆာန်အဖွဲ့ (Flora and Fauna International) က ဝေးလံခေါင်ဖျားဒေသများတွင် လှေလှော်ခြင်း၊ တောင်တက်ခြင်း၊ စက်ဘီးစီးခြင်းစသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အင်းတော်ကြီး လူမှုအဖွဲ့အစည်းအခြေပြု ခရီးသွားလုပ်ငန်းအဖွဲ့၊ ဒေသခံဧည့်လမ်းညွှန်များအား သင်တန်းပေးခြင်း၊ ကျေးလက်ဒေသများတွင် ဈေးကွက်ရှာဖွေဆောင်ရွက်ခြင်းများဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်မြို့အနီး မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးစခန်းတွင် ပြည်တွင်းခရီးသွားများအတွက် သဘာဝခရီးသွားအပန်းဖြေစခန်း ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိသည်။ The Hanns Sedel Foundation က နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့် သင်တန်းများပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းမူဝါဒနှင့် တာဝန်ရှိခရီးသွားလုပ်ငန်းမူဝါဒတွင် လူမှုအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်စေရန် ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ၎င်းက “ဆောင်ရန်နှင့် ရှောင်ရန်” လမ်းညွှန်ချက်နှင့် ပုဂံနှင့် အင်းလေးကန်ဒေသများတွင် ဧည့်လမ်းညွှန်သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများ ပြုစုရန်အတွက် အလားတူငွေကြေးထောက်ပံ့ပေးခဲ့သည်။ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်တန်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာဗဟိုဌာန (International Development and the International Center for Integrated Mountain Development) အဖွဲ့က အင်းလေးကန်ဒေသပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများပေးခဲ့သည်။

နိုင်ငံတကာဖွံ့ဖြိုးရေး ဂျာမန်အေဂျင်စီက ခရီးသွားလုပ်ငန်းကို TVET နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ချိတ်ဆက်၍ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးလျက်ရှိပြီး Swiss Contat အစီအစဉ်က ကဏ္ဍအတွက် အရေးကြီးသော နယ်ပယ်လေးခုဖြစ်သည့် အသက်မွေးဝမ်းကြောင်းပညာရေးနှင့် သင်တန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ခြင်း၊ အရင်းအမြစ်များကို ထိရောက်စွာအသုံးချမှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ Lux-Development က မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၅ သန်းတန်ဖိုးရှိသည့် (၅)နှစ်ကြာ စီမံကိန်းတစ်ခုကို ၂၀၁၄ ခုနှစ်တွင် စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းသည် အုပ်ချုပ်မှု၊ ပညာရေးဆိုင်ရာ အစီအစဉ်များနှင့် ပုဂ္ဂလိကကဏ္ဍနှင့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဦးတည်သွားမည်ဖြစ်ပြီး ၎င်းတွင် ခရီးသွားလုပ်ငန်းကဏ္ဍက ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ပါဝင်မည်ဖြစ်သည်။ ဟိုတယ်/ခရီးဝန်ကြီးဌာနက မိတ်ဖက်အကောင်အထည်ဖော်သည့် အဖွဲ့အစည်းဖြစ်လာမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) နှင့် UNESCO တို့ကလည်း အလားတူ ခရီးသွားလုပ်ငန်းကဏ္ဍကို အကူအညီပေးလျက်ရှိသည်။ လက်ရှိတွင် ရန်ကုန်မြို့ရှိ ILO မှ ဝန်ထမ်းအဖွဲ့ဝင် (၅) ယောက်က စီမံကိန်း (၂) ခုကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းကဏ္ဍ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်ရန်အတွက် စီမံကိန်းတစ်ခုကို စီးပွားရေးရာကိစ္စရပ်များဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ အတွင်းရေးမှူးရုံး၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ နော်ဝေနိုင်ငံ၏ ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းသည် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ UNESCO က ဟိုတယ်/ခရီးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကြောင်းသင်တန်း မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

အီတလီနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့က ဟိုတယ်/ခရီးဝန်ကြီးဌာနကို နည်းပညာအကူအညီများပေးလျက်ရှိသည်။ အဆိုပါ အကူအညီသည် ပင်မစီမံချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခရီးသွားလုပ်ငန်းဥပဒေကို အဆင့်မြှင့်တင်ရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အလားတူ ပင်မစီမံချက် အကောင်အထည်ဖော်ရေးအတွက် တိုက်ရိုက်ကြီးကြပ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က မဟာမဲခေါင်ခရီးသွားလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ဤအဖွဲ့သည် ဒေသတွင်း အသိပညာများမျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ပင်မအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ယခုနှစ် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ကို မြန်မာနိုင်ငံတွင်ကျင်းပမည်ဖြစ်သည်။ ထို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာအစိုးရ၏ ပညာရေးကဏ္ဍတစ်ခုလုံးအား ပြန်လည်သုံးသပ်၍ မူကြမ်းရေးဆွဲခြင်းတွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာအကူအညီများပံ့ပိုးပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မူလတန်းလွန်ပညာရေးကို ဦးစားပေးခြင်းဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများတွင် စီစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း စွမ်းရည်များကို တည်ဆောက်နိုင်ရန် ကူညီပေးသွားမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး၏ အလုံးစုံရည်မှန်းချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး ဆောင်ရွက်ရမည့် ကဏ္ဍများက လိုအပ်သည့် ကျွမ်းကျင်မှုများနှင့်ကိုက်ညီသည့် အနှစ်သာရရှိသည့် မူလတန်းလွန်ပညာရေးအစီအစဉ်များကို ဖော်ဆောင်နိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ရန်ဖြစ်သည်။

## ပို့ကုန်ဆိုင်ရာယှဉ်ပြိုင်နိုင်မှု ကိစ္စရပ်များ

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအတားအဆီးများကို ရှာဖွေနိုင်ရန်အတွက် ပုံစံ (၁၀)တွင် ဖော်ပြထားသည့် ဂီယာ (၄) ခု မူဘောင်ကို ပို့ကုန်ယှဉ်ပြိုင်နိုင်မှုဆိုင်ရာ စီစစ်သုံးသပ်ခြင်းတွင် အသုံးပြုသည်။ ဤမူဘောင်က ရောင်းချသူများ (supply-side) ၊ စီးပွားရေးဝန်းကျင်၊ ဈေးကွက်ဝင်ရောက်မှုနှင့် လူမှုစီးပွားလုပ်ငန်းရပ်များ အကြား ကြုံတွေ့ရမည့် ယှဉ်ပြိုင်မှုများကို ပြည့်စုံစွာလေ့လာမှုပြုနိုင်ရန်အတွက် ခွင့်ပြုပေးသည်။

ပုံ (၁၀) ဂီယာ (၄) ခုမူဘောင်




- **ပံ့ပိုးသူများ (supply-side) ဖက်မှ ပြဿနာများ**သည် ထုတ်လုပ်မှုစွမ်းရည်ကို ထိခိုက်စေနိုင်ပြီး သင့်တော်သော ကျွမ်းကျင်မှုနှင့် အရည်အသွေးများ ရရှိနိုင်မှု၊ စွမ်းဆောင်နိုင်မှုမျိုးစုံ၊ နည်းပညာနှင့် ကဏ္ဍ၏ ထုတ်ကုန်ပစ္စည်းများကို တန်ဖိုးထပ်ဆောင်းထုတ်လုပ်နိုင်မှု နည်းပါးခြင်းစသည့် နယ်ပယ်များမှ စိန်ခေါ်မှုများ ပါဝင်သည်။

- **စီးပွားရေးလုပ်ငန်းဝန်းကျင်၏ အရည်အသွေးဆိုင်ရာပြဿနာများ**သည် အုပ်ချုပ်မှုဝန်းကျင်၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စာရွက်စာတမ်းများ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုမရှိခြင်း၊ သက်သေခံလက်မှတ်ရရှိရန် ကုန်ကျစရိတ်များ၊ အင်တာနက်သုံးစွဲနိုင်မှုနှင့် အထောက်အကူပြုလုပ်ငန်းများ၏ ကုန်ကျစရိတ်များကဲ့သို့သော လုပ်ငန်းကုန်ကျစရိတ်များကို လွှမ်းမိုးနိုင်သည့် အဟန့်အတားများဖြစ်သည်။

- **ဈေးကွက်ဝင်ရောက်နိုင်မှုဆိုင်ရာပြဿနာများသည်** အထူးသဖြင့် ဈေးကွက်ဝင်ရောက်မှု၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက်ဖြန့်ထုတ်ခြင်းနှင့် ပို့ကုန်မြှင့်တင်ရေးကဲ့သို့သော နိုင်ငံပြင်ပတွင်ဖြစ်ပေါ်သော ကိစ္စရပ်များဖြစ်သည်။ (သို့သော်လည်း နိုင်ငံအတွင်းတွင်လည်း ဖြစ်ပေါ်နိုင်သည်။)

- **လူမှုရေးနှင့်စီးပွားရေးဆိုင်ရာပြဿနာများတွင်** ဆင်းရဲမှုလျှော့ချရေး၊ ကျားမတန်းတူအခွင့်အရေးရရှိရေး၊ လူငယ်ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ပေါင်းစည်းဝင်ရောက်နိုင်ရေးများ ပါဝင်သည်။

**အတွင်းဂီယာနယ်နမိတ် (ပံ့ပိုးသူများဘက်)**

**ပုံစံ (၄)- မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပံ့ပိုးသူများဘက်မှပြဿနာများကို ရှုမြင်သုံးသပ်ခြင်း**

- ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများနှင့် ရင်းနှီးမြှုပ်နှံခြင်းကို အကန့်အသတ်ဖြင့်သာ ဝင်ရောက်နိုင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည်။
- ဥပဒေစည်းမျဉ်းစည်းကမ်းများ ပြည့်စုံလုံလောက်မှုမရှိခြင်းသည် ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည်။
- အကန့်အသတ်ဖြင့်သာ ထုတ်ကုန်များကိုပေးနိုင်ခြင်းနှင့် တန်ဖိုးထပ်ဆောင်းနိုင်မှု နည်းပါးခြင်းက မြန်မာနိုင်ငံအား ခရီးစဉ်ဒေသအဖြစ် ဆွဲဆောင်နိုင်မှုကို လျှော့နည်းစေသည်။
- လုံလောက်သော အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်နည်းပါးခြင်းက ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုကို အဟန့်အတားဖြစ်စေသည်။

## ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများနှင့် ရင်းနှီးမြှုပ်နှံခြင်းကို အကန့်အသတ်ဖြင့်သာ ဝင်ရောက်နိုင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည်

ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်းကြောင့် လုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းတိုးချဲ့ရန်အတွက် ငွေကြေးအရင်းအနှီးရရှိရန် အခက်အခဲဖြစ်စေသည်။ အကြောင်းအမျိုးမျိုးကြောင့် ဘဏ်များမှ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ချေးငွေများသည် မရရှိနိုင်ပါ။ အကန့်အသတ်ဖြင့်သာရရှိနိုင်သော မှတ်တမ်းများနှင့် စာရင်းဇယားများက ဘဏ္ဍာရေးဆိုင်ရာဆောင် ရွက်နိုင်စွမ်းကို ကန့်သတ်ထားပြီး ချေးငွေအတွက် အာမခံချက်ပေးနိုင်သော စည်းမျဉ်းများမရှိခြင်းကလည်း နောက်ထပ်ပြဿနာ တစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင်ဗဟိုဘဏ်၏ မူဝါဒအရ အိမ်များနှင့် စက်ရုံများကို အပေါင်ထား၍ ငွေချေးခြင်းကို အကန့်အသတ်ဖြင့်သာ လက်ခံသည်။ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အပေါင်ပစ္စည်းအဖြစ်အသုံးပြုနိုင်မှုမရှိခြင်းကြောင့် လုပ်ငန်းများအနေဖြင့် ပြင်ပမှ ငွေကြေးအထောက်အပံ့ရှာဖွေမှုကို ဆိုးရွားစွာ ထိခိုက်စေသည်။ နောက်ထပ် ပြဿနာတစ်ရပ်မှာ ဘဏ္ဍာရေးဆိုင်ရာ ထိန်းကျောင်းမှုစနစ်ဖွံ့ဖြိုးမှုမရှိခြင်းဖြစ်ပြီး ရလဒ်အနေဖြင့် ပြည်တွင်းဘဏ်များက အပ်နှံငွေများအား ၎င်းတို့၏ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုများအတွက် အသုံးပြုနေခြင်းပင်ဖြစ်သည်။ နောက်ထပ်ရှုတ်ထွေးသော ပြဿနာတစ်ရပ်မှာ မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်များ မရှိခြင်းဖြစ်သည်။ နောက်ဆုံးတွင် ပြည့်စုံသည့် စာရင်းမှတ်တမ်းများ နည်းပါးခြင်းနှင့်အတူ တန်ဖိုးဖြတ်အကြံပေးဝန်ဆောင်မှုလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ အသုံးပြုနိုင်မှုများကြောင့် လုပ်ငန်းများအတွက် ကိုယ်တိုင်ငွေကြေးအရင်းအနှီးရှာဖွေနိုင်ရန် နိုင်ငံတကာအလေ့အကျင့်များနှင့်ကိုက်ညီသည့် တန်ဖိုးဖြတ်သည့်အဆင့်သို့ရောက်ရှိအောင် ဆောင်ရွက်ရန် ခက်ခဲမည်ဖြစ်သည်။

## ဥပဒေစည်းမျဉ်းစည်းကမ်းများ ပြည့်စုံလုံလောက်မှုမရှိခြင်းသည် ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သည်

လက်ရှိဥပဒေစည်းမျဉ်းများသည် ကဏ္ဍ၏လုပ်ငန်းများကို အဆင်ပြေစွာလုပ်ဆောင်နိုင်ရန် အထောက်အကူပြုနိုင်ခြင်းမရှိပါ။ အရေးကြီးသည့်အချက်တစ်ရပ်မှာ နေရာထိုင်ခင်းကဲ့သို့သော အဆင်ပြေစွာနေထိုင်ရေး ဆောင်ရွက်ပေးမှုများတွင် ပြည်ထောင်စုမူဝါဒများနှင့် ပြည်နယ်အစိုးရ မူဝါဒများအကြား ကိုက်ညီမှုမရှိခြင်းပင်ဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုမူဝါဒများသည် တစ်ခါတစ်ရံတွင် ရှင်းလင်းမှုမရှိဘဲ ကန့်သတ်ချက်များရှိနေသည်။ နောက်ဆုံးရလဒ်မှာ မရေရာမှုများနှင့် ကန့်သတ်ချက်များ များပြားလာခြင်းနှင့် ခရီးသွားများ၏ လှုပ်ရှားမှုများကို ပြည့်ဝစွာ လုံခြုံမှုမပေးနိုင်သည့် ဥပဒေပြုမှုမူဘောင်တစ်ရပ်ပင်ဖြစ်သည်။

### အကန့်အသတ်ဖြင့်သာ ထုတ်ကုန်များကိုပေးနိုင်ခြင်းနှင့် တန်ဖိုးထပ်ဆောင်းနိုင်မှု နည်းပါးခြင်းက မြန်မာနိုင်ငံအား ခရီးစဉ်ဒေသအဖြစ် ဆွဲဆောင်နိုင်မှုကို လျော့နည်းစေသည်

ခရီးသွားလုပ်ငန်းကဏ္ဍက စွမ်းဆောင်ရည်နည်းပါးခြင်းနှင့် ထုတ်ကုန်မျိုးစုံကို ပေးနိုင်ရန်အတွက် လိုအပ်သည့် ဖန်တီးနိုင်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုများတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဤအခက်အခဲများတွင် အထူးသဖြင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုမရှိခြင်းကြောင့် ခရီးသွားဒေသအသစ်နှင့် ဖွံ့ဖြိုးဆဲ ခရီးသွားဒေသများသို့ တစ်ခါတစ်ရံ သွားရောက်နိုင်မှုမရှိခြင်းသည်လည်း အပါအဝင်ဖြစ်သည်။ ရလဒ်အနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းအပေါ်တွင်သာ အထူးအားထားနေရသည်။ နိုင်ငံခြားခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များသည် ဒေသတွင်း ရာသီအလိုက် ခရီးသွားလာမှုများနှင့် အခြေအနေများကို သိရှိနားလည်မှုနည်းပါးခြင်းက မြန်မာနိုင်ငံ၏ ထုတ်ကုန်အခြေခံ ခရီးသွားလုပ်ငန်းချဲ့ထွင်ဆောင်ရွက်မှုကို နှောင့်နှေးစေသော နောက်ထပ်အချက်ဖြစ်သည်။

အလကားရရှိနိုင်သည့် ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် အတွေ့အကြုံများမှတဆင့် တန်ဖိုးမြှင့်လုပ်ဆောင်နိုင်မှုမရှိခြင်းသည်လည်း အစဉ်အမြဲ ကြုံတွေ့နေရသော ပြဿနာများပင်ဖြစ်သည်။ ခေတ်မီနည်းပညာများ နည်းပါးခြင်းနှင့်အတူ ဒေသတွင်းထုတ်ကုန်များ၊ ပစ္စည်းများ၊ ပရိဘောဂများကို အဆင့်မြှင့်တင်ရန်အတွက် ကဏ္ဍ၏စွမ်းဆောင်နိုင်မှု ကန့်သတ်ချက်ရှိခြင်း၊ အရည်အသွေးမှီ ဧည့်ခံဖျော်ဖြေမှုများနှင့် ညနေပိုင်း ဖျော်ဖြေမှုများမရှိခြင်းတို့ကြောင့် ခရီးသွားဒေသတစ်ခုအဖြစ် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုအားလုံးကို လျော့နည်းစေနိုင်သည်။

### လုံလောက်သော အရည်အချင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်နည်းပါးခြင်းက ကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုကို အဟန့်အတားဖြစ်စေသည်

အရည်အသွေးမှီ လူ့စွမ်းအားအရင်းအမြစ်များ လုံလောက်မှုမရှိခြင်းကခရီးသွားများ၏ လိုအပ်ချက်မျိုးစုံကို ဖြည့်ဆည်းပေးနိုင်ရန် ကဏ္ဍ၏ လုပ်ဆောင်နိုင်မှုကို ကန့်သတ်မှုဖြစ်စေသည်။ သင်ရိုးညွှန်းတမ်းများ သို့မဟုတ် အရည်အချင်းသတ်မှတ်ချက်များကို အကဲဖြတ်ရန်အတွက် အမျိုးသားစံချိန်စံညွှန်းများမရှိဘဲ အသက်မွေးဝမ်းကျောင်း သင်တန်းများမှလည်း လုံလောက်စွာ သင်ကြားပေးနိုင်ခြင်းမရှိပါ။ ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဧည့်ဝတ်ပြုမှုများအတွက် အခြေခံ သို့မဟုတ် အလယ်အလတ်အဆင့် နည်းပညာသင်တန်းကျောင်းများမရှိဘဲ သင်တန်းကျောင်းများမှလည်း ကဏ္ဍအတွက်လိုအပ်သည့် ဝန်ထမ်းများလိုအပ်ချက်ကို ပံ့ပိုးပေးနိုင်ခြင်းမရှိပါ။ ဤအခြေအနေတွင် လုပ်ခလစာနည်းမှုကြောင့် ပညာတတ်များသည် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်မှုမြင့်မားလာသဖြင့် ကဏ္ဍအတွင်း ဝင်ရောက်လုပ်ကိုင်မှု လျော့နည်းလာခဲ့သည်။

အလားတူလုပ်ငန်းတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်သူများဖြစ်လာရေးနှင့် အထူးကျွမ်းကျင်သူများဖြစ်လာရေးလေ့ကျင့်သင်ကြားပေးမှုများလည်းမရှိပါ။ ပညာရေးရှုထောင့်မှကြည့်ပါက အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်သင်တန်းများတွင် လက်တွေ့ အတွေ့အကြုံများ မပါဝင်သည်ကို တွေ့ရသည်။ ထို့အပြင် ကဏ္ဍ၏ မတည်ငြိမ်မှုများသည် လုပ်ငန်းအစီအစဉ်များချမှတ်ခြင်းနှင့် ကုမ္ပဏီများအတွင်း ဖွံ့ဖြိုးတိုးတက်မှု နည်းပါးလာခြင်းနှင့် ဝန်ထမ်းများနှင့် သဘောထားတိုက်ဆိုင်မှုနည်းလာခြင်းများကို ဖြစ်ပေါ်လာစေနိုင်သည်။ ဆိုးကျိုးရလဒ်များအနေဖြင့် ဝန်ထမ်းရွှေ့ပြောင်းမှုနှုန်းမြင့်မားခြင်းက ဖော်ပြနေပြီး ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများ၏ ၈၀% သည် လုပ်ငန်းမျိုးစုံ လုပ်ကိုင်သည်ကို တွေ့ရသည်။ ကဏ္ဍမှ အရည်အချင်းရှိသော ဘွဲ့ရပညာတတ်အများအပြားသည် ကဏ္ဍအတွင်း ဆက်လက်လုပ်ကိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရသည်။

သို့သော်လည်း ဟိုတယ်/ခရီးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနများက ခရီးသွားလုပ်ငန်းအတွက် ဘွဲ့ (၄) နှစ် အစီအစဉ်ကို စတင်ဆောင်ရွက်ပေးခြင်းမှတဆင့် ကဏ္ဍ၏ လူသားအရင်းအမြစ်တိုးတက်စေရေးအတွက် ကြိုးစားဆောင်ရွက်ပေးခဲ့သည်ကို သိရှိရသည်။ ထို့အပြင် ဟိုတယ်/ခရီးဝန်ကြီးဌာနက ဧည့်လမ်းညွှန်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲခြင်းနှင့် ဘာသာစကားများကို သင်ကြားပေးသည့် သင်တန်းတစ်ခုကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ အစိုးရ၏ အနှစ် (၃၀) ပညာရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (၂၀၀၁-၂၀၃၀) က လူ့စွမ်းအားအရင်းအမြစ်များ၏ အရည်အချင်းနှင့် ဦးစားပေးကဏ္ဍ၏လိုအပ်ချက်များအကြား ကွာဟချက်များကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်ခဲ့သော်လည်း စွမ်းဆောင်နိုင်မှုစွမ်းရည်များမှာ တိုးတက်မှုမရှိ ဖြစ်နေဆဲဖြစ်သည်။

ဂီယာနယ်နမိတ်(စီးပွားရေးလုပ်ငန်းဝန်းကျင်)

**ပုံစံ (၅)-မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍရှိ စီးပွားရေးလုပ်ငန်းဝန်းကျင်မှ ပြဿနာများကိုရှုမြင်သုံးသပ်ခြင်း**

- များပြားသည့် ဗီဇာလုပ်ထုံးလုပ်နည်းများကြောင့် ခရီးသွားဧည့်သည်များ နိုင်ငံတွင်းသို့လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်းမရှိဖြစ်စေသည်။
- E - Commerce စွမ်းဆောင်နိုင်မှု နည်းပါးခြင်းကြောင့် ငွေပေးချေမှုတွင် ကန့်သတ်ချက်များရှိနေခြင်း၊ ငွေသုံးစွဲမှုကို လျော့ကျစေ၍ ကုန်ကျစရိတ်နှင့် ပြဿနာများကို တိုးပွားစေသည်။
- နိုင်ငံခြားငွေလဲလှယ်မှု ကန့်သတ်ချက်များကြောင့် ငွေပေးချေခြင်း၊ သုံးစွဲခြင်းနှင့် လုပ်ငန်းကိုထိရောက်စွာဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်စေသည်။
- အခွန်(၂)ထပ်ပေးဆောင်ရခြင်းကြောင့် ကဏ္ဍအတွင်းရှိ လုပ်ငန်းများ၏ဆောင်ရွက်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်မှုတိုးတက်လာရေးကို နှောင့်နှေးစေသည်။
- ပြည်တွင်းတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အကန့်အသတ်ဖြင့်သာ ဖြန့်ဖြူးနိုင်ခြင်းကြောင့် ခရီးသွားများ၏ အတွေ့အကြုံ၊ ဗဟုသုတနှင့် စီစဉ်ဆောင်ရွက်နိုင်စွမ်းများကို အဟန့်အတားဖြစ်စေသည်။
- အစိုးရအဖွဲ့အစည်းများသည် ခရီးသွားလုပ်ငန်း၏ သဘောသဘာဝနှင့် အရေးပါမှုကို သိရှိမှုနည်းပါးခြင်းကြောင့် အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်မူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကန့်သတ်ချက်များ ဖြစ်စေသည်။
- သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ITC) အခြေခံအဆောက်အအုံ မပြည့်စုံခြင်းကြောင့် ဆက်သွယ်ဆောင်ရွက်မှုကို ကန့်သတ်ချက်များဖြစ်စေသည်။
- ခရီးသွားဒေသများသို့ အကန့်အသတ်ဖြင့်သာ သွားရောက်နိုင်မှုကြောင့် ခရီးသွားဧည့်သည်များ၏ လှုပ်ရှားသွားလာမှုကို အဟန့်အတား ဖြစ်စေသည်။

## များပြားသည့် ဗီဇာလုပ်ထုံးလုပ်နည်းများကြောင့် ခရီးသွားဧည့်သည်များ နိုင်ငံတွင်းသို့လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်းမရှိဖြစ်စေသည်

အမေရိကန်ဒေါ်လာကို အသုံးပြု၍ အွန်လိုင်းမှ Credit Card ဖြင့် ငွေပေးချေသည့်စနစ်ကို ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် စီးပွားရေးပိတ်ဆို့မှုများကြောင့် Credit Card ဖြင့် နိုင်ငံတကာသို့ ငွေပေးချေမှုကိုမဆောင်ရွက်နိုင်သဖြင့် လက်ရှိတွင် E-ဗီဇာစနစ်ကို ဆောင်ရွက် နိုင်ခြင်းမရှိသေးသည်ကို တွေ့ရသည်။ ခေတ်မီ ICT စနစ်မရှိခြင်းကြောင့် ဗီဇာလုပ်ငန်းစဉ်အများစုသည် စာရွက်စာတမ်းများအပေါ်တွင်အခြေခံ၍ သံရုံးများမှ ဆောင်ရွက်ပေးနေသော်လည်း သံရုံးများတွင် လူအင်အား လုံလောက်ခြင်းမရှိပါ။ ထို့အပြင် ဆိုက်ရောက်ဗီဇာကို ခရီးသွားကိုယ်စားလှယ်များက အနည်းဆုံး နှစ်ပတ်ကြိုတင်စီစဉ်ပေးထားခြင်းမရှိလျှင် မရရှိနိုင်ပါ။ ပို၍ဆိုးသည်မှာ ကြိုတင်ကြေငြာခြင်းမရှိဘဲ ပြောင်းလဲသည့် ခန့်မှန်းရန်ခက်ခဲသော ဗီဇာဆိုင်ရာ စည်းမျဉ်းဥပဒေများပင်ဖြစ်သည်။ ဤထိရောက်မှုမရှိသော လုပ်ထုံးလုပ်နည်းများက ယင်းသို့သော အခက်အခဲများကို ဆောင်ရွက်လိုစိတ်မရှိသည့် အလားအလာရှိသော ခရီးသွားဧည့်သည်များအား လက်လွှတ်ဆုံးရှုံးသွားစေနိုင်သည်။

## E - Commerce စွမ်းဆောင်နိုင်မှု နည်းပါးခြင်းကြောင့် ငွေပေးချေမှုတွင် ကန့်သတ်ချက်များရှိနေခြင်း၊ ငွေသုံးစွဲမှုကို လျော့ကျစေ၍ ကုန်ကျစရိတ်နှင့် ပြဿနာများကို တိုးပွားစေသည်

စီးပွားရေး ပိတ်ဆို့မှုများကြောင့် Credit Card ဖြင့် နိုင်ငံတကာသို့ ငွေပေးချေမှုကို ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ Credit Card ဖြင့် ငွေပေးချေသည့်စနစ် မရှိခြင်းကြောင့် ခရီးသွားဧည့်သည်တစ်ယောက်သည် မိမိတွင်ပါသည့် ငွေသားပမာဏကိုသာ သုံးစွဲနိုင်သည်။ ငွေသုံးစွဲမှုတွင် အဟန့်အတားဖြစ်စေသည်သာမက ခရီးသွားများသည် ငွေသားများကို သယ်ဆောင်ရခြင်းကြောင့် လုံခြုံမှုအားနည်းစေသည်။ ထို့အပြင် Credit Card သုံးစွဲနိုင်မှုမရှိခြင်းကြောင့် အမျိုးသားအဆင့် ကြိုတင်စာရင်းသွင်းဆောင်ရွက်နိုင်သည့်ကွန်ပျူတာစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ကဏ္ဍသည် ခေတ်မမီတော့သည့် နည်းလမ်းများနှင့် နိုင်ငံခြား ကွန်ပျူတာစနစ်များကိုသာ အားထားနေရသဖြင့် ပြဿနာများနှင့် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များသာ တိုးတက်လာခဲ့သည်။

**နိုင်ငံခြားငွေလဲလှယ်မှု ကန့်သတ်ချက်များကြောင့် ငွေပေးချေခြင်း၊ သုံးစွဲခြင်းနှင့် လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်စေသည်**

ဟောင်းနွမ်းစုတ်ပြဲနေသည့် အမေရိကန်ဒေါ်လာငွေစက္ကူများကို ဘဏ်များနှင့် အသေးစားငွေလဲလှယ်သည့် ဌာနများက လက်ခံခြင်းမရှိပါ။ ဗဟိုဘဏ်က ၎င်းကိစ္စရပ်များကိုပယ်ဖျက်ရန် ဆောင်ရွက်ခဲ့သော်လည်း ဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်သည့် မူဝါဒဆိုင်ရာ သတင်းအချက်အလက်များကို အသေးစားငွေလဲလှယ်သည့်ဌာနများသို့ ထိရောက်စွာ ဖြန့်ဖြူးပေးနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ခရီးသွားများသည် ၎င်းတို့ အသုံးမပြုနိုင်သည့် ငွေကြေးများနှင့် ပတ်သက်၍ ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားများ၏ စိတ်ကျေနပ်မှု မရရှိစေရုံသာမက နိုင်ငံ၏အလားအလာရှိသော ရောင်းကုန်များကို ရောင်းချနိုင်မှုလည်း လျော့နည်းစေနိုင်သည်။ နောက်ထပ်အဟန့်အတားတစ်ခုမှာ ကွန်ရက်များ ဆက်သွယ်ဆောင်ရွက်နိုင်မှု နှေးနေခြင်းနှင့် လျှပ်စစ်မီးမကြာခဏ ပြတ်တောက်ခြင်းများကြောင့် Credit Card ကိုလက်ခံသုံးစွဲခြင်းနှင့် ATM စက်များကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်မှု နည်းနေသေးခြင်းပင်ဖြစ်သည်။ နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) လက်ဝယ်ထားရှိလိုသည့် စီးပွားရေးလုပ်ငန်းများသည် လိုင်စင်ရှိရမည်ဖြစ်ပြီး များပြားပြီး ကုန်ကျစရိတ်များသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားငွေ ကိုင်တွယ်အသုံးပြုရန်လိုအပ်သည့် လုပ်ငန်းများအတွက် အခက်အခဲဖြစ်စေသည်။

**အခွန်(၂)ထပ်ပေးဆောင်ရခြင်းကြောင့် ကဏ္ဍအတွင်းရှိ လုပ်ငန်းများ၏ ဆောင်ရွက်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်မှုတိုးတက်လာရေးကို နှောင့်နှေးစေသည်**

မြန်မာနိုင်ငံရှိ လုပ်ငန်းများသည် အခွန် (၂) ထပ်ပေးဆောင်နေရခြင်းကြောင့် နိုင်ငံခြားမှ ပြိုင်ဘက်များနှင့် နှိုင်းယှဉ်သည့်အခါ ယှဉ်ပြိုင်နိုင်မှုကို လျော့နည်းစေသည်။ အထူးမှတ်သားရမည်မှာ တန်ဖိုးထပ်ဆောင်း အခွန်စနစ်နှင့် ကြိုတင်ပေးငွေကို ပြန်လည်ထုတ်ယူ နိုင်သည့်စနစ် မရှိခြင်းပင်ဖြစ်သည်။ ဤသို့သော အခြေအနေတွင် လိုအပ်သော လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျငွေများကို ပေးဆောင်ထားသည့် အခွန်များမှ ပြန်လည်ရရှိခြင်းမရှိသောကြောင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို တိုးချဲ့ဆောင်ရွက်ရန်အတွက် လုပ်ငန်းများတွင် ငွေသားအနည်းငယ်မျှသာရှိသည်။ ထပ်မံ၍လည်း သုံးစွဲငွေများအတွက် လုပ်ငန်းများအား ပြန်လည်ထုတ်ပေးခြင်းမရှိသဖြင့် အဆိုပါစနစ်က ရင်းနှီးမြှုပ်နှံရန်နှင့် ငှားရမ်းရန်အတွက် မက်လုံးပေးနိုင်ခြင်းကို လျော့နည်းစေပြီး လူမှုစီးပွားဘဝ ပြန့်နှံ့သက်ရောက်မှုကို ကန့်သတ်မှုဖြစ်စေသည်။

**ပြည်တွင်းတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အကန့်အသတ်ဖြင့်သာ ဖြန့်ဖြူးနိုင်ခြင်းကြောင့် ခရီးသွားများ၏ အတွေ့အကြုံ၊ ဗဟုသုတနှင့် စီစဉ်ဆောင်ရွက်နိုင်စွမ်းများကို အဟန့်အတားဖြစ်စေသည်**

သတင်းအချက်အလက် ဖြန့်ဖြူးပေးသည့်ကောင်တာများမှ ရရှိသောသတင်းအချက်အလက်များသည် ပြည့်စုံလုံလောက်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ အဆိုပါပြဿနာများကို မဖြေရှင်းနိုင်ခြင်းမှ ဟိုတယ်/ခရီးဝန်ကြီးဌာနတွင် ဘတ်ဂျက်အကန့်အသတ်ရှိခြင်းနှင့် အစိုးရ-ပုဂ္ဂလိက အပြန်အလှန်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေသေးသောကြောင့် ဖြစ်သည်။ လုံလောက်သော သတင်းအချက်အလက် မရရှိနိုင်သဖြင့် ခရီးသွားများသည် ၎င်းတို့၏အချိန်ကို မခန့်မှန်းနိုင်ခြင်း၊ ဝယ်ယူမည့်အခွင့်အလမ်းများ လွဲချော်သွားစေခြင်း၊ အချည်းအနှီးဖြစ်မှုများ ပိုများလာခြင်းနှင့် နောက်ဆုံးတွင် မကျေနပ်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

**အစိုးရအဖွဲ့အစည်းများသည် ခရီးသွားလုပ်ငန်း၏ သဘောသဘာဝနှင့် အရေးပါမှုကို သိရှိမှုနည်းပါးခြင်းကြောင့် အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်မူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကန့်သတ်ချက်များ ဖြစ်စေသည်**

ဤသို့သိရှိနားလည်မှု နည်းပါးခြင်းသည် မြန်မာ့ခရီးသွားလုပ်ငန်းမူဝါဒ၏ စွမ်းဆောင်ရည်မပြည့်စုံမှုကြောင့်ဖြစ်သည်။ လက်ရှိတွင် လမ်းညွှန်စာအုပ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်နေသော်လည်း ခရီးသွားဧည့်သည်များအား မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို ရှင်းလင်းစွာ ညွှန်ကြားပြသထားခြင်းမရှိသည်ကို တွေ့ရသည်။ ထို့အပြင် မူဝါဒနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်အတွက် ခရီးသွားဒေသ (၅) နေရာတွင် ခရီးသွားစောင့်ရှောက်ရေးရဲဝန်ထမ်း (၆၀၀) သာရှိသည်။

**သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ITC) အခြေခံအဆောက်အအုံမပြည့်စုံခြင်းကြောင့် ဆက်သွယ်ဆောင်ရွက်မှုကို ကန့်သတ်ချက်များဖြစ်စေသည်**

ရွေးချယ်ထားသော အာဆီယံနိုင်ငံများမှ ခရီးသွားဧည့်သည်များအား မိုဘိုင်းဖုန်းဆက်သွယ်ခြင်းနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများကို ကန့်သတ်ထားသည်။ သယ်ယူပို့ဆောင်ရေး ဗဟိုနေရာများနှင့်ပတ်သက်၍ လေဆိပ်များသည်ခေတ်မီသော်လည်း ITC နှင့်ပတ်သက်၍ အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းရှိသော်လည်း ခရီးသွားများ လာရောက်မှုကို တိုးမြှင့်ရန်

စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။ သေးငယ်သော သို့မဟုတ် ဝေးလံသော နေရာဒေသများတွင် ITC အခြေခံအဆောက်အအုံ ကင်းမဲ့လျက်ရှိသည်။ အခြားသောအရာများထက် ဤဆက်သွယ်ဆောင်ရွက်နိုင်မှုမရှိခြင်းက ခရီးသွားဧည့်သည်များအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများ တိုးပွားစေရန်နှင့် အစီအစဉ်များကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ လုပ်ငန်းများ သို့မဟုတ် အလားတူလုပ်ငန်းတာဝန်များနှင့် ထိတွေ့ဆောင်ရွက်ခြင်းနှင့် အရေးပေါ်ဝန်ဆောင်မှု လုပ်ငန်းများနှင့် ဆက်သွယ်ရာတွင် ကန့်သတ်မှုများဖြစ်စေသည်။

## ခရီးသွားဒေသများသို့ အကန့်အသတ်ဖြင့်သာ သွားရောက်နိုင်မှုကြောင့် ခရီးသွားဧည့်သည်များ၏ လှုပ်ရှားသွားလာမှုကို အဟန့်အတား ဖြစ်စေသည်

အဓိကပြဿနာမှာ ညံ့ဖျင်း၍ လုံလောက်မှုမရှိသော ကားလမ်းနှင့် မီးရထားလမ်း သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံပင်ဖြစ်သည်။ လမ်းသိပ်သည်းမှု နည်းပါးပြီး လမ်းများ၏ အခြေအနေမှာလည်း ကောင်းမွန်ခြင်းမရှိသည်ပါ။ ထို့အပြင် ကားလမ်း အစိတ်အပိုင်းအနည်းငယ်မျှသာ ရာသီမရွေးသွားလာနိုင်သည့် အဆင့်ရှိသဖြင့် ခရီးသွားဒေသများသို့ ရာသီဥတုအခြေအနေကို ကြည့်၍ သွားလာရသည်။ နောက်ဆုံးတွင် အချို့သော ခရီးသွားဒေသများသည် လမ်းကွန်ရက်လုံလောက်မှုမရှိခြင်းကြောင့် လုံးဝ သွားလာ၍မရသည်ကို တွေ့ရသည်။ ရထားလမ်းကွန်ရက်က အခြေခံအဆင့်၊ ဒုတိယအဆင့်နှင့် ဖွံ့ဖြိုးဆဲခရီးသွားဒေသများသို့ ဆက်သွယ်ဆောင်ရွက်ပေးနိုင်သော်လည်း မကြာခဏ နှောင့်နှေးခြင်းနှင့် ခရီးသွားချိန်ကြာမြင့်ခြင်းကြောင့် ခရီးသွားဧည့်သည်များက အသုံးပြုခြင်းလေ့မရှိကြပါ။ ဤပြဿနာရပ်များအားလုံးသည် ခရီးသွားများ၏ မယုံကြည်မှုကို တိုးလာစေခြင်း၊ ခရီးသွားများသည် ၎င်းတို့၏အချိန်ကို မခန့်မှန်းနိုင်ခြင်းနှင့် ခရီးသွားဒေသများသည် ဆောင်ရွက်ဆဲ သို့မဟုတ် ခရီးသွားများ သွားရောက်သည့် နေရာများနှင့် လုံးဝပြတ်တောက်သွားစေခြင်းများကို ဖြစ်စေနိုင်သည်။

### အပြင်ဂီယာနယ်နမိတ် (ဈေးကွက်ဝင်ရောက်ခြင်း)

**ပုံစံ (၆)-မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ ဈေးကွက်ဝင်ရောက်မှု ပြဿနာများကိုရှုမြင်သုံးသပ်ခြင်း**

- ခရီးသွားဒေသတစ်ခုအဖြစ် မြန်မာနိုင်ငံ၏ နိုင်ငံတကာဈေးကွက် ရှာဖွေမှုမလုံလောက်ခြင်းသည် ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။
- ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်မှု ကန့်သတ်ချက်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှုကို နှောင့်နှေးစေသည်။
- နိုင်ငံခြားမီဒီယာများ၏ အဆိုးမြင်ပုံရိပ်ဖော်ပြမှုများကြောင့် မြန်မာနိုင်ငံအား ခရီးသွားဒေသတစ်ခုအဖြစ် စိတ်ဝင်စားမှုကို လျော့ကျစေသည်။
- အမျိုးသားအဆင့် အမှတ်တံဆိပ်မရှိခြင်းကြောင့် ခရီးသွားဒေသအဖြစ် ဆွဲဆောင်မှုကို နားလည်မှု နည်းပါးခြင်းနှင့် ပုံရိပ်ကို ပြန်လည်ဖော်ဆောင်နိုင်စွမ်း မရှိခြင်းကို ဖြစ်စေသည်။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခက်ခဲခြင်းက ရင်းနှီးမြှုပ်နှံခြင်း၊ ခေတ်မီစေခြင်းနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှုကို နှောင့်နှေးစေသည်။

## ခရီးသွားဒေသတစ်ခုအဖြစ် မြန်မာနိုင်ငံ၏ နိုင်ငံတကာဈေးကွက် ရှာဖွေမှုမလုံလောက်ခြင်းသည် ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်

ဈေးကွက်ရှာဖွေခြင်းနှင့် မြှင့်တင်ခြင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတွင်လောလောဆယ်၌ အစိုးရနှင့်ပုဂ္ဂလိကတွင်ပါဘဏ္ဍာငွေ မရှိပါ။ ဤပြဿနာကို ပိုမိုရှုတ်ထွေးစေသည်မှာ ဈေးကွက်သုတေသန၊ ဈေးကွက်ရှာဖွေခြင်းနှင့် တိုးမြှင့်ခြင်းဆောင်ရွက်ရန်အတွက် သတင်းအချက်အလက်များကို အသုံးပြုနိုင်မှုစွမ်းရည် ကန့်သတ်ချက်ရှိခြင်းနှင့်အတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းအလားအလာနှင့် အခွင့်အလမ်းများအကြောင်း ဈေးကွက် သုတေသနပြုရာတွင် ကျွမ်းကျင်မှုမရှိခြင်းများကြောင့် ဖြစ်သည်။ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် ခရီးသွားများလာရောက်မှုနှင့် ခရီးသွားများ၏အချက်အလက်များကို ပုံမှန်ကောက်ယူလေ့လာခြင်းမရှိခြင်းတို့

ကြောင့် မြန်မာနိုင်ငံသည် ခရီးသွားများလာရောက်သည့် နေရာတစ်ခုအဖြစ် နိုင်ငံတကာမှသိရှိအောင် မိမိကိုယ်တိုင် မြှင့်တင်ဆောင်ရွက်နိုင်စွမ်းမရှိပါ။

### ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်မှု ကန့်သတ်ချက်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှုကို နှောင့်နှေးစေသည်

ကဏ္ဍတွင် လက်ရှိဖော်ပြနေသည့် ဈေးကွက်ထိုဖောက်ဝင်ရောက်မှု အားနည်းသည့် အရင်းအမြစ် နှစ်ခုရှိသည်။ ပထမတစ်ခုမှာ ရင်းမြစ်ဈေးကွက်များသည် မြန်မာနိုင်ငံအကြောင်း သိရှိမှု မရှိခြင်းဖြစ်သည်။ ရင်းမြစ်ဈေးကွက်များတွင် ခရီးသွားလုပ်ငန်းရုံးခွဲများ သို့မဟုတ် နိုင်ငံ့ကိုယ်စားလှယ်များမရှိဘဲ ဤဈေးကွက်များအတွင်း ခရီးသွားများအတွက် သတင်းအချက်အလက်ရင်းမြစ်နှင့်မြှင့်တင်ရေးဆိုင်ရာ ကိရိယာများ မရှိပါ။ အလားတူ နိုင်ငံခြားခရီးသွားများအတွက် ရည်ရွယ်ထားသည့် သီးခြားသတင်းအချက်အလက်များလည်းမရှိပါ။ ဒုတိယပြဿနာမှာ  ရင်းမြစ်ဈေးကွက်များ၏ ဝယ်လိုအားအကြောင်း သိရှိမှုမရှိခြင်းဖြစ်သည်။ ဤသည်မှာ ဈေးကွက်များအကြောင်း ဈေးကွက်သုတေသနပြုနိုင်မှု မရှိခြင်း၊ ဈေးကွက်သတင်းအချက်အလက် ရင်းမြစ်များအကြောင်း ပြည့်စုံစွာသိရှိမှုမရှိခြင်း၊ ဈေးကွက်သုတေသန၊ ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်းများအတွက် သတင်းအချက်အလက် အသုံးပြုနိုင်မှုစွမ်းရည် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် ဖြစ်သည်။

### နိုင်ငံခြားမီဒီယာများ၏ အဆိုးမြင်ပုံရိပ်ဖော်ပြမှုများကြောင့် မြန်မာနိုင်ငံအား ခရီးသွားဒေသတစ်ခုအဖြစ် စိတ်ဝင်စားမှုကို လျော့ကျစေသည်

မြန်မာနိုင်ငံ၏ အချို့သောဒေသများတွင် တည်ငြိမ်မှုမရှိခြင်းနှင့် လုံခြုံမှုမရှိခြင်းက နိုင်ငံခြားတိုင်းပြည်များ၏ လက်ခံယူဆချက်များကို တစ်ခါတစ်ရံ စိုးမိုးသည်။ ယင်းဖြစ်ရပ်များကို တုံ့ပြန်ရန် အစိုးရတွင် ထိရောက်သော အလျင်အမြန်ဆက်သွယ်ဆောင်ရွက်နိုင်စွမ်းနည်းပါးခြင်းက ထပ်မံ၍ရှုတ်ထွေးစေသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အဆိုပါကိစ္စရပ်များအတွက် ဘဏ္ဍာငွေနည်းပါးမှုကြောင့် နိုင်ငံခြားမီဒီယာများ၏ အဆိုးမြင်မှုများကို တုံ့ပြန်ရန် မည်သည့်မြှင့်တင်ရေးဆောင်ရွက်ချက်များကိုမှ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံတွင် နိုင်ငံတကာပွဲများ၊ ပြခန်းများနှင့် အားကစားပြိုင်ပွဲများမရှိခြင်းသည် နိုင်ငံခြားမှ အကောင်းမြင်လာအောင် ဆွဲဆောင်နိုင်ရန်သည့် နေရာအနည်းငယ်မျှသာ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

### အမျိုးသားအဆင့် အမှတ်တံဆိပ်မရှိခြင်းကြောင့် ခရီးသွားဒေသအဖြစ် ဆွဲဆောင်မှုကို နားလည်မှု နည်းပါးခြင်းနှင့် ပုံရိပ်ကို ပြန်လည်ဖော်ဆောင်နိုင်စွမ်း မရှိခြင်းကို ဖြစ်စေသည်

အမျိုးသား ရှေးဟောင်းအမွေအနှစ်နေရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူအများသိရှိအောင် လုံလောက်စွာတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့် မြန်မာနိုင်ငံ၏ ထူးခြားသော တိုင်းရင်းသားလူမျိုးစုများနှင့် ကွဲပြားသည့်ယဉ်ကျေးမှုများအကြောင်းကို ပြည်သူအများ သိရှိမှုနည်းပါးခဲ့သည်။ အလားတူ မြန်မာနိုင်ငံအား ထင်ရှားသည့် ခရီးသွားဒေသအဖြစ် ဖော်ပြနိုင်မည့် အစားအစာ၊ အားကစားနှင့် ဖျော်ဖြေရေးပစ္စည်းများအား အမှတ်တံဆိပ်ဖော်ဆောင်ပေးနိုင်သည့် အမျိုးသားမဟာဗျူဟာ မရှိသေးပါ။ နောက်ဆုံးအနေဖြင့် မကြာသေးခင်အချိန်အထိ ဈေးကွက်တွင် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် အမျိုးသားဆောင်ပုဒ်လည်း မရှိသေးပါ။ သို့သော်လည်း ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ဟိုတယ်/ခရီးဝန်ကြီးဌာနက “Let the Journey Begin” ဟူသည့် ဆောင်ပုဒ်အောက်တွင် ပြီးပြည့်စုံသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လှုပ်ရှားမှုတစ်ခုကို စတင်ခဲ့သည်။ အဆိုပါဆောင်ရွက်မှုသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ်ဖြစ်ပြီး ပါဝင်ပတ်သက်လုပ်ကိုင်သူများအားလုံးအကြား ပူးပေါင်းဆောင်ရွက်မည့် နောက်ထပ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကြိုးပမ်းမှုကို ဖော်ဆောင်ပေးနိုင်မည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခက်ခဲခြင်းက ရင်းနှီးမြှုပ်နှံခြင်း၊ ခေတ်မီစေခြင်းနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှုကို နှောင့်နှေးစေသည်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်ခြင်းကို မြေဈေးနှုန်းကြီးမြင့်ခြင်းနှင့် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် ပြောင်းလဲနေသည့် မူဝါဒနှင့် ဥပဒေစည်းမျဉ်းမူဘောင်အပါအဝင် အချက်များစွာက နှောင့်နှေးမှုကို ဖြစ်စေသည်။ ထို့အပြင် ကဏ္ဍအတွင်း ရုတ်တရက်ပြောင်းလဲမှုများက ပြဿနာများကို တိုးလာစေနိုင်ပြီး အခြေခံအဆောက်အအုံများသည်လည်း ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန်အတွက် ပြည့်စုံလုံလောက်ခြင်းမရှိသေးပါ။ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ကြိုးစားမှုအနေဖြင့် ဥပဒေစည်းမျဉ်းများက နိုင်ငံခြားကုမ္ပဏီများအား ရေရှည်အခွန်ကင်းလွတ်ခွင့် ပေးထားသဖြင့် ပြည်တွင်းကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်မှုကို လျော့ကျစေသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလုပ်ငန်းများ၏ ပြိုင်ဆိုင်နိုင်မှုကိုမထိခိုက်စေဘဲ အဖွဲ့အစည်းဆိုင်ရာပြဿနာများကို ဖြေရှင်းခြင်းအားဖြင့် ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ဆောင်ရွက်ပေးရန်မှာ အရေးကြီးပါသည်။

## ဖွံ့ဖြိုးတိုးတက်ရေးဂီယာ

### ပုံစံ (၇)-မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးပြဿနာများကိုရှုမြင်သုံးသပ်ခြင်း

- အဓိကဝန်ဆောင်မှုလုပ်ငန်းများသို့ အကန့်အသတ်ဖြင့်သာဝင်ရောက်နိုင်ခြင်းသည် ကဏ္ဍရှိ ကျေးလက်မှ ပါဝင်ပတ်သက်လုပ်ကိုင်သူများ ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ခက်ခဲစေသည်။
- မူဝါဒများနှင့် စောင့်ကြည့်စစ်ဆေးသည့် စနစ်များ လုံလောက်မှုမရှိခြင်းကြောင့် ယဉ်ကျေးမှုနှင့် သဘာဝရှေးဟောင်း အမွေအနှစ်နေရာများ ဆုံးရှုံးမှု တိုးမြင့်လာစေသည်။
- သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးစနစ်မရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းနေရာများ၊ ခရီးသွားများသွားရောက်သည့်နေရာများ၊ သဘာဝအရင်းအမြစ်များနှင့် သဘာဝရှုခင်းများ အဆင့်နိမ့်ကျစေသည်။
- လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကြောင့် ကုန်ကျစရိတ်များသည့် လောင်စာဆီသုံး မီးစက်ငယ်များအား ကျယ်ပြန့်စွာ သုံးစွဲနေရသည်။
- ပညာရေးအခွင့်အလမ်းများနှင့် ကဏ္ဍ၏လိုအပ်ချက်များအကြား ကိုက်ညီမှုမရှိခြင်းကြောင့် လူငယ်များအလုပ်အကိုင်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများကို ခြိမ်းခြောက်လျက်ရှိသည်။
- ကဏ္ဍ၏အခွင့်အလမ်းများကို အညီအမျှရရှိစေရန်နှင့် ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် ကဏ္ဍတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများက အမျိုးသမီးများ၏ အခွင့်အလမ်းများကို ကူညီထောက်ပံ့ပေးသွားရန်ဖြစ်သည်။

### အဓိကဝန်ဆောင်မှုလုပ်ငန်းများသို့ အကန့်အသတ်ဖြင့်သာဝင်ရောက်နိုင်ခြင်းသည် ကဏ္ဍရှိ ကျေးလက်မှ ပါဝင်ပတ်သက်လုပ်ကိုင်သူများ ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ခက်ခဲစေသည်။

မြို့ပြဆင်ခြေဖုံးနေရာများနှင့် စက်မှုဇုန်နေရာများတွင် လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဘဏ္ဍာရေးကဲ့သို့သော အဓိကဝန်ဆောင်မှုများအား အရည်အသွေးပြည့်မီစွာရရှိနိုင်မှုသည် ကန့်သတ်ချက်ရှိသည်။ ထို့အပြင် လူတစ်ဦးချင်းစီ၏ ထုတ်လုပ်နိုင်မှုသည် ဒေသအလိုက် များစွာကွာဟနေပြီး အချို့သော ကျေးလက်ဒေသများ၏ ထုတ်လုပ်နိုင်မှုသည် မြို့ပြများထက် ထက်ဝက်အောက် လျော့နည်းသည်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍသည် ကျေးလက်ရှိ လူများ၏ လုပ်အားအပေါ်တွင် အများဆုံး တည်မှီနေသဖြင့် အဆိုပါကျေးလက်ဒေသမှ လူများအနေဖြင့် လုပ်ငန်းတွင်လုံလောက်သောအဆင့်အထိ ဝင်ရောက်ခွင့်ရရှိနိုင်ရန်မှာ အရေးကြီးသည်။ ဤဝန်ဆောင်မှုများရရှိရန်အပြင် ဝေးလံခေါင်းပါးသည့်နေရာများသို့သွားရောက်နိုင်ရန်အတွက် ပို့ဆောင်ဆက်သွယ်ရေးကို တိုးချဲ့ဆောင်ရွက်ရန် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးက ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထိုသို့ သွားရောက်နိုင်မှု တိုးမြှင့်ဆောင်ရွက်ပေးခြင်းသည် ဝေးလံခေါင်းပါးသောဒေသမှလူများ အမျိုးသားစီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆက်သွယ်ရန် ကူညီပေးနိုင်သည်သာမက ဒေသတွင်းရှိ ခရီးသွားများအား ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များကို လူအများသိရှိလာအောင် ဆောင်ရွက်ပေးနိုင်သည်သာမက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

### မူဝါဒများနှင့် စောင့်ကြည့်စစ်ဆေးသည့် စနစ်များ လုံလောက်မှုမရှိခြင်းကြောင့် ယဉ်ကျေးမှုနှင့် သဘာဝရှေးဟောင်း အမွေအနှစ်နေရာများ ဆုံးရှုံးမှု တိုးမြင့်လာစေသည်။

မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များအပေါ်တွင် တည်မှီနေသည်။ ထို့အတွက်ကြောင့် အဆိုပါနေရာများအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် လုံလောက်သော မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန်မှာ အထူးအရေးကြီးသည်။ ကမ္ဘာ့ကုန်စည်များမှ ခွဲထွက်ခြင်း၊ သမိုင်းဝင်နေရာများအား ပျက်စီးစေခြင်းနှင့် သဘာဝပတ်ဝန်းကျင် အဆင့်နိမ့်ကျခြင်းစသည်တို့က ခရီးသွားဒေသအဖြစ် မြန်မာနိုင်ငံ၏ ဆွဲဆောင်နိုင်မှုအား လျော့ကျစေနိုင်မည်ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံက ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်း (Worls Heritage Convention) ကို လက်မှတ်ရေးထိုးခဲ့သော်လည်း မည်သည့်အကာအကွယ်ပြုထားသည့် နေရာများမျှ မရှိသေးပါ။ သို့သော်လည်း တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး၊ မြစ်ကြောင်းတစ်လျှောက်ရှိ စကြ်နမ်များနှင့် အမျိုးသားဥယျာဉ်များအပါအဝင် အဓိကဦးစားပေးနေရာများစွာကို ဇုန်တွင် ဖော်ပြထား

သည့်အတိုင်း တိုးတက်အောင် ဆောင်ရွက်နေသည်။ ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ UNESCO ၊ သဘာဝအလှအပများထိန်းသိမ်းရေးနိုင်ငံတကာသမဂ္ဂ (International Union for Conservation of Nature) နှင့် နော်ဝေသဘာဝပတ်ဝန်းကျင်ဌာန (Norwegian Environmental Agency) တို့က မြန်မာနိုင်ငံတွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်မူဘောင်ကို စတင်ဆောင်ရွက်ရန်နှင့် ရှေးဟောင်းအမွေအနှစ်နေရာများအား ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံ၏စွမ်းဆောင်မှုကို တိုးချဲ့ပေးသွားရန် ရည်ရွယ်၍ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေး မူဘောင်စီမံချက်အတွင်း ကမ္ဘာ့ကုလသမဂ္ဂ၏ သဘာဝအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို မကြာသေးမီက စတင်ဆောင်ရွက်ခဲ့သည်။

အရေးကြီးသော ခရီးသွားနေရာများအား အစိုးရက ပြည့်ဝစွာအကာအကွယ်ပေးနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍသည် UNESCO စီမံချက်နှင့် တွဲ၍ဆောင်ရွက်သင့်သည်။ ခရီးသွားနေရာများအား အကာအကွယ်ပေးနိုင်ရန် စောင့်ကြည့်စစ်ဆေးသည့်စနစ်များနှင့် အတည်ပြုနိုင်သည့်အာဏာကိုလည်း တိုးမြှင့်သွားရမည်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးစနစ်မရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းနေရာများ၊ ခရီးသွားများသွားရောက်သည့်နေရာများ၊ သဘာဝအရင်းအမြစ်များနှင့် သဘာဝရှုခင်းများ အဆင့်နိမ့်ကျစေသည်။**

မြန်မာနိုင်ငံ၏ သဘာဝအလှအပများအပါအဝင် ခရီးသွားနေရာများက အမျိုးသားစီးပွားရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေသော်လည်း မြန်မာနိုင်ငံသည် အဆိုပါရင်းမြစ်များအား ကာကွယ်ရန်နှင့် စီမံခန့်ခွဲရန်အတွက် ထိရောက်သောနည်းလမ်းများကိုချမှတ်ရာတွင် နှောင့်နှေးလျက်ရှိသည်။ ပြည်တွင်းနှင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့်အတူ တိုးတက်များပြားလာသည့် လူဦးရေများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများကိုဖြစ်ပေါ်စေခဲ့သည်။ ကျေးလက်ဒေသများတွင် လူဦးရေများပြားနေခြင်းနှင့် ဆိုးဝါးသည့်ဆင်းရဲမှုများကြောင့် လယ်ယာမြေများ၊ သစ်တောများနှင့် ရေအပါအဝင် သဘာဝရင်းမြစ်များကို ပြုန်းတီးစေခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုများက အဆိုပါအခြေအနေကို ပို၍ရှုတ်ထွေးစေခဲ့သည်။ ထိုအချက်များစွာက ခရီးသွားလုပ်ငန်းနေရာများပျက်စီးခြင်းနှင့် သဘာဝအရင်းအမြစ်များကို လျင်မြန်စွာညစ်ညမ်းခြင်းသို့ ဦးတည်လျက်ရှိသည်။

ပိုးသတ်ဆေးကဲ့သို့သော ဓါတုပစ္စည်းများကို ကျယ်ပြန့်စွာသုံးစွဲလာခြင်းသည် စိုးရိမ်စရာတစ်ခုပင်ဖြစ်သည်။ အင်းလေးကန်ဝန်းကျင်ဒေသများအပါအဝင် ဒေသအများအပြားတွင် ဝမ်းစာအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ကိုင်လာကြသည်။ လယ်သမားများက ဓာတုပစ္စည်းများကို အသုံးပြုလာခြင်းသည် ကန်ရေများကို ညစ်ညမ်းစေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး ရေကန်၏ ဂေဟစနစ်ကို ဆိုးဝါးစွာ ပျက်စီးစေနိုင်သည်။ အဆိုပါပျက်စီးမှုသည် အင်းလေးကန်ကို ထိန်းသိမ်းစောင့်ရှောက်နေမှုများကို ခြိမ်းခြောက်လာသည်သာမက ယဉ်ကျေးမှုခရီးသွားခြင်း၊ အားလပ်ရက်ခရီးသွားခြင်းနှင့် စွန့်စားသွားလာခြင်းနှင့် အတွေ့အကြုံရှာဖွေရာ ခရီးသွားဒေသတစ်ခုအဖြစ် ဒေသ၏ ဆွဲဆောင်နိုင်မှုကို လျော့ကျစေနိုင်မည်ဖြစ်သည်။ အခြားသော စိုးရိမ်စရာတစ်ခုမှာ တောင်ပိုင်းဒေသများနှင့် မွန်နှင့် တနင်္သာရီ ကမ်းရိုးတမ်းဒေသများတွင် မိုင်းခွဲ၍ငါးဖမ်းသည့် အလေ့တစ်ခုပင်ဖြစ်သည်။ မိုင်းခွဲ၍ငါးဖမ်းခြင်းသည် ရေငုတ်သမားများကို သမိုင်းဝင် အဓိကဆွဲဆောင်မှုတစ်ခုဖြစ်သည့် သန္တာကျောက်တန်းများအား အထူးသဖြင့်ပျက်စီးစေသည်။ အကျိုးဆက်အနေဖြင့် ရေငုတ်သမားများအား ဒေသသို့လာရောက်ရန်အတွက် ထပ်မံ၍ဆွဲဆောင်မှုမရှိ ဖြစ်စေသည်။

လောလောဆယ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများသည် ကဏ္ဍအပေါ် ခိုင်မာသည့် စူးစိုက်မှုရှိလာသည်။ အစိုးရဝန်ကြီးဌာနများသည် မိမိတို့ကျွမ်းကျင်သည့်နယ်ပယ်နှင့် သက်ဆိုင်သည့် မူဝါဒများကိုရေးဆွဲခဲ့သည်။ ဥပမာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို ရေးဆွဲခဲ့သည်။ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် မူဝါဒများရေးဆွဲရန် သတ်မှတ်ထားသည့် တစ်ခုတည်းသောဝန်ကြီးဌာနမရှိခြင်းသည် မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်စွမ်းကို နှောင့်နှေးစေသည်။ သဘာဝပတ်ဝန်းကျင်ရေးရာ အမျိုးသားကော်မရှင် (National Commission on Environmental Affairs) သည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသော်လည်း ၎င်း၏ လေ့လာမှုနည်းပါးခြင်း၊ အခြားသော ဝန်ကြီးဌာနများ၏ မူဝါဒရေးဆွဲရာတွင် ဝင်ရောက်ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်နိုင်မှု ကန့်သတ်ချက်များရှိခြင်းကြောင့် ၎င်း၏အခန်းကဏ္ဍကို ပြည့်ဝအောင်ဆောင်ရွက်နိုင်စွမ်း မရှိဖြစ်ခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (The Organization for Economic Cooperation and Development) က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးအတွက် ထိရောက်သော အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ရပ်ပေါ်ပေါက်လာရန် မြန်မာနိုင်ငံ၏ စွမ်းဆောင်နိုင်မှုအပေါ်တွင် များစွာတည်မှီနေသည်ဟု မှတ်ချက်ပြုထားသည်။ ထိရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲခြင်းသည် ကာကွယ်စောင့်ရှောက်ခြင်း

ဆိုင်ရာ ဆောင်ရွက်မှုများကို ကူညီပေးနိုင်မည်သာမက ကဏ္ဍတိုးချဲ့နိုင်ရန် ၎င်းတို့၏ ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးနိုင်မှုကို အာမခံရန်အလို့ငှာ ထိခိုက်လွယ်သော ခရီးသွားနေရာများ၏ ဆွဲဆောင်နိုင်မှုကို ထိန်းသိမ်းရန် အလားတူ ကူညီပေးမည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကြောင့် ကုန်ကျစရိတ်များသည့် လောင်စာဆီသုံး မီးစက်ငယ်များအား ကျယ်ပြန့်စွာ သုံးစွဲ နေရသည်။**

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်စွမ်းမှာ ဆိုးရွားစွာနိမ့်ကျလျက်ရှိသည်။ ထို့အတွက်ကြောင့် နိုင်ငံ၏ ကျေးလက်ဒေသများသည် လျှပ်စစ်မီးမကြာခဏပြတ်တောက်၍ အမှောင်ကျလျက်ရှိသည်။ ခရီးသွားလုပ်ငန်းကဏ္ဍသည် ကျေးလက်ဒေသတွင် တည်ရှိသည့် ခရီးသွားနေရာများအပေါ်တွင် များစွာတည်မှီနေသဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တည်ငြိမ်မှုမရှိခြင်းသည် အထူးသဖြင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအပေါ်တွင် ထိခိုက်စေသည်။

ဟိုတယ်များနှင့် အခြားသော ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအပါအဝင် ဒေသတွင်း လူမှုအဖွဲ့အစည်းများမှ လုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများသည် လျှပ်စစ်မီး မကြာခဏပြတ်တောက်မှုကြောင့် လောင်စာဆီသုံး မီးစက်ငယ်များကို အစားထိုးအသုံးပြုခဲ့ကြသည်။ လောင်စာဆီအသုံးပြုခြင်းနှင့် မီးစက်များကို ပြုပြင်ထိန်းသိမ်းခြင်းသည် တစ်ခါတစ်ရံ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်၏ ၄၀% မှ ၅၀% အထိ ကုန်ကျသဖြင့် ဤစနစ်မှာလည်း ပြည့်စုံခြင်းမရှိဘဲ အကျိုးအမြတ်ရရှိမှုကို ဆိုးဝါးစွာ လျော့နည်းစေသည်။

လုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများက မီးစက်များအား အားကိုးနေရမှုကို လျော့ချနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုကို တိုးမြှင့်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ အစိုးရ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအပေါ် ယုံကြည်အားထားနိုင်ပါက အကျိုးအမြတ် တိုးတက်ရရှိနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် လောင်စာဆီသုံး မီးစက်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း လျော့ချနိုင်မည်ဖြစ်သည်။

**ပညာရေးအခွင့်အလမ်းများနှင့် ကဏ္ဍ၏လိုအပ်ချက်များအကြား ကိုက်ညီမှုမရှိခြင်းကြောင့် လူငယ်များအလုပ်အကိုင်ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းများကို ခြိမ်းခြောက်လျက်ရှိသည်။**

မြန်မာနိုင်ငံရှိ လူငယ်များအား မကြာခဏ "ပျောက်ဆုံးနေသည့်မျိုးဆက်များ" ဟု ကိုးကားလေ့ရှိသည်။ အဓိက အခက်အခဲများမှာ ကျေးလက်ပညာရေးစနစ်တွင် အရည်အသွေးထိန်းချုပ်မှု မရှိခြင်းနှင့် လူငယ်များဘက်က ရည်မှန်းချက် ထားရှိမှုမရှိခြင်းတို့ပင်ဖြစ်သည်။ ပညာရေးစနစ် လုံလောက်မှုမရှိခြင်းက လူငယ်များအား နည်းပညာကျွမ်းကျင်သည့် လုပ်သားလိုအပ်ချက်ကို ဖြည့်တင်းရန် လိုအပ်သည့်ကျွမ်းကျင်မှုမရှိဘဲ လူငယ်အများစုသည် ကျွမ်းကျင်မှုနည်းသည့် လုပ်ငန်းများအတွက်သာ ယှဉ်ပြိုင်ခြင်းဖြင့် အောက်ခြေအဆင့်တွင် တိုးတက်မှုမရှိဖြစ်နေကြသည်။ လူငယ်အများစုကို ဆွဲဆောင်သည့် ကြီးထွားလာနေသည့် နေရာတစ်ခုမှာ လက်မှတ်ရသင်တန်းများဖြစ်ပြီး အဆိုပါသင်တန်းများသည် မြို့ကြီးများတွင်သာရှိပြီး လူငယ်များအား အင်္ဂလိပ်ဘာသာနှင့် အခြားသော နယ်ပယ်များအတွက် သင်တန်းများပို့ချပေးလျက်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ နောက်ထပ်အသက်မွေးဝမ်းကျောင်းသင်တန်း အစီအစဉ်များ လိုအပ်လျက်ရှိပြီး အထူးသဖြင့် ခရီးသွားလုပ်ငန်းအများဆုံးဆောင်ရွက်နေသည့် ကျေးလက်ဒေသရှိ လူငယ်များအား ပံ့ပိုးဆောင်ရွက်ပေးရန်ဖြစ်သည်။ အစဉ်အလာအရ မကြာခဏ အိမ်မှုကိစ္စများနှင့် ဝန်ပိနေတတ်သည့် အမျိုးသမီးငယ်များ၏ အခြေအနေသည် ပို၍ဆိုးဝါးလျက်ရှိပြီး ၎င်းတို့အတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်ရရှိအောင် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်ပေးရမည်ဖြစ်သည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) တိုးတက်လာခြင်းနှင့် ခရီးသွားလုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်းက အလုပ်အကိုင်ဖန်တီးရေးအတွက် အထောက်အကူတစ်ရပ်အဖြစ် ဆောင်ရွက်ပေးသော်လည်း အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ် နည်းပါးနေခြင်းက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ခြိမ်းခြောက်လျက်ရှိသည်။ အထူးသဖြင့် အရည်အချင်းပြည့်ဝသော အမှုထမ်းများကို ရှာဖွေရန်ခက်ခဲသည်ဟု စီးပွားရေးလုပ်ငန်းများက ပြောကြသည်။ လုပ်ငန်းများက တစ်ခါတစ်ရံ လုပ်သားများအား အရည်အချင်းရှိသည်ထက် လုပ်ခလစာလျော့ပေးသဖြင့် အလားအလာရှိသော အလုပ်လျှောက်ထားသူများကို ဆွဲဆောင်နိုင်မှု လျော့ကျစေသည်။ အိမ်တွင်းသင်တန်းများနှင့်ပတ်သက်၍ ကဏ္ဍ၏ မတည်ငြိမ်မှုနှင့် ရာသီအလိုက် မကြာခဏပြောင်းလဲတတ်သော သဘောများက ကုမ္ပဏီများအတွင်း လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် ဆောင်ရွက်နိုင်ခြင်း မရှိဖြစ်စေပြီး ဝန်ထမ်းများထံမှလည်း စိတ်ဝင်စားမှုနှင့် လုပ်ငန်းဆောင်ရွက်လိုမှု မရှိဖြစ်စေသည်။ ရလဒ်အနေဖြင့် ကဏ္ဍအတွင်း ဝန်ထမ်းများပြောင်းရွှေ့မှုနှုန်း မြင့်မားလာခြင်းနှင့် ကဏ္ဍအတွင်းရှိ ပညာတတ်အများစုသည် လုပ်ငန်းမျိုးစုံလုပ်ကိုင်လာခြင်း သို့မဟုတ် ကဏ္ဍအတွင်း ဆက်လက်လုပ်ကိုင်ခြင်းမရှိ ဖြစ်လာသည်။

ခရီးသွားကဏ္ဍ၏ လိုအပ်ချက်နှင့် ပိုမိုကိုက်ညီစေရန်နှင့် အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ပေးရန် အလုပ်ရှင်များ၏ ကြိုးစားဆောင်ရွက်မှုကို တိုးတက်စေမည့် TVET အခွင့်အလမ်းများမှ မြန်မာ့လူငယ်များသည် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည်။ ထပ်မံ၍လည်း နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Agency for Technical Cooperation and Development) ၏လေ့လာချက်များအရ တွေ့ရှိရသည်မှာ အလုပ်အကိုင်ရှာဖွေသည့် လူငယ်များအတွက် ဆွေးနွေးအကြံပေးခြင်းသည် ကြိုဆိုရမည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။

အားလုံးကို ကြည့်မည်ဆိုပါက အလုပ်အကိုင်အသစ် ရှာဖွေလိုသည့် လူငယ်လုပ်သားများအတွက် အကူအညီပေးခြင်းနှင့် သင့်လျော်သော ပညာရေးစနစ်မရှိခြင်းတို့ကြောင့် ၎င်းတို့၏ ဘဝအတွက် ဝင်ငွေရှာဖွေနိုင်စွမ်းအပြင် အလုပ်အကိုင်လုံခြုံစိတ်ချရမှုမရှိခြင်းကို ဖြစ်စေနိုင်သည်။ အစိုးရက TVET အစီအစဉ်အသစ်များစွာကို ဆောင်ရွက်နေသော်လည်း စီးပွားရေးတိုးချဲ့ဆောင်ရွက်ခြင်း၏ အကျိုးအမြတ်များကို လူဦးရေအနည်းစုကသာ ခွဲဝေရရှိနေခြင်းသည် လူငယ်များအား ကျွမ်းကျင်သူများဖြစ်လာစေရေး ကူညီထောက်ပံ့ပေးရန် ခက်ခဲစွာ လုပ်ဆောင်ရမည်ဖြစ်သည်။

ကဏ္ဍ၏အခွင့်အလမ်းများကို အညီအမျှရရှိစေရန်နှင့် ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်ရန်အတွက် ကဏ္ဍတွင်ပါဝင်ပတ်သက်လုပ်ကိုင်သူများက အမျိုးသမီးများ၏ အခွင့်အလမ်းများကို ကူညီထောက်ပံ့ပေးသွားရန်ဖြစ်သည်။

ခရီးသွားနှင့် ဧည့်ဝတ်ကျေပွန်ခြင်းလုပ်ငန်းတွင် ခန့်ထားသည့် အလုပ်သမားများ၏ အကြမ်းဖျင်းအားဖြင့် တစ်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။ သို့ဖြစ်ရာ ကဏ္ဍကိုတိုးချဲ့ဆောင်ရွက်ခြင်းသည် အမျိုးသမီးများ၏ ဝင်ငွေရရှိမှုအပေါ် ကြီးမားသည့်အကျိုးသက်ရောက်မှုရှိရန် မျှော်မှန်းထားသည်။ ကဏ္ဍနှင့်တိုက်ရိုက်ဆက်စပ်နေသည့် အလုပ်အကိုင်အခွင့်အလမ်းများကို အားပေးခြင်းအပြင် ခရီးသွားလုပ်ငန်းကဏ္ဍ၏ တိုးတက်မှုသည် အမျိုးသမီးများအတွက် အပိုဝင်ငွေရှာဖွေပေးနိုင်သည့် အစဉ်အလာအားဖြင့် အရေးကြီးသောရင်းမြစ်တစ်ခုဖြစ်သည့် ဆက်စပ်နေသည့် လက်မှုလုပ်ငန်းများအတွက် ဝယ်လိုအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သို့သော်လည်း ဒေသခံအိမ်များတွင် တည်းခိုနေထိုင်သည့်ခရီးသွားလုပ်ငန်း (Home Stay Tourism) ကဲ့သို့သော လှုပ်ရှားသွားလာမှုအမျိုးအစားများသည် ဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများကို ဖော်ပြနေသည်။ ဒေသခံအိမ်များတွင် တည်းခိုနေထိုင်သည့် ခရီးသွားလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ခြင်းသည် စီးပွားရေးအခွင့်အလမ်းများကို တိုးတက်လာစေနိုင်သော်လည်း အမျိုးသမီးများသည် ဧည့်သည်များကို တာဝန်ယူရလေ့ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများတို့၍ ဆောင်ရွက်ရသဖြင့် ကုန်ကျစရိတ်များရှိမည်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများသည် ဤလှုပ်ရှားမှုများမှ ရရှိမည့်ဝင်ငွေကို တစ်ခါတစ်ရံ ထိန်းချုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အတွက်ကြောင့် အစိုးရသည် အမျိုးသမီးများ နေအိမ်၌ လုပ်ငန်းဆောင်ရွက်မှုတွင် ပြဿနာများကို လျှော့ချနိုင်ရန်အတွက် အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်နိုင်မှုကို တိုးမြှင့်ရန် ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းပင်မစီမံချက်တွင် ကျားမတန်းတူညီမျှအခွင့်အရေးရရှိရေးကို သီးခြားခေါင်းစဉ်တစ်ရပ်အနေဖြင့် ထည့်သွင်းထားပြီး အမျိုးသမီးများအနေဖြင့် စီးပွားရေးအခွင့်အလမ်းများ၊ ကျွမ်းကျင်မှုသင်တန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အရင်းအမြစ်များနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို လုပ်ဆောင်နိုင်ရန် တန်းတူအခွင့်အရေးရရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ အမျိုးသမီးများနှင့် လူနည်းစုများသည် လူမှုအဖွဲ့အစည်းများအတွင်း ညှိနှိုင်းဆွေးနွေးမှုများနှင့် မဟာဗျူဟာမြောက်အစီအစဉ်များတွင် ပါဝင်လာမည်ဖြစ်ပြီး မိုဘိုင်းဖုန်းများကို အသုံးပြုခြင်းဖြင့် လုပ်ငန်းလုပ်ဆောင်ရန် ခက်ခဲသည့် ဝေးလံခေါင်းပါးသော ဒေသများရှိ အမျိုးသမီးများအနေနှင့် သင်တန်းများ တက်ရောက်နိုင်မည့် အခွင့်အလမ်းများကို ရရှိစေနိုင်မည်ဖြစ်သည်။

အခြားသော စိုးရိမ်စရာတစ်ခုမှာ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တွဲ၍ပါလာတတ်သည့် လိင်မှုဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် လူကုန်ကူးမှုများ ကျယ်ပြန့်လာခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံမှအမျိုးသမီးများကို ယခင်ကပင် ထိုင်းနိုင်ငံသို့ လူကုန်ကူးမှုများရှိခဲ့ပြီး ပြည်တွင်းတွင်လည်း အဆိုပါကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကိုလည်း အစိုးရက သိရှိပြီးဖြစ်သည်။ ထိုကဲ့သို့ အမြတ်ထုတ်မှုများကို ကာကွယ်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်းပင်မစီမံချက် (Tourism Master Plan) က ကလေးသူငယ်များအား ကာကွယ်ရေးနှင့် လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေ (၂၀၀၆-၂၀၁၅) အရ အမျိုးသားလုပ်ငန်းစီမံကိန်းကိုချမှတ်ဆောင်ရွက်သွားရန် ရည်ရွယ်သည်။ ထို့အတွက်ကြောင့် အသိပညာမြှင့်တင်ရေး ဆောင်ရွက်ချက်များနှင့် လိင်ကုန်ကူးမှုဆိုင်ရာ ရဲသင်တန်းများအတွက် ဘတ်ဂျက်လျာထားပြီးဖြစ်သည်။

# ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားလိုပါသနည်း

## မျှော်မှန်းချက်

အစိုးရ၏ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းမူဝါဒတွင် ချမှတ်ထားသော ခရီးသွားလုပ်ငန်းမျှော်မှန်းချက်အား မြန်မာ့ခရီးသွားလုပ်ငန်းပင်မစီမံချက်တွင် လက်ခံကျင့်သုံးသွားမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ရည်မှန်းချက်များကို ဖော်ပြသည့် ဤမျှော်မှန်းချက်ကို ၂၀၁၂ ခုနှစ်တွင် အစိုးရက အတည်ပြုခဲ့သည်-

> ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအား ပိုမိုကောင်းမွန်သော နေထိုင်ရန်နေရာဖြစ်စေရန်အတွက် ခရီးသွားလုပ်ငန်းအား အသုံးချရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ ပြည်သူအားလုံးအတွက် ပိုမိုသော အလုပ်အကိုင်များနှင့် ထူးကဲသောစီးပွားရေးအခွင့်အလမ်းများ စီမံပံ့ပိုးပေးရန်၊ ကျွန်ုပ်တို့၏ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဖြည့်ဆည်းပေးရန်နှင့် ကျွန်ုပ်တို့၏ကြွယ်ဝသော ယဉ်ကျေးမှုဆိုင်ရာ အမျိုးအစားများအား မျှဝေခံစားရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ အမွေအနှစ်များနှင့် လူနေမှုဘဝကို အသိအမှတ်ပြု တန်ဖိုးထားမြတ်နိုးသူများနှင့် အလေးထား၍လာရောက်လည်ပတ်သူများကို နွေးထွေးပျူငှာစွာ ကြိုဆိုပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာဗျူဟာသည် ပင်မစီမံချက်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ကူညီပံ့ပိုးခြင်းများကို ပံ့ပိုးဆောင်ရွက်သွားရန် ရည်ရွယ်သကဲ့သို့ ကဏ္ဍတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများကလည်း ထပ်မံ၍ မျှော်မှန်းချက်တစ်ခုကို ချမှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အောက်တွင်ဖော်ပြထားသည့် ပို့ကုန်မဟာဗျူဟာ မျှော်မှန်းချက်ကို မြန်မာနိုင်ခရီးသွားလုပ်ငန်းကဏ္ဍ၏ ယှဉ်ပြိုင်နိုင်မှုများ တိုးမြှင့်လာခြင်းအပေါ် တည်မှီနေသည့် ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြနိုင်ရန် ရည်ရွယ်၍ရေးဆွဲခဲ့ခြင်းဖြစ်သည်။

### “ချစ်မြတ်နိုးဖွယ် မြန်မာ”

မြန်မာနိုင်ငံက ၎င်း၏ အလားအလာရှိသော ထူးခြားသည့် သဘာဝအလှအပများနှင့် ယဉ်ကျေးမှုများကို ပေးနိုင်ရန်အတွက် စတင်ဆောင်ရွက်နေဆဲဖြစ်သည်။ လွန်ခဲ့သည့် ၂ နှစ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြီးမားစွာတိုးတက်မှုများ ကြုံတွေ့ခဲ့ရသော်လည်း ကဏ္ဍ၏ စွမ်းဆောင်နိုင်မှုမှ အကျိုးအမြတ် အပြည့်အဝရရှိမီကာလအတွင်း ဆောင်ရွက်ရန်များစွာ ရှိနေသေးသည်။ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်နည်းပါးခြင်း၊ ဈေးကွက်မြှင့်တင်ဆောင်ရွက်နိုင်မှု မလုံလောက်ခြင်းနှင့် ထုတ်ကုန်မျိုးစုံ ထုတ်လုပ်နိုင်သည့်အဆင့်နိမ့်ကျနေသေးခြင်းကဲ့သို့သော ထင်ရှားသည့်အဟန့်အတားများက ကဏ္ဍ၏ဆက်လက်တိုးချဲ့ဆောင်ရွက်မှုများကို နှောင့်နှေးစေရန် ခြိမ်းခြောက်လျက်ရှိသည်။ သို့သော်လည်း ခရီးသွားလုပ်ငန်း၏ ကြိုတင်မျှော်မှန်းထားချက်များနှင့် မြန်မာနိုင်ငံအား ခရီးသွားဒေသအဖြစ် စိတ်ဝင်စားမှုများက ခရီးသွားလုပ်ငန်းတန်ဖိုးကွင်းဆက်အား ခိုင်မာလာစေသည့် အားကောင်းသောအချက်များပင်ဖြစ်သည်။

တိုးတက်ရန်အခွင့်အလမ်းများသည် တန်ဖိုးကွင်းဆက်တစ်လျှောက် ကြီးမားကျယ်ပြန့်စွာ တည်ရှိနေသည်။ တစ်ချို့သောကိစ္စရပ်များတွင် လက်ရှိချိတ်ဆက်မှုများကို ခိုင်မာစေရန်ဖြစ်သော်လည်း အခြားသောနယ်ပယ်များတွင် ဖွဲ့စည်းမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လိုအပ်သည်။ ဤတိုးတက်မှုပုံစံ ၂ ခုစလုံးသည် ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်း (လက်ရှိဈေးကွက်များသို့ ပို့ကုန်များတိုးမြှင့်တင်ပို့ခြင်း)၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု (လက်ရှိဈေးကွက်များသို့ ထုတ်ကုန်အသစ်များ တိုးမြှင့်တင်ပို့ခြင်း)၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု (ဈေးကွက်အသစ်များတွင် လက်ရှိထုတ်ကုန်များကို တိုးမြှင့်တင်ပို့ခြင်း)၊ သို့မဟုတ် အမျိုးအစားစုံလင်စွာဆောင်ရွက်ခြင်း (ဈေးကွက်အသစ်များတွင် ထုတ်ကုန်အသစ်များကို တိုးမြှင့်တင်ပို့ ခြင်း) များကို ဦးတည်ရမည်ဖြစ်သည်။

ပုံ (၁၁) အနာဂတ် တန်ဖိုးကွင်းဆက်



## ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ကုန်အသစ်များကို စတင်ဆောင်ရွက်ခြင်းမှတဆင့် ကဏ္ဍ၏ လက်ရှိထုတ်ကုန်များကို အခြေခံ၍ စွမ်းဆောင်ရည်တည်ဆောက်နိုင်မှုအပေါ်တွင် များစွာတည်မှီနေမည်ဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ ညှိနှိုင်းဆွေးနွေးပွဲကာလများအတွင်း ပါဝင်ပတ်သက်လုပ်ကိုင်သူများက အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသော ကုန်ပစ္စည်း (၅) မျိုးကို ဖော်ထုတ်ခဲ့ကြသည်။ အဆိုပါ ဆောင်ရွက်မှုများအနက် အချို့သည် ခရီးသွားလုပ်ငန်းနေရာအသစ်များအား စတင်မိတ်ဆက်ခြင်းနှင့် လက်ရှိထုတ်ကုန်များအား ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် အခြားဆောင်ရွက်မှုများတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်မှု ပုံစံအသစ်များအား စတင်မိတ်ဆက်ဆောင်ရွက်ခြင်းများ ပါဝင်မည်ဖြစ်သည်။ စတင်ဖွံ့ဖြိုးဆဲ ထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများအား ဇယား(၁၉)တွင် အနီရောင်ဖြင့် ဖော်ပြထားသည်။

**ဇယား-၁၉ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများ**

| ထုတ်ကုန်များ/ဆွဲဆောင်မှုများ | ခရီးသွားပုံသဏ္ဍာန်များ | ခရီးစဉ်ဒေသများ | | |
|---|---|---|---|---|
| ယဉ်ကျေးမှုခရီးသွားခြင်းနှင့်အပန်းဖြေခရီးသွားခြင်း | ရှုခင်း၊ မြင်ကွင်းများ၊ ယဉ်ကျေးမှုများ၊ ပွဲတော်များ၊ အမွေအနှစ်များ၊ အစားအစာများ၊ လက်မှုအနုပညာများ၊ လှည့်လည်ကြည့်ရှုခြင်း၊ ဘုရားဖူးခရီးစဉ်နှင့် တရားရိပ်သာ စခန်းဝင်ခရီးစဉ်များ၊ | • ကျိုက်ထီး<br>• မြောက်ဦး<br>• နတ်မတောင်<br>• မန္တလေး<br>• အင်းလေးကန် | • ပြင်ဦးလွင်<br>• ဖားအံ<br>• လွိုင်ကော်<br>• မုံရွာ<br>• ကယားပြည်နယ် | • သီပေါ<br>• ဟားခါး<br>• ပုဂံ<br>• ရန်ကုန် |
| သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ | သဘာဝရှုခင်းနေရာများ၊ ကာကွယ်တော များသို့ သွားရောက်လည်ပတ်ခြင်းနှင့် ကမ်းခြေဒေသ ခရီးသွားလုပ်ငန်း၊ | • အင်းလေး<br>• ငွေဆောင်<br>• ကော့သောင်း | • ပုဂံ<br>• ချောင်းသာ<br>• မြိတ်ကျွန်းစု | • ငပလီ<br>• ကျိုက်ထီး |
| သဘာဝ ပတ်ဝန်းကျင် ခရီးသွားလုပ်ငန်း | ရှားပါးမျိုးစိတ်များ၊ အပင်များနှင့် တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ငှက်ကြည့်ခြင်း | • မိုးယွန်းကြီးအင်းဘေးမဲ့တော<br>• အလောင်းတော်ကဿပအမျိုးသားဥယျာဉ်<br>• နတ်မတောင် အမျိုးသားဥယျာဉ်<br>• ကျောက်ပန်းတောင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (ရခိုင်ပြည်နယ်)<br>• မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (မိကျောင်းများ) | • ပဲခူးရိုးမတောင်တန်း<br>• အင်းလေးကန်<br>• ခါကာဘိုရာဇီအမျိုးသားဥယျာဉ်<br>• ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (သမင်များ)<br>• လမ်ပိကျွန်းရေကြောင်းအမျိုးသားဥယျာဉ်<br>• ပုပ္ပါးတောင်အမျိုးသားဥယျာဉ် | |
| စွန့်စားလိုမှုနှင့် အတွေ့အကြုံရလိုမှု ခရီးသွားခြင်း လုပ်ငန်းများ | မီးပုံပျံဖောင်းစီးခြင်း၊ စက်ဘီးစီးခြင်း၊ တောင်ပေါ်စက်ဘီးစီးခြင်း၊ လှေလှော်ရွက်တိုက်ခြင်း၊ တောတွင်းတောင်ပေါ် ခရီးရှည်လမ်းလျှောက်ခြင်း၊ ဆိုင်ကယ်ခရီးစဉ်၊လေးဘီးယက်ကားများဖြင့်တောင်တက်ခရီးစဉ်၊ လူမှုအဖွဲ့အစည်းနှင့်ကျွမ်းကျင်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကနဦးဆောင်ရွက်မှုများ | • အင်းလေး<br>• ပြင်ဦးလွင်<br>• ပူတာအို | • ပုဂံ<br>• ဟားခါး<br>• လွိုင်ကော် | • ကျိုက်ထီး<br>• နတ်မတောင်<br>• မြိတ်ကျွန်းစု |
| အပျော်စီးခရီးသွားသင်္ဘောကြီးများခရီးစဉ်နှင့်ရွက်လှေခရီးစဉ် | မြစ်ကြောင်းနှင့်သမုဒ္ဒရာသွား အပျော်စီးသင်္ဘောကြီးများ | ရန်ကုန် | ပုဂံ<br>မန္တလေး | ဧရာဝတီ<br>ဗကာ့သောင်း |
| MICE ခရီးသွားလုပ်ငန်း | အစည်းအဝေးများမက်လုံးပေးဆွဲဆောင် သည့် ခရီးသွားအုပ်စု၊ ညီလာခံများနှင့် ပြပွဲများ ခင်းကျင်းပြသ ဆောင်ရွက်ခြင်း၊ | နေပြည်တော်<br>ရန်ကုန် | မန္တလေး | ငပလီ |
| အားလပ်ရက်အပန်းဖြေခြင်းနှင့်ကျန်းမာရေး ခရီးသွားခြင်း | Spa များနှင့် ကျန်းမာရေးစင်တာများ၊ ကိုယ်ကာယလေ့ကျင့်ရေးစင်တာများ၊ ဂေါက်ကွင်းများ၊ VFR | ရန်ကုန် | မန္တလေး | ပုဂံ |

**ရင်းမြစ်** ခရီးသွားလုပ်ငန်းပင်မစီမံချက် ၂၀၁၃-၂၀၂၀၊ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့၊ NES

ယခင်က ဖော်ပြခဲ့သည့်အတိုင်း ပါဝင်ပတ်သက်လုပ်ကိုင်သူများက ယဉ်ကျေးမှုနှင့် အပန်းဖြေခရီးသွားမည့် ခရီးသွားများအတွက် ခရီးစဉ်ဒေသအသစ်များကို ဖော်ဆောင်ပေးမည်ဖြစ်သည်။ ၎င်းတို့တွင် ပုဂံ၊ မန္တလေး၊ မုံရွာ၊ ရန်ကုန်၊ အင်းလေးကန်နှင့် ကယားပြည်နယ်တို့ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အစပျိုးဆောင်ရွက်နေသည့် အပျော်စီးခရီးသွား သင်္ဘောကြီးများ ခရီးစဉ်နှင့် ရွက်လှေခရီးစဉ်များကို မြစ်ကြောင်းနှင့် သမုဒ္ဒရာသွား အပျော်စီးသင်္ဘောကြီးများခရီးစဉ် စတင်တိုးချဲ့ဆောင်ရွက်ခြင်းမှတဆင့် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောင်ရွက်မှုပုံသဏ္ဍာန်အသစ်များတွင် သဘာဝပတ်ဝန်းကျင်ခရီးသွားခြင်းလုပ်ငန်း၊ စွန့်စားလိုမှုနှင့် အတွေ့အကြုံရလိုမှု ခရီးသွားခြင်းနှင့် အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းများ ပါဝင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ခရီးသွားခြင်းတွင် ခရီးသွားများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်မှုများနှင့် ရှားပါးမျိုးစိတ်များအား ကြည့်ရှုခံစားခွင့်ပေးနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်သူများက မြန်မာနိုင်ငံ၏ ထင်ရှားသော ရေကန်များ၊ တောင်တန်းများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များနှင့် အင်းများကို ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ အဓိက သဘာဝပတ်ဝန်းကျင်ခရီးသွား ဆောင်ရွက်သည့် နေရာများတွင် မိုးယွန်းကြီးအင်း ဘေးမဲ့တော၊ အင်းလေးကန်၊ ပဲခူးရိုးမတောင်တန်း၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ရွှေစက်တော်အမျိုးသားဥယျာဉ်၊ လမ်ပိကျွန်း ရေကြောင်းအမျိုးသားဥယျာဉ်၊ ကျောက်ပန်းတောင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (ချင်းပြည်နယ်)၊ ပုပ္ပါးတောင်အမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ ပါဝင်မည်ဖြစ်သည်။

စွန့်စားလိုမှုနှင့် အတွေ့အကြုံရလိုမှုခရီးသွားခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ခရီးသွားများသည် မီးပုံပူဖောင်းစီးခြင်း၊ စက်ဘီးစီးခြင်း၊ တောင်ပေါ်စက်ဘီးစီးခြင်း၊ လှေလှော်ရွက်တိုက်ခြင်း၊ လေးဘီးယက်ကားများဖြင့်တောင်တက်ခရီးသွားခြင်း၊ တောတွင်းတောင်ပေါ် ခရီးရှည်လမ်းလျှောက်ခြင်း၊ ဆိုင်ကယ်ဖြင့်ခရီးသွားခြင်း၊ လူမှုအဖွဲ့အစည်းအခြေခံခရီးသွားခြင်းနှင့် ကျွမ်းကျင်ပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကနဦးဆောင်ရွက်မှုများတွင် ပါဝင်နိုင်မည်ဖြစ်သည်။ အဆိုပါဆောင်ရွက်မှုများကို ပုဂံ၊ ကျိုင်းတုံ၊ အင်းလေး၊ ပြင်ဦးလွင်၊ ဟားခါး၊ နတ်မတောင်၊ ပူတာအို၊ လွိုင်ကော်၊ မြိတ်ကျွန်းစုများတွင် အဓိကထားဆောင်ရွက်သွားမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းကို ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များရှိ ဖွံ့ဖြိုးဆဲ Spa များနှင့် ကျန်းမာရေးစင်တာများ၊ ကိုယ်ကာယလေ့ကျင့်ရေးစင်တာများ၊ ဂေါက်ကွင်းများအား အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

## ဈေးကွက်များ ဖော်ထုတ်ခြင်း

အမျိုးသားပို့ကုန်မဟာဗျူဟာ ညှိနှိုင်းဆွေးနွေးပွဲများကာလအတွင်း ကဏ္ဍတွင် ပါဝင်သူများက အောက်ပါနိုင်ငံများအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသော အဓိကဈေးကွက်နိုင်ငံများအဖြစ် သတ်မှတ်ခဲ့ကြသည်-

### လက်ရှိဈေးကွက်များ (ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်းနှင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု)

အောက်ပါနိုင်ငံများသည် လက်ရှိတွင် ခရီးသွားများ အများအပြားလာရောက်နေသည့် ဈေးကွက်နိုင်ငံများဖြစ်သည်။ ထို့အပြင် အဆိုပါနိုင်ငံများမှ ခရီးသွားများအား ဆွဲဆောင်ရာတွင် မြန်မာနိုင်ငံသည် အောင်မြင်မှုများရရှိနေသော်လည်း ၎င်းနိုင်ငံများမှ ထိတွေ့မှုမရှိသေးသည့် အလားအလာရှိသည့် အရာများအား စီစစ်ဆောင်ရွက်သွားရန်အတွက် ဖော်ပြချက်အစီအစဉ်များကို အသုံးပြုသွားရမည်ဖြစ်သည်။

ဤနိုင်ငံများမှ ခရီးသွားများသည် လက်ရှိတွင် ယဉ်ကျေးမှု၊ သဘာဝ၊ MICE နှင့် VER ခရီးသွားလုပ်ငန်းများတွင် အများဆုံး ပါဝင်ကြပြီး ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်းကို တိုးမြှင့်ခြင်းမှတဆင့် ထုတ်ကုန်များကို ဖော်ဆောင်ရန် ဤနိုင်ငံများမှ ခရီးသွားများအား ပိုမိုဆွဲဆောင်ရန်အတွက် အခွင့်အလမ်းများ ရှိနေသည်။ အခွင့်အလမ်းများတွင် သဘာဝပတ်ဝန်းကျင်၊ စွန့်စားသွားလာခြင်း၊ အပျော်စီးသင်္ဘောကြီးများနှင့်အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းများအပါအဝင် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ခြင်းမှတဆင့် ဤဈေးကွက်များသို့ ထုတ်ကုန်အသစ်များကို စတင်မိတ်ဆက်ပေးရန်လည်း ပါဝင်သည်။

ဈေးကွက်ထိုးဖောက်ဝင်ရောက်ရန်နှင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုရှိသည့် နိုင်ငံများသည် အနည်းဆုံး အောက်တွင်ဖော်ပြထားချက်များမှ အချို့နှင့် ကိုက်ညီရမည်ဖြစ်သည်-

၁။ မြန်မာနိုင်ငံနှင့် ခရီးသွားလုပ်ငန်းတွင် ဆက်သွယ်ဆောင်ရွက်ပြီးဖြစ်ခြင်း၊

၂။ ၎င်းနိုင်ငံများ၏ လူဦးရေ အထူးသဖြင့် လူလတ်တန်းစားများသည် ဝယ်ယူနိုင်စွမ်းရှိခြင်း၊

၃။ ၎င်းနိုင်ငံများ၏ စီးပွားရေး၊ လူလတ်တန်းစားများနှင့် ဝယ်ယူနိုင်စွမ်းများသည် တိုးတက်လျက်ရှိခြင်း၊
၄။ ၎င်းနိုင်ငံများသည် မြန်မာနိုင်ငံနှင့် တိုက်ရိုက်လေယာဉ်ခရီးစဉ်ဖြင့် သွားရောက်နိုင်ခြင်း၊
၅။ ၎င်းနိုင်ငံများသည် မြန်မာနိုင်ငံနှင့် ပထဝီအနေအထားအရ နီးကပ်စွာ တည်ရှိခြင်း၊
၆။ ၎င်းနိုင်ငံများသည် ၎င်းတို့၏နယ်စပ်ဒေသများမှတဆင့် မြန်မာနိုင်ငံနှင့် ဆက်သွယ်သွားလာရန် စိတ်ဝင်စားမှုရှိခြင်း၊
၇။ ၎င်းနိုင်ငံများသည် မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ချည်နှောင်ထားမှုရှိခြင်း၊

ဤဖော်ပြထားချက်များဖြင့် နိုင်ငံများအား စီစစ်ပိုင်းခြားရာတွင် ကဏ္ဍအတွင်း ဆောင်ရွက်နေသူများက နိုင်ငံတစ်ခုချင်းစီတွင် လက်ရှိဆောင်ရွက်နေသော ထုတ်ကုန်များကို တိုးချဲ့ထိုးဖောက်ဝင်ရောက်ခြင်းအပြင် ထုတ်ကုန်အသစ်များကို မိတ်ဆက်ပေးနိုင်သည့် အခွင့်အလမ်းများကို ဖော်ပြထားသည်။ လာမည့်အပိုင်းတွင် ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်းနှင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤနိုင်ငံအသီးသီး၏ အဓိကစွဲဆောင်နိုင်သည့် အချက်များကို ဖော်ပြထားပြီး တစ်ချိန်တည်းတွင် ဤအခွင့်အလမ်းများကို အသုံးချနိုင်ရန်အတွက် လိုအပ်သော ဆောင်ရွက်ရမည့် အဆင့်များကိုလည်း ဖော်ပြထားသည်။

### ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံသည် လက်ရှိတွင် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အကြီးမားဆုံး ရင်းမြစ်ဈေးကွက်တစ်ခုဖြစ်ပြီး လေကြောင်းမှ လာရောက်သည့် ခရီးသွားများ၏ ၁၅. ၉ % ကို ပို့ဆောင်ပေးလျက်ရှိသည်။ ထိုင်းနိုင်ငံမှ ခရီးသွားများသည် အခြေခံအားဖြင့် ယဉ်ကျေးမှု၊ စွန့်စားလိုမှုနှင့် MICE ခရီးသွားခြင်းများတွင် ပါဝင်ကြသည်။ ၎င်းနိုင်ငံ၏ ဝယ်ယူနိုင်စွမ်းအပြင် မြန်မာနိုင်ငံနှင့် နီးကပ်စွာတည်ရှိမှုနှင့် တူညီသော ယဉ်ကျေးမှုများက နောက်ထပ်ဈေးကွက်ထိုးဖောက်ဝင်ရောက်ရန်အတွက် အလားအလာရှိသော အဓိကနေရာတစ်ခု ဖြစ်စေသည်။ ထိုကဲ့သို့ဆောင်ရွက်ရန်သည် မြန်မာနိုင်ငံအား အပန်းဖြေရန်နှင့် စီးပွားရေးခရီးသွားခြင်းများအတွက် ခရီးစဉ်ဒေသတစ်ခုအဖြစ် ပိုမိုသိရှိလာစေရန်ရည်ရွယ်၍ ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်ချက်များကို တိုးချဲ့လုပ်ဆောင်ခြင်းအပေါ်တွင် တည်မှီနေမည်ဖြစ်သည်။

### ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံမှ လာရောက်သည့် ခရီးသွား ၈ % သည် လက်ရှိတွင် MICE ခရီးသွားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ခရီးသွားခြင်းများတွင် ပါဝင်လာကြသည်။ ဤခရီးသွားများအား ၎င်းတို့၏ ဝယ်ယူနိုင်စွမ်းအား၊ မြန်မာနိုင်ငံနှင့် ရင်းနှီးကျွမ်းဝင်မှု၊ နိုင်ငံ၏ နယ်စပ်ဝင်ပေါက်များအား ဖွင့်လှစ်ပေးခဲ့ပြီးနောက် မြန်မာနိုင်ငံအားလာရောက်ရန် စိတ်ဝင်စားလာခြင်းနှင့် တိုက်ရိုက်လေယာဉ်ခရီးစဉ်ပျံသန်းနိုင်ခြင်းစသည်များကြောင့် အနာဂတ် ဈေးကွက်ထိုးဖောက်ဝင်ရောက်ရန်အတွက် အဓိကအဖြစ် ရွေးချယ်ထားသည်။ အမျိုးသားအဆင့် လမ်းကြောင်းများနှင့် ဈေးကွက်ချဲ့ထွင်ခြင်းများကြောင့် စွန့်စားလိုမှု၊ အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းနှင့် သဘာဝပတ်ဝန်းကျင်ခရီးသွားခြင်းစသည့် ထုတ်ကုန်မျိုးစုံအတွက် အလားအလာရှိသော ခရီးသွားများလည်းဖြစ်ကြသည်။ ဈေးကွက်မြှင့်တင်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကို တိုးတက်စေခြင်း၊ ကမ်းလှမ်းမှုအသစ်များနှင့် ခရီးသွားအစီအစဉ်များကို စတင်ဆောင်ရွက်ခြင်းနှင့် ဘာသာစကားအတားအဆီးများကို လျှော့ချခြင်းမှတဆင့် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ခရီးသွားလုပ်ငန်းမျိုးစုံကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

လေကြောင်းမှ လာရောက်သည့် ခရီးသွားများ၏ ၁၁. ၉ % သည် တရုတ်ခရီးသွားများဖြစ်ပြီး MICE, VFR နှင့်ယဉ်ကျေးမှုခရီးသွားခြင်းများတွင် ပါဝင်ကြသည်။ စီးပွားရေးအရ ချည်နှောင်ထားမှုများနှင့် ပထဝီအနေအထားအရ နီးကပ်မှုများက တရုတ်နိုင်ငံသည် MICE နှင့် VFR ခရီးသွားခြင်းများဖြင့် ဈေးကွက်ထိုးဖောက်ခြင်းကို တိုးမြှင့်ရန်အတွက် သင့်တော်သော နိုင်ငံတစ်ခုဖြစ်စေသည်။ ယဉ်ကျေးမှုခရီးသွားခြင်းကို သွားလာသည့်သူများ များပြားလာခြင်းနှင့်အတူ ခရီးသားမှုကို စိတ်ဝင်စားမှု မြင့်တက်လာခြင်းကြောင့် တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ တရုတ်ခရီးသွားများသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုခရီးသွားခြင်းများကို သိရှိမှုအနည်းငယ်မျှသာရှိသော်လည်း စိတ်ဝင်စားကြသည်။ ဈေးကွက်မြှင့်တင်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဘာသာစကားအတားအဆီးများကို လျှော့ချခြင်းနှင့် နိုင်ငံသီးသန့် ခရီးသွားထုတ်ကုန်များ ဆောင်ရွက်ပေးခြင်းအပါအဝင် ပို၍အဓိကကျသော မဟာဗျူဟာတစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းမှတဆင့် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ခရီးသွားလုပ်ငန်းမျိုးစုံကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံ

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများမှ ခရီးသွားများလာရောက်မှုသည် စုစုပေါင်းခရီးသည်လာရောက်မှု၏ ၇.၄ % ရှိပြီး အဓိကအားဖြင့် ယဉ်ကျေးမှုနှင့် သဘာဝခရီးသွားခြင်းများတွင် ပါဝင်ကြသည်။ နိုင်ငံ၏ နယ်စပ်ဝင်ပေါက်များအား ဖွင့်လှစ်ပေးခဲ့ပြီးနောက် မြန်မာနိုင်ငံအားလာရောက်ရန် စိတ်ဝင်စားလာခြင်းအပြင် ၎င်းတို့၏ ဝယ်ယူနိုင်စွမ်းများက ၎င်းနိုင်ငံများအား ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်းကို တိုးမြှင့်ရန်အတွက် အလားအလာရှိသောနိုင်ငံများ ဖြစ်စေသည်။ ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို တိုးမြှင့်ခြင်းမှတဆင့် ၎င်းတို့အားရရှိနိုင်မည်ဖြစ်သည်။ ဆောင်ရွက်မှုအသစ်များကို စိတ်ဝင်စားသော်လည်း သဘာဝပတ်ဝန်းကျင်ခရီးသွားခြင်း၊ စွန့်စားလိုမှုနှင့် အပျော်စီးခရီးသွား သင်္ဘောကြီးများခရီးစဉ်စသည့် ထုတ်ကုန်အမျိုးအစားများဖြင့် ဤဈေးကွက်များအား ဖွင့်လှစ်ပေးသွားရန်ဖြစ်သည်။ ပို၍ထိရောက်သော ဈေးကွက်မြှင့်တင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့်အတူ ထုတ်ကုန်အသစ်များနှင့် ခရီးသွားအစီအစဉ်အသစ်များကို စတင်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားအစီအစဉ်မျိုးစုံကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

## ကိုရီးယားသမ္မတနိုင်ငံ

ကိုရီးယားသမ္မတနိုင်ငံမှ ခရီးသွားများ၏ ၅.၉ % ရောက်ရှိပြီး ၎င်းနိုင်ငံ၏ ဝယ်ယူနိုင်စွမ်း၊ တိုက်ရိုက်လေယာဉ်ခရီးစဉ်ပျံသန်းနိုင်ခြင်းနှင့် စီးပွားရေးအရ ဆက်သွယ်ဆောင်ရွက်မှုများရှိခြင်းက ယဉ်ကျေးမှုခရီးသွားလုပ်ငန်းအတွက် နောက်ထပ်ထိုးဖောက်ဝင်ရောက်နိုင်မည့် ဈေးကွက်အဖြစ် စွဲဆောင်မှုဖြစ်စေသည်။ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားဧည့်သည်များအား သဘာဝအခြေခံခရီးသွားခြင်း၊ အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းများအတွက်လည်း အားထားနိုင်သည်။ ဈေးကွက်မြှင့်တင်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ အရည်အသွေးပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးခြင်း၊ ဘာသာစကားအတားအဆီးများကို လျှော့ချခြင်းနှင့် နိုင်ငံ၏ သီးခြားမဟာဗျူဟာကို စတင်ဆောင်ရွက်ခြင်းများဖြင့် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ခရီးသွားအစီအစဉ်မျိုးစုံ ဆောင်ရွက်ခြင်းများကို လွယ်ကူစေနိုင်မည်ဖြစ်သည်။

## ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ဂျာမဏီနိုင်ငံ

အနောက်ဥရောပမှ လာရောက်သည့် ခရီးသွားအများစုသည် ဤနိုင်ငံများမှဖြစ်ပြီး အခြေခံအားဖြင့် ယဉ်ကျေးမှုခရီးသွားခြင်းနှင့် သဘာဝအခြေခံခရီးသွားခြင်းများတွင် ပါဝင်ကြသည်။ ပြင်သစ်နိုင်ငံသည် လေကြောင်းမှ နိုင်ငံတကာခရီးသွားများလာရောက်မှု၏ ၅.၁ %၊ ဗြိတိန်နိုင်ငံက ၄.၁ % နှင့် ဂျာမဏီနိုင်ငံက ၃.၉ % ရှိသည်။ ၎င်းနိုင်ငံများသည် မြန်မာနိုင်ငံက နယ်စပ်ဝင်ပေါက်များအား ဖွင့်လှစ်ပေးပြီးနောက် လာရောက်ရန် စိတ်ဝင်စားလာကြခြင်းနှင့် ၎င်းတို့၏ ဝယ်ယူနိုင်စွမ်းအားမြင့်မားခြင်းများက ဆက်လက်၍ ဈေးကွက်ထိုးဖောက်ရန် နေရာတစ်ခုဖြစ်စေသည်။ ထို့အပြင် ဤနိုင်ငံများမှ ခရီးသွားများသည် အတွေ့အကြုံအသစ်များအပေါ်တွင် စိတ်ဝင်စားကြသည်။ ခရီးသွားထုတ်ကုန်မျိုးစုံဆောင်ရွက်ခြင်းနှင့်အတူ ပြင်သစ်နိုင်ငံက သဘာဝပတ်ဝန်းကျင်နှင့် စွန့်စားခရီးသွားခြင်းများအတွက် အလားအလာရှိသော နိုင်ငံဖြစ်ပြီး ဗြိတိန်နှင့်ဂျာမဏီနိုင်ငံများက သဘာဝပတ်ဝန်းကျင်၊ စွန့်စားလိုမှုနှင့် အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းများအတွက် ဆောင်ရွက်နိုင်သော နိုင်ငံများဖြစ်ကြသည်။ စီးပွားရေးအခွင့်အလမ်းများလုပ်ဆောင်ရန် ပေါ်ပေါက်လာနေသည့် မြန်မာနိုင်ငံသည် ဗြိတိန်နှင့် ဂျာမဏီနိုင်ငံတို့အား MICE ခရီးသွားခြင်းကိုလည်း ဆောင်ရွက်ပေးနိုင်သည်။ ဤဈေးကွက်ထိုးဖောက်ခြင်းနှင့် ခရီးသွားထုတ်ကုန်မျိုးစုံကို ဆောင်ရွက်နိုင်ရန်အတွက် ဈေးကွက်တိုးတက်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို တိုးမြှင့်ခြင်း၊ ထုတ်ကုန်အသစ်အများ ပေးနိုင်ရန်ဆောင်ရွက်ခြင်းနှင့် ခရီးသွားအစီအစဉ်အသစ်များ စတင်ဆောင်ရွက်ပေးခြင်းများ လိုအပ်မည်ဖြစ်သည်။

## စင်္ကာပူနိုင်ငံ

စင်္ကာပူနိုင်ငံမှ ခရီးသွားများလာရောက်မှုသည် နိုင်ငံတကာမှ ခရီးသွားများလာရောက်မှု၏ ၄.၄ % ရှိသည်။ စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုရှိခြင်းနှင့် လေယာဉ်ခရီးစဉ် တိုက်ရိုက်ပျံသန်းနိုင်ခြင်းကြောင့် လက်ရှိ MICE ခရီးသွားဈေးကွက် တစ်ခုဖြစ်သည်။ သို့သော်လည်း ယဉ်ကျေးမှု၊ သဘာဝအခြေခံခရီးသွားခြင်းနှင့် အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းများကိုလည်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းရှိသည်။ MICE ဈေးကွက်နှင့် ခရီးသွားလုပ်ငန်းမျိုးစုံ ထပ်မံထိုးဖောက်ဆောင်ရွက်နိုင်ရန် ဈေးကွက်တိုးတက်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်စေခြင်း၊ ထုတ်ကုန်အသစ်အများ ပေးနိုင်ရန်ဆောင်ရွက်ခြင်းနှင့် ခရီးသွားအစီအစဉ်အသစ်များ စတင်ဆောင်ရွက်ပေးခြင်းများမှတဆင့် ရရှိနိုင်မည်ဖြစ်သည်။

### တရုတ်(တိုင်ပေ)

ထိုင်ဝမ်ခရီးသွားများသည် နိုင်ငံတကာမှ ခရီးသည်များရောက်ရှိမှု၏ ၃.၇ % ရှိပြီး MICE နှင့် VFR ခရီးသွားခြင်းများတွင် အများဆုံးပါဝင်ခြင်းက မြန်မာနိုင်ငံအတွင်း စီးပွားရေးဆက်သွယ်ဆောင်ရွက်နေခြင်းများကို လွယ်ကူစေမည်ဖြစ်သည်။ ထိုင်ဝမ်ခရီးသွားများက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို သိရှိမှုနည်းသော်လည်း မြန်မာနိုင်ငံအား စိတ်ဝင်စားမှုရှိသည့်အတွက် လက်ရှိတွင် ယဉ်ကျေးမှုခရီးသွားခြင်းကို လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်လာနေခြင်းက ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းအသစ်များမှတဆင့် MICE ခရီးသွားခြင်းကို ဆောင်ရွက်ပေးနိုင်ကြောင်း သက်သေပြလျက်ရှိသည်။ အဆိုပါ တိုးတက်မှုများသည် ဈေးကွက်တိုးတက်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဘာသာစကား အတားအဆီးများကို လျှော့ချခြင်းနှင့် နိုင်ငံနှင့် သီးသန့်ဘာသာစကား ထုတ်ကုန်များဆောင်ရွက်ပေးနိုင်မှုအပေါ်တွင် မူတည်မည်ဖြစ်သည်။

### အိန္ဒိယနိုင်ငံ

အလားတူပင် အိန္ဒိယနိုင်ငံမှ လာရောက်သည့် ခရီးသွား ၂.၈ % သည် MICE နှင့် VFR ခရီးသွားလုပ်ငန်းတွင် ပါဝင်ကြသည်။ ဤသည်မှာ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုရှိခြင်း၊ လက်ရှိတွင်တိုက်ရိုက်လေယာဉ်ခရီးစဉ်ပြေးဆွဲနေခြင်းနှင့် နယ်စပ်ချင်းထိစပ်လျက်ရှိခြင်းများသာမက နှစ်နိုင်ငံအကြား တူညီမှုများရှိခြင်းကြောင့်ဖြစ်သည်။ ထိုင်ဝမ်နိုင်ငံနှင့်ကဲ့သို့ပင် ယဉ်ကျေးမှုနှင့် MICE ခရီးသွားခြင်းများကို ဆောင်ရွက်ရန် အခွင့်အလမ်းများရှိနေသည်။ ဤဈေးကွက်ကို အမိကထားဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ ထုတ်ကုန်အသစ်များ ဆောင်ရွက်ပေးခြင်းနှင့် ခရီးသွားအစီအစဉ်များ စတင်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

### ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ

ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံများသည် လေကြောင်းဖြင့် နိုင်ငံတကာမှ ခရီးသွားများ လာရောက်မှု၏ ၃.၅ % ရှိသည်။ မြန်မာနိုင်ငံက နယ်စပ် ဝင်ပေါက်များအား ဖွင့်လှစ်ပေးပြီးနောက် လာရောက်ရန် စိတ်ဝင်စားမှု မြင့်မားလာကြခြင်းနှင့် ၎င်းတို့၏ ဝယ်ယူနိုင်စွမ်းအားမြင့်မားခြင်းများက ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံများအား ယဉ်ကျေးမှုနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ နောက်ထပ်ထိုးဖောက်လုပ်ဆောင်နိုင်သည့် ဈေးကွက်တစ်ခုဖြစ်စေသည်။ စွန့်စားလိုမှု၊ သဘာဝအခြေခံခရီးသွားခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် MICE ခရီးသွားခြင်းများမှတဆင့် ခရီးသွားထုတ်ကုန်မျိုးစုံကို ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ထင်ရှားစွာတွေ့ရှိရသည်။ ၎င်းတို့ကို ဆောင်ရွက်ရန် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေး တိုးတက်စေခြင်းနှင့် ခရီးသွားထုတ်ကုန်အသစ်များနှင့် ခရီးသွားအစီအစဉ်အသစ်များဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

## ဈေးကွက်အသစ်များ (ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်မျိုးစုံ အပြည့်အဝဆောင်ရွက်ရေး)

အောက်ပါနိုင်ငံများသည် လုံးဝဆက်သွယ်ဆောင်ရွက်မှုမရှိသေးသော (သို့) ခရီးသွားများ လာရောက်ရန်အတွက် လက်ရှိတွင် ကောင်းမွန်စွာ မဆောင်ရွက်နိုင်သေးသော နိုင်ငံများဖြစ်သည်။ ထိုသို့သောနိုင်ငံများသည် ခရီးသွားဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်မှုမှတဆင့် ယဉ်ကျေးမှု၊ သဘာဝနှင့် MICE ခရီးသွားခြင်းကဲ့သို့သော လက်ရှိတွင် အခြားသောဈေးကွက်နိုင်ငံများအား ဆောင်ရွက်ပေးနေသည့် ခရီးသွားထုတ်ကုန်များကိုဆောင်ရွက်ရန် အလားအလာရှိသောနိုင်ငံများဖြစ်သည်။ ထပ်မံ၍လည်း ထုတ်ကုန်မျိုးစုံ အပြည့်အဝဆောင်ရွက်ခြင်းမှတဆင့် ဤနိုင်ငံများတွင် အစပျိုးဆောင်ရွက်နေသည့် ထုတ်ကုန်များကို စတင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများလည်းရှိသည်။ ဤထုတ်ကုန်များတွင် စွန့်စားလိုမှု၊ သဘာဝအခြေခံ ခရီးသွားခြင်း၊ အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းနှင့် အပျော်စီးခရီးသွား သင်္ဘောကြီးများခရီးစဉ်များပါဝင်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းထုတ်ကုန်များအတွက် အနာဂတ် ဝယ်လိုအားရင်းမြစ်အဖြစ် အလားအလာအရှိဆုံးသော ဈေးကွက်များသည် အနည်းဆုံး အောက်တွင်ဖော်ပြထားချက်များမှ အချို့နှင့်ကိုက်ညီသည်-

၁။ မြန်မာနိုင်ငံ၏နယ်စပ်ဝင်ပေါက်များကို ဖွင့်လှစ်ခဲ့ပြီးနောက် လာရောက်ရန်စိတ်ဝင်စားလာခဲ့ခြင်း၊

၂။ အထူးသဖြင့် ထိုနိုင်ငံများမှ လူလတ်တန်းစားများသည် ဝယ်ယူနိုင်စွမ်းအားကောင်းခြင်း၊

၃။ ၎င်းနိုင်ငံများ၏ စီးပွားရေး၊ လူလတ်တန်းစားများနှင့် ဝယ်ယူနိုင်စွမ်းအားများ တိုးတက်လာနေခြင်း၊

၄။ ၎င်းနိုင်ငံများသည် အလားတူ ခရီးသွားဒေသများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိခြင်း၊

၅။ ၎င်းနိုင်ငံများသည် မြန်မာနိုင်ငံနှင့် တိုက်ရိုက်လေယာဉ်ခရီးစဉ် ပျံသန်းနိုင်ခြင်း၊

ဤဖော်ပြထားချက်များဖြင့် နိုင်ငံများအား စီစစ်ခြင်းအားဖြင့် လက်ရှိဆောင်ရွက်ပေးနေသည့် ခရီးစဉ်များနှင့် အစပျိုးဆောင်ရွက်မည့် ခရီးစဉ်များကိုပါ အဆိုပါနိုင်ငံတိုင်းတွင် စတင်ဆောင်ရွက်ရန်အတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူများက အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နောက်လာမည့် အခန်းတွင် ဤနိုင်ငံများသည် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်မျိုးစုံ အပြည့်အဝဆောင်ရွက်နိုင်ရန်အတွက် အဓိကစွဲဆောင်မှုဖြစ်စေသည့် အချက်အလက်များကို ဖော်ပြထားပြီး တစ်ချိန်တည်းမှာပင် ဤအခွင့်အလမ်းများကို အသုံးချနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လိုအပ်သောအဆင့်များကိုလည်း ဖော်ပြထားသည်။

## ရုရှားပြည်ထောင်စု

ရုရှားနိုင်ငံမှ ခရီးသွားများသည် လက်ရှိတွင် နိုင်ငံတကာမှ ခရီးသွားများ လေကြောင်းမှလာရောက်မှု၏ ၀.၆ % ရှိသည်။ ၎င်း၏ ဝယ်ယူနိုင်စွမ်းအား၊ ဈေးကွက်အဖြစ် ကြီးထွားလာမှုနှင့် ထိုင်းနိုင်ငံကဲ့သို့သော ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိခြင်းများက လက်ရှိ ယဉ်ကျေးမှုနှင့် သဘာဝခရီးသွားခြင်းလုပ်ငန်းများအပြင် MICE ခရီးသွားခြင်း၊ စွန့်စားလိုမှုနှင့် သဘာဝအခြေခံ ခရီးသွားခြင်းကဲ့သို့သော ခရီးသွားလုပ်ငန်းအသစ်များအတွက် ဈေးကွက်အသစ်တစ်ခု ဖြစ်လာစေသည်။ ဤဈေးကွက်သို့ဝင်ရောက်ရန် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးတိုးတက်စေခြင်း၊ ဘာသာစကားအတားအဆီးများကို လျှော့ချခြင်းနှင့် ခရီးသွားထုတ်ကုန်အသစ်များနှင့် ခရီးသွားအစီအစဉ်အသစ်များ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

## ဟောင်ကောင်(တရုတ်)

ဟောင်ကောင် (တရုတ်) မှ ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်မှုသည် ၀.၈% ရှိသည်။ ဟောင်ကောင်သည် ဈေးကွက်တစ်ခုအဖြစ် တိုက်ရိုက်လေယာဉ်ခရီးစဉ်ပျံသန်းနိုင်ခြင်းနှင့် ဝယ်ယူနိုင်စွမ်းမြင့်မားမှုကြောင့် အကျိုးအမြတ်ရရှိနိုင်သည်။ ထို့အတွက်ကြောင့် ဟောင်ကောင်သည် MICE ခရီးသွားခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝခရီးသွားခြင်းလုပ်ငန်းများနှင့် အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်း ဆောင်ရွက်ရန် ကောင်းမွန်သောနေရာတစ်ခုဖြစ်သည်။ ဤဈေးကွက်သို့ ထုတ်ကုန်မျိုးစုံ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ ဘာသာစကားအတားအဆီးများကို လျှော့ချခြင်းနှင့် ဘာသာစကားနှင့် နိုင်ငံသီးသန့် ထုတ်ကုန်အသစ်ဆောင်ရွက်ပေးခြင်းနှင့် ခရီးသွားအစီအစဉ်အသစ်များ စတင်ဆောင်ရွက်ခြင်းများကို လုပ်ဆောင်သင့်သည်။

## အနောက်နှင့်အရှေ့ဥရောပ

နောက်ဆုံးအနေဖြင့် လတ်တလောတွင် မြန်မာ့ခရီးသွား လုပ်ငန်းကဏ္ဍက ထင်ရှားသော အနောက်နှင့် အရှေ့ဥရောပနိုင်ငံအတော်များများနှင့် ဆက်သွယ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အဆိုပါနိုင်ငံများတွင် စပိန် (ခရီးသွားများ လာရောက်မှု၏ ၁.၁%) ၊ အီတလီ (၁.၈%) ၊ ဆွစ်ဇလန်(၁.၄%) ၊ ဩစတြေးလျ (၀.၆%) ၊ နယ်သာလန် (x) ၊ ဘယ်လ်ဂျီယန် ၀.၈%) ၊ ပိုလန် (x) ၊ ရိုမေးနီးယား (x) နှင့် ဟန်ဂေရီ(x) နိုင်ငံတို့ပါဝင်သည်။ ၎င်းနိုင်ငံများသည် လက်ရှိ ယဉ်ကျေးမှုနှင့် သဘာဝခရီးသွားခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ဈေးကွက်နိုင်ငံများဖြစ်ပြီး အလားတူ သဘာဝအခြေခံ ခရီးသွားခြင်း၊ စွန့်စားသွားလာခြင်း၊ အပျော်စီးခရီးသွား သင်္ဘောကြီးများခရီးစဉ်များကဲ့သို့သော ခရီးသွားလုပ်ငန်းထုတ်ကုန် အသစ်များကို စိတ်ဝင်စားမည့် နိုင်ငံများဖြစ်သည်။ ဤနိုင်ငံများသည် ဈေးကွက်နိုင်ငံများအဖြစ် ဝယ်ယူနိုင်စွမ်းအားမြင့်မားပြီး မြန်မာနိုင်ငံသည် ၎င်း၏နယ်စပ်ဒေသများကို ဖွင့်ပေးခဲ့ပြီးနောက် ထိုနိုင်ငံများသည် လာရောက်ရန် စိတ်ဝင်စားမှုမြင့်တက်လာခဲ့သည်။ ထိုနိုင်ငံများနှင့် အောင်မြင်စွာ ထိတွေ့ဆောင်ရွက်နိုင်ရန် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ တိုးမြှင့်ရန်၊ ခရီးသွားလုပ်ငန်းကဏ္ဍ၏ အရည်အသွေးကို တိုးတက်စေရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းမျိုးစုံကို ရရှိစေရန် လိုအပ်မည်ဖြစ်သည်။

## တန်ဖိုးကွင်းဆက် ဖွံ့စည်းဆောင်ရွက်ပုံ တိုးတက်ပြောင်းလဲလာမှု

**ပုံစံ (၈)- ခရီးသွားလုပ်ငန်းကဏ္ဍတန်ဖိုးကွင်းဆက်တွင် ဖွံ့စည်းမှုဆိုင်ရာ တိုးတက်မှုများကို ရှုမြင်သုံးသပ်ခြင်း**

- E-visa စနစ်ကို အကောင်အထည်ဖော်ခြင်း၊
- E-commerce စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊
- အီလက်ထရောနစ်ငွေပေးချေခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုစနစ်များကို လွယ်ကူစေခြင်း၊
- ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များကို မိတ်ဆက်ခြင်း၊
- အခြားသော ကဏ္ဍများ၊ ကဏ္ဍခွဲငယ်များနှင့် တိုးတက်ပူးပေါင်းဆောင်ရွက်ခြင်း၊
- ခရီးသွားလုပ်ငန်းသတင်းအချက်အလက်များကို ပြည်တွင်းရော ပြည်ပတွင်ပါတိုးမြှင့်ဖြန့်ဖြူးခြင်း၊
- ပြည့်စုံသော ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများကို စတင်လုပ်ဆောင်ခြင်း၊
- ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး မူဘောင်စီမံချက် (World Heritage Framework Project) အတွင်း UNESCO ၏ မြန်မာနိုင်ငံရှိ သဘာဝရှေးဟောင်းအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ဆောင်ရွက်နေခြင်းကို အဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊

### E-visa စနစ်ကို အကောင်အထည်ဖော်ခြင်း

လာရောက်သည့် ခရီးသွားများအပေါ်တွင် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများ ကျရောက်ခြင်းမရှိဘဲ ဆိုက်ရောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲများကို လျှော့ချခြင်းနှင့် ထိရောက်လုံခြုံသော ဗီဇာစနစ်တစ်ရပ် ဆောင်ရွက်ပေးရန် လိုအပ်သည်။ အစိုးရက အလားအလာရှိသော ခရီးသွားများ ဗီဇာလျှောက်ထားသည့်အခါ အခက်အခဲနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးသင့်သည်။ E-visa စနစ်ကို အကောင်အထည်ဖော်သည့်အခါ ICT စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်အပြင် နိုင်ငံတကာတွင် အသုံးပြုနိုင်သည့် Credit Card ဖြင့် ငွေပေးချေမှုကို ခွင့်ပြုပေးရန်လိုအပ်မည်ဖြစ်သည်။ အဆိုပါစနစ်များကို ပြည့်စုံအောင် ဆောင်ရွက်ပြီးပါက ဗီဇာလုပ်ထုံးလုပ်နည်းများကို ထိရောက်အောင် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လောလောဆယ်တွင် သံရုံးများ၌ လူကိုယ်တိုင် သွားရောက်၍ ဗီဇာလျှောက်ထားနိုင်သည်။ စာရွက်စာတမ်းများနှင့် ဝန်ထမ်းအင်အားနည်းသည့် သံရုံးများအပေါ် အားထားနေရခြင်းကို လျှော့ချနိုင်ပါက ဖြစ်ပေါ်လာနိုင်သည့် အမှားများကို လျှော့ချနိုင်မည်ဖြစ်ပြီး လုံခြုံမှုကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

### E-commerce စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း

Credit Card ဖြင့် ငွေပေးချေနိုင်သည့် စနစ်မရှိသည့်အပြင် ICT စွမ်းဆောင်ရည်ရည်သည်လည်း ဖွံ့ဖြိုးမှုမရှိသေးသည့်အတွက် မြန်မာနိုင်ငံသည် E-commerce စနစ်ကို အဆင်ပြေအောင် အသုံးပြုနိုင်ခြင်းမရှိသေးသည်ကိုတွေ့ရသည်။ ထို့အတွက်ကြောင့် အမျိုးသားအဆင့် ကြိုတင်စာရင်းပေးသွင်းနိုင်သည့် စကြ်န်များမရှိသေးပါ။ ထို့ကြောင့် ခရီးသွားလုပ်ငန်းရှိ ကဏ္ဍများသည် ခရီးသွားဧည့်သည်များက ကြိုတင်စာရင်းသွင်းသည့်အခါ နိုင်ငံခြားမှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ခေတ်နောက်ကျနေသော နည်းစနစ်များအပေါ်တွင်သာ အားထားနေရသည်။ အမျိုးသားအဆင့် ကြိုတင်စာရင်းပေးသွင်းနိုင်သည့် စကြ်န်တစ်ခုတည်ထောင်နိုင်ပါက ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံခြားမှ ကြားခံလူများကို ဖယ်ရှားနိုင်ခြင်းအားဖြင့် ကဏ္ဍအနေဖြင့် စရိတ်များလျှော့ချခြင်းနှင့် ပြုပြင်ပြောင်းလဲမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းများမှ အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါ E-commerce စွမ်းဆောင်ရည်သည် ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်ချက်များကို တိုးမြှင့်လုပ်ဆောင်ရာတွင် လွယ်ကူစေနိုင်မည်ဖြစ်သည်။

### အီလက်ထရောနစ်ငွေပေးချေခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုစနစ်များကို လွယ်ကူစေခြင်း

ခရီးသွားများအား ကျေနပ်မှုရှိစေရန်နှင့် ကဏ္ဍ၏ ဝင်ငွေတိုးတက်လာစေရန် ငွေပေးချေမှုနည်းလမ်းများကို ရွေးချယ်ဆောင်ရွက်နိုင်ခြင်းဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ATM စက်သုံးစွဲမှု အနည်းငယ်ပျံ့နှံ့လာသော်လည်း Credit Card ဖြင့် ငွေပေးချေနိုင်မှုမရှိခြင်းသည် ခရီးသွားများ၏ ငွေသုံးစွဲမှုကို ဆိုးရွားသောကန့်သတ်မှုဖြစ်စေသည်။ ခရီးသွားများအနေဖြင့်

၎င်းတို့အကျွမ်းဝင်ပြီးဖြစ်သည့် Credit Card ဖြင့် ငွေပေးချေနှင့် ငွေထုတ်ခြင်းများကို ဆောင်ရွက်နိုင်ခြင်းဖြင့် ငွေသုံးစွဲမှုကို လွယ်ကူစေပြီး ၎င်းတို့၏ စိတ်ကျေနပ်မှုကို တိုးတက်ရရှိစေမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားများအနေဖြင့် ဝယ်ယူရန် စဉ်းစားထားခြင်းမရှိသည့် ပစ္စည်းများကို ဝယ်ယူရန်အတွက်ပါ ငွေသုံးစွဲလာမည်ဖြစ်ပြီး ကဏ္ဍ၏ဝင်ငွေကို တိုးတက်ရရှိစေမည်ဖြစ်သည်။

ဤပြောင်းလဲမှုများက ဒုတိယအဆင့်အနေဖြင့် ခရီးသည်များ၏ လုံခြုံမှုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်မည်ဖြစ်သည်။ ခရီးသွားများသည် ငွေသားယူဆောင်မှုနည်းပါက ရာဇဝတ်မှုများ၏ ပစ်မှတ်ဖြစ်နိုင်ချေ နည်းသွားမည်ဖြစ်သည်။ ငွေကြေးများများ သုံးစွဲနိုင်ခြင်းအားဖြင့် မည်သည့် ကြိုတင်တွက်ဆနိုင်ခြင်းမရှိသော ဆုံးရှုံးမှုများကိုမဆို ရင်ဆိုင်ရန်နှင့် မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စများကို ဖြေရှင်းရန်အတွက် ခရီးသွားများ၏ စွမ်းဆောင်နိုင်မှုကို အလားတူ တိုးတက်စေမည်ဖြစ်သည်။

## ခရီးသွားလုပ်ငန်းထုတ်ကုန်အသစ်များကို မိတ်ဆက်ခြင်း

သဘာဝခရီးသွားခြင်း၊ ယဉ်ကျေးမှုနှင့် MICE ခရီးသွားခြင်းလုပ်ငန်းများ အောင်မြင်မှုအပေါ်အခြေခံ၍ မြန်မာနိုင်ငံသည် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် ခရီးသွားအုပ်စုအမျိုးမျိုးကို ဆောင်ရွက်ပေးမည့် ထုတ်ကုန်အသစ်များကို စတင်ဆောင်ရွက်ရန် အခွင့်အလမ်းများ ရှိလာမည်ဖြစ်သည်။ ဤထုတ်ကုန်များတွင် စွန့်စားသွားလာခြင်း၊ အတွေ့အကြုံရှာဖွေခြင်း၊ အပျော်စီးခရီးသွား သင်္ဘောကြီးများခရီးစဉ်၊ ရွက်လှေခရီးစဉ်၊ သဘာဝပတ်ဝန်းကျင်ခရီးသွားခြင်းနှင့် အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းများ ပါဝင်သည်။ ဤထုတ်ကုန်များကို မြန်မာနိုင်ငံတွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေဆဲဖြစ်သော်လည်း အစောပိုင်းဆောင်ရွက်မှုများသည် ခရီးသွားများ၏ လက်ခံမှုကို ရရှိခဲ့သည်။

ဤထုတ်ကုန်အသစ်များ ဆောင်ရွက်ပေးခြင်းမှ မြန်မာနိုင်ငံသည် နည်းလမ်းအမျိုးမျိုးဖြင့် အကျိုးအမြတ်များရရှိမည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် အတွေ့အကြုံမျိုးစုံကို စိတ်ဝင်စားသည့် ခရီးသွားအသစ်များကို စွဲဆောင်ခြင်းဖြင့် ကဏ္ဍ၏တိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ထုတ်ကုန်နှင့် အဓိကဈေးကွက်များအတွက် ကဏ္ဍကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်းသည် တည်ငြိမ်မှုကို တိုးမြှင့်နိုင်ပြီး ယဉ်ကျေးမှုခရီးသွားလုပ်ငန်းအပေါ်တွင် အများဆုံးအားထားနေရခြင်းနှင့် ဆက်စပ်နေသည့် ပြဿနာများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ထုတ်ကုန်အသစ်များက ကဏ္ဍ၏ အကျိုးအမြတ်များကို ကွဲပြားသော ဒေသများနှင့် ကဏ္ဍများရှိ ဈေးကွက်အသစ်များသို့ တိုးချဲ့ပေးသွားမည်ဖြစ်သည်။ ဤသို့ ထုတ်ကုန်မျိုးစုံဆောင်ရွက်ခြင်းသည် ကဏ္ဍ၏ဖွံ့ဖြိုးတက်မှုမှ လူဦးရေ အတော်များများကို အကျိုးအမြတ်ရရှိရန် ခွင့်ပြုပေးမည်ဖြစ်သည

## အခြားသော ကဏ္ဍများ၊ ကဏ္ဍခွဲငယ်များနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်း

ခရီးသွားလုပ်ငန်းကဏ္ဍတွင် ခရီးသွားဧည့်သည်များအား ကုန်ပစ္စည်းမျိုးစုံနှင့် အတွေ့အကြုံမျိုးစုံပေးနေသည့် များစွာသော ဝန်ဆောင်မှုလုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများ ပါဝင်ဖွဲ့စည်းထားသည်။ ကဏ္ဍမျိုးစုံပါဝင်သော ကဏ္ဍတစ်ရပ်ဖြစ်သည်နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုအဆင့်များကို မြှင့်တင်နိုင်ရန် ဝန်ဆောင်မှုများအား ကဏ္ဍတစ်ရပ်နှင့်တစ်ရပ် ချိတ်ဆက်ဆောင်ရွက်ပေးရာတွင် ထောင့်စုံအောင်ဆောင်ရွက်ပေးရန် အရေးကြီးသည်။ ဤနည်းအားဖြင့် ကဏ္ဍခွဲငယ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းမှ ဝန်ဆောင်မှုများပေးသည့် အတွေ့အကြုံများနှင့် ခရီးသွားများအား ပိုမိုခိုင်မာစွာ ပံ့ပိုးပေးလာနိုင်မည်ဖြစ်သည်။

ဒေသတွင်းရှိ လက်မှုပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုနည်းနေသေးခြင်းကို အားပေးမြှင့်တင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍက လက်မှုပစ္စည်းများ၊ အမှတ်တရပစ္စည်းများ၊ ယက္ကန်းထည်များ၊ အနုပညာလက်ရာများအတွက် ဈေးကွက်အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ဝေးလံသော ဒေသမှ ရိုးရာလူမှုအဖွဲ့အစည်းများအတွက် အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်သည်သာမက ၎င်းတို့အား ခရီးသွားလုပ်ငန်းတန်ဖိုးကွင်းဆက်အတွင်းသို့ ဝင်ရောက်၍ ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှ အကျိုးအမြတ်များရရှိစေရန် ကူညီပေးနိုင်မည်ဖြစ်သော်လည်း အဆိုပါ အနုပညာဆိုင်ရာ ဖော်ပြချက်များသည် ခရီးသွားများအား မြန်မာ့သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုကို အနည်းငယ်မျှသာ ဖော်ပြပေးနိုင်မည်ဖြစ်သည်။

ဖျော်ဖြေရေးကဏ္ဍ အားကောင်းစေရေးအတွက်လည်း အလားတူဦးစားပေးဆောင်ရွက်သင့်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် ၎င်း၏ အဓိကသမိုင်းဝင်အမွေအနှစ် နေရာများကိုသာ ခရီးသွားများလာရောက်ရန် ဆွဲဆောင်နိုင်ပြီး အခြားသော အပန်းဖြေနိုင်သည့် နေရာများဆောင်ရွက်ပေးနိုင်ရန် ကြိုးစားနေဆဲဖြစ်သည်။ ဥပမာအားဖြင့် ဧည့်ခံဖျော်ဖြေမှုများနှင့် ညပိုင်းဖျော်ဖြေမှုများမရှိခြင်းက မြန်မာနိုင်ငံအား ခရီးသွားများလာရောက်နိုင်သည့် နေရာတစ်ခုအဖြစ် စွဲဆောင်နိုင်မှုကို လျော့ကျစေသည်။

ငါးနှင့် ပုစွန်မွေးမြူရေးကဏ္ဍလုပ်ငန်းများကို လုပ်ငန်းတန်ဖိုးကွင်းဆက်အတွင်းသို့ ပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ပြည်တွင်းမှ ငါးနှင့် ပုစွန်ထွက်ကုန်များ ခရီးသွားလုပ်ငန်းကဏ္ဍ တန်ဖိုးကွင်းဆက်အတွင်းသို့ ကောင်းစွာဝင်ရောက်လာနိုင်စေရန် ချိတ်ဆက်ဆောင်ရွက်မှုကို ခိုင်မာအောင် ဆောင်ရွက်သင့်သည်။ ထိုကဲ့သို့ပင် စားသောက်ဆိုင်များနှင့် ဟိုတယ်များအားလည်း ၎င်းတို့အတွက် ငါးကို ဖြစ်နိုင်မည့် ပြည်တွင်းလုပ်ငန်းများမှ ရယူရန် တိုက်တွန်းသင့်သည်။ ခရီးသွားများ ငါးမျှားနိုင်ရန်နှင့် လယ်ယာခရီးသွားလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် အခြားသော ချိတ်ဆက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် အမှတ်တံဆိပ်များကို ပေါင်းစည်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်း ရှိသည်။ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးသွားအများစုသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအတွေ့အကြုံများ ရယူရန် စိတ်ဝင်စား၍ လာရောက်ကြခြင်းဖြစ်ရာ ငါးကိုအခြေခံသည့် အစားအသောက်ချက်ပြုတ်ခြင်းသည် ယဉ်ကျေးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ရာ ဤအစားအသောက်နှင့် ပါဝင်သည့် ပစ္စည်းများသည် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းတွင် ကဏ္ဍတစ်ရပ်အဖြစ် မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နောက်ဆုံးတွင် ခရီးသွားလုပ်ငန်းကဏ္ဍက ခရီးသွားများနှင့် ကဏ္ဍ၏ လုပ်ငန်းများအကြား ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းများအပါအဝင် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းအမျိုးအမျိုးကို တောင်းဆိုမှုအားကောင်းလာအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဤလုပ်ငန်းများက ခရီးသွားလုပ်ငန်းကဏ္ဍယှဉ်ပြိုင်မှုကို အားပေးရန်လိုအပ်မည့် အခြေခံအဆောက်အအုံနှင့် ထုတ်ကုန်များ ဖွံ့ဖြိုးလာစေရန်အတွက် ကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

## ခရီးသွားလုပ်ငန်းသတင်းအချက်အလက်များကို ပြည်တွင်းရော ပြည်ပတွင်ပါ တိုးမြှင့်ဖြန့်ဖြူးခြင်း

ကဏ္ဍ၏ တိုးတက်မှုအလားအလာကို ထောက်ပံ့ပေးနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍသည် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းကို အရင်အဦးဆုံးတိုးတက်အောင်ဆောင်ရွက်ရမည်။ ၎င်းတို့အနက် အရေးအကြီးဆုံးမှာ ခရီးသည်၏ ပင်ရင်းနိုင်ငံအတွင်း ခရီးသွားသတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်းဖြစ်သည်။ ရင်းမြစ်ဈေးကွက်များတွင် ခရီးသွားလုပ်ငန်းဆိုင်ရာရုံးများ မရှိခြင်းကြောင့် မြန်မာနိုင်ငံသို့လာရောက်လိုသည့် ခရီးသွားများအတွက် လိုအပ်သော သတင်းအချက်များအားရယူရန် ခက်ခဲကြန့်ကြာမှု ဖြစ်စေသည်။ ထပ်မံ၍လည်း ဈေးကွက်သီးသန့်နှင့် ဘာသာစကားသီးသန့် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှု နည်းပါးခြင်းက လာရောက်သည့် ခရီးသည်များအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုများနှင့် လေ့လာရေးခရီးထွက်ခြင်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိမှုအားနည်းစေသည်။ အိမ်နီးချင်းနိုင်ငံများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ခရီးသွားများအားဆွဲဆောင်ရာတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသို့ ရောက်ရှိသည့်အခါ ရရှိသည့် ခရီးသွားသတင်းအချက်အလက်များသည် ခရီးသွားများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်။ ခရီးသွားများသွားရောက်သည့် နေရာတိုင်းတွင် သတင်းအချက်အလက် ပံ့ပိုးပေးနိုင်သည့် နေရာများမရှိဘဲ ဆောင်ရွက်ပေးနေသည့် နေရာများတွင်လည်း လုံလောက်သော ဝန်ဆောင်မှု ပေးနိုင်ခြင်းမရှိပါ။ ရင်းမြစ်ဈေးကွက်များတွင် သတင်းအချက်အလက် ရရှိနိုင်မှုမရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားနေရာမျိုးစုံသို့ သွားရောက်ရန်အတွက် သတင်းအချက်အလက် လုံလောက်စွာ မသိရှိသော ခရီးသွားများအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများကို ဖြစ်စေနိုင်သည်။ ထို့အတွက်ကြောင့် ကဏ္ဍအတွက် ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများ လွဲချော်စေပြီး ခရီးသွားများဖက်မှလည်း စိတ်ကျေနပ်မှု လျော့နည်းစေနိုင်သည်။

## ပြည့်စုံသော ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများကို စတင်လုပ်ဆောင်ခြင်း

ခရီးသွားလုပ်ငန်းကဏ္ဍ၏ လုပ်ငန်းများသည် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ခြင်းမှ အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်သည်။ အရေးအကြီးဆုံးမှာ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူအားလုံး အသုံးပြုနိုင်သည့် အမျိုးသားအမှတ်တံဆိပ်တစ်ခု တည်ထောင်သွားရန်ဖြစ်သည်။ လူမှုရေးကွန်ရက်များ နှင့် လုပ်ငန်းဆိုင်ရာ ဝက်ဘ်ဆိုဒ်များအပါအဝင် သမရိုးကျနှင့် အီလက်ထရောနစ်စနစ်များကို ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများက အသုံးပြုဆောင်ရွက်သင့်သည်။ ထို့အပြင် ညီလာခံများနှင့် ပြပွဲများကဲ့သို့သော နိုင်ငံတကာပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြင့် နိုင်ငံခြားမီဒီယာများ၏ အကောင်းမြင်မှုကို ရရှိအောင် တိုးတက်ဆောင်ရွက်သင့်သည်။ အမျိုးသားအမှတ်တံဆိပ်အောက်တွင် ဈေးကွက်မြှင့်တင်ရေးမဟာဗျူဟာများ ရေးဆွဲချမှတ်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် သတင်းများတွင် ဖော်ပြနေသည့် အဆိုးမြင်ပုံရိပ်များအား ဖယ်ရှားနိုင်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအား ခရီးသွားများ လာရောက်နိုင်သည့် နေရာတစ်ခုအဖြစ် ဖော်ပြနိုင်မည်ဖြစ်သည်။

**ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး မူဘောင်စီမံချက် (World Heritage Framework Project) အတွင်း UNESCO ၏ မြန်မာနိုင်ငံရှိ သဘာဝရှေးဟောင်းအမွေအနှစ်များ ကာကွယ်စောင့်ရှောက်မှုဆောင်ရွက်နေခြင်းကို အဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်ပေးခြင်း**

UNESCO စီမံကိန်းက မြန်မာနိုင်ငံ၏ ခရီးသွားများအား စွဲဆောင်သည့်နေရာများအပါအဝင် သဘာဝအမွေအနှစ်နေရာများအား ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းကို မြှင့်တင်ပေးရန် ဆောင်ရွက်လျက်ရှိသည်။ ဤနေရာများအား စောင့်ကြည့်ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ဤစီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့ရှေးဟောင်းအမွေအနှစ်နေရာများအား နိုင်ငံတကာမှသိရှိစိတ်ဝင်စားမှု တိုးတက်အောင် ဆောင်ရွက်ခြင်းမှတဆင့် ခရီးသွားလုပ်ငန်း အမှတ်တံဆိပ်ဆိုင်ရာ UNESCO ၏စီမံကိန်းကို ခရီးသွားလုပ်ငန်းကဏ္ဍက အလားတူ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

# ပန်းတိုင်သို့ မည်သို့ရောက်အောင် သွားမည်နည်း

မဟာဗျူဟာမျှော်မှန်းချက် "ချစ်မြတ်နိုးဖွယ် မြန်မာ" သည် ကန့်သတ်ထားမှုများကို ဖြေရှင်းရန်ဖြစ်သော်လည်း ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိပါသည်။ မဟာဗျူဟာ အကောင်အထည်ဖော်မှုကို လမ်းညွှန်ပေးမည့် မူဘောင်တစ်ရပ်ကို အောက်တွင်ဖော်ပြထားသည့် အခန်းကဏ္ဍတွင် ရှင်းလင်းဖော်ပြထားသည်။ အဆိုပါ အခန်းကဏ္ဍ၏အဆုံးတွင် ဖော်ပြထားသည့် အသေးစိတ်လုပ်ငန်းစီမံကိန်းတွင် မည်သည့်လိုအပ်ချက်များကို လုပ်ဆောင်ရန်နှင့် မည်သူက လုပ်ဆောင်ရမည်ဆိုသည်များကို ချမှတ်ဖော်ပြပေးထားသည်။

## မဟာဗျူဟာဆိုင်ရာ ဦးတည်ချက်များ

ကဏ္ဍအတွက် မျှော်မှန်းချက်အားလုံးကို ရရှိနိုင်ရန်အတွက် အောက်ပါမဟာဗျူဟာ ဦးတည်ချက် (၃) ရပ်ကို ချမှတ်ထားသည်။

**ပထမ မဟာဗျူဟာဦးတည်ချက်သည် ခရီးသွားလုပ်ငန်းအတွက် မူလဇစ်မြစ်ဈေးကွက်များကို သိရှိနားလည်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ကဏ္ဍ၏ထွက်ကုန်များ တိုးမြှင့်ရေးဆောင်ရွက်ရန်ရည်ရွယ်သည်။**

၎င်းကိုအောက်ပါနည်းလမ်းများအား အကောင်အထည်ဖော်ခြင်းဖြင့် ရရှိနိုင်မည်-

- ဈေးကွက်လိုအပ်ချက်နှင့် အလားအလာများဆိုင်ရာ စာရင်းဇယားအချက်အလက်များနှင့် သတင်းအချက်အလက်များ ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများ ဆောင်ရွက်နိုင်ရန် ခရီးသွားလုပ်ငန်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊
- ဈေးကွက်များနှင့် ထုတ်ကုန်များ မျိုးစုံဆောင်ရွက်နိုင်ရန် အဓိကဈေးကွက် ဈေးကွက်ရှာဖွေရေးမဟာဗျူဟာများ ဖွံ့ဖြိုးလာစေခြင်း၊
- ဒေသတွင်းအဆင့်တွင် ခရီးသွားထုတ်ကုန်များဆောင်ရွက်ပေးခြင်းကို အမျိုးအစားစုံလင်စေခြင်းနှင့် ခိုင်မာစေခြင်း၊
- ပေါ်ထွန်းစ ခရီးသွားထုတ်ကုန်များအား မြှင့်တင်အားပေးခြင်း၊
- ခရီးသွားလုပ်ငန်းကဏ္ဍ၏ ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်မှုနှင့် အမှတ်တံဆိပ်အား ခိုင်မာစေခြင်း၊
- အခြားသော လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေခြင်းကို အားကောင်းစေခြင်းနှင့်
- ဖျော်ဖြေခြင်းနှင့် ညပိုင်းဖျော်ဖြေမှုများကို အမျိုးအစားစုံလင်အောင် ဆောင်ရွက်ခြင်း၊

**ဒုတိယ မဟာဗျူဟာဦးတည်ချက်သည် ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုအရည်အသွေး အဆင့်အတန်းတိုးမြှင့်ပေးရန် ဖြစ်သည်။**

၎င်းကိုအောက်ပါနည်းလမ်းများအား အကောင်အထည်ဖော်ခြင်းဖြင့် ရရှိနိုင်မည်-

- ဝန်ဆောင်မှုအရည်အသွေးတိုးမြှင့်နိုင်ရန် စွမ်းဆောင်ရည်တည်ဆောက်ပေးရန်အတွက် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးပညာနှင့် သင်တန်းများ ခိုင်မာအားကောင်းလာစေခြင်း၊
- လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးတက်လာစေခြင်း၊
- ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် အဆင့်အတန်း တိုးတက်လာစေခြင်း၊
- ဗီဇာရရှိရေးလွယ်ကူစေရန် ဆောင်ရွက်ပေးခြင်း၊
- ငွေလဲလှယ်မှုလွယ်ကူစေရန်နှင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ် အသုံးပြုမှု တွင်ကျယ်လာစေရန် ဆောင်ရွက်ပေးခြင်း၊
- ခရီးသွားသတင်းအချက်အလက်များ ပံ့ပိုးပေးမှု တိုးတက်လာစေခြင်းနှင့်
- ခရီးသွား လုံခြုံမှု တိုးတက်လာစေခြင်း၊

**တတိယ မဟာဗျူဟာဦးတည်ချက်သည် ခရီးသွားလုပ်ငန်းကဏ္ဍ လုပ်ဆောင်မှုများ ပိုမိုလွယ်ကူချောမွေ့လာစေရေးဆောင်ရွက်ရန် ရည်ရွယ်သည်။**

၎င်းကိုအောက်ပါနည်းလမ်းများအား အကောင် အထည်ဖော်ခြင်းဖြင့် ရရှိနိုင်မည်-

- ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ဥပဒေနှင့် စည်းမျဉ်းမူဘောင်များ တိုးတက်လာစေခြင်း၊

- ခရီးသွားလုပ်ငန်း၏ စီးပွားရေးအရ အရေးပါမှုကို အစိုးရ အာဏာပိုင်များ သိရှိနားလည်မှု တိုးမြှင့်စေခြင်း၊
- ခရီးသွားလုပ်ငန်းနေရာများနှင့် ခရီးသွားများ သွားရောက်သည့်နေရာများသို့ သွားရောက်နိုင်မှုကို တိုးတက်စေခြင်းနှင့်
- မြန်မာနိုင်ငံသို့ လေကြောင်းမှ လာရောက်နိုင်မှု တိုးတက်စေခြင်း၊

ဤမဟာဗျူဟာ ရည်မှန်းချက်များသည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြုံတွေ့နေရသည့် ပြဿနာအမျိုးမျိုးကို ဖော်ပြရန် ရည်ရွယ်ထားသည့် အဓိက ဦးစားပေးလုပ်ငန်းစဉ်များအပေါ်တွင် မူတည်ရေးဆွဲထားခြင်းဖြစ်သည်။ လွတ်လပ်ပြီး အပြန်အလှန် ထောက်ပံ့ပေးနိုင်သည့် ဦးစားပေးလုပ်ငန်းစဉ်များက ကဏ္ဍကို အကျိုးသက်ရောက်နိုင်သည့် အားနည်းသည့်နယ်ပယ်များကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အားနည်းချက်များကို ညှိနှိုင်းပူးပေါင်းဖြေရှင်းခြင်းဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် နယ်ပယ်များအကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများကို တိုးမြှင့်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် မဟာဗျူဟာဦးတည်ချက်များနှင့် နောက်ဆုံးတွင် ကဏ္ဍ၏ မျှော်မှန်းချက်ကို သိရှိနားလည် လာနိုင်မည်ဖြစ်သည်။

မဟာဗျူဟာဦးတည်ချက် တစ်ခုချင်းစီသည် လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက်များအပေါ်တွင် တည်မှီသည်။ လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက်များသည် မဟာဗျူဟာဦးတည်ချက်များကို ရရှိစေရန်အတွက် ဆောင်ရွက်ရမည့် ကြားခံအဆင့် ဆောင်ရွက်ချက်များ ဖြစ်သည်။ အခြေခံအကျဆုံးအဆင့်တွင် လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက်များသည် ခိုင်မာတိကျသော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတဆင့် ရရှိနိုင်ပြီး ၎င်းတစ်ခုချင်းစီက ဆီလျော်သော လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက်များအကြား သီးခြားဦးစားပေးနယ်ပယ်တစ်ခုစီကို ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။ အကောင်းဆုံးအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုချင်းစီက စီမံကိန်းတစ်ခုချင်းစီအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။ အဆုံးတွင် လက်ရှိ အစီအစဉ်များနှင့် ရရှိလာနိုင်ချေရှိသည့် အထောက်အပံ့များစာတိုင်ကို PoA တွင် ဖော်ပြထားသည့်အတွက် အလှူရှင်များသည် ၎င်းတို့၏ ဆောင်ရွက်ပေးနိုင်မှုများနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးပြီး ကိုက်ညီသည့် လုပ်ငန်းစဉ်များကို အမှန်တကယ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

## အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှု၏ အရေးပါပုံ

များပြားသည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းနှင့်အတူ အသေးစားအဆင့်နှင့် အကြီးစားအဆင့်နှစ်ရပ်လုံးတွင် ရင်းမြစ်များကို ထိရောက်စွာညွှန်ကြားပြီး ရလဒ်များကို စောင့်ကြည့်နိုင်ရန်အတွက် စနစ်တကျ အကောင် အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည်။ သို့ဖြစ်ရာ NES ကို အကဲဖြတ်ခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Myanmar Trade Development Committee-MTDC) ကို ဖွဲ့စည်းခဲ့သည်။ အထူးသဖြင့် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပါဝင်ပတ်သက်လုပ်ကိုင်နေသူများမှတဆင့် ကြိုးပမ်းအားထုတ်မှုနှင့် ရင်းမြစ်များကို အကောင်းဆုံးခွဲဝေ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဤမူဘောင်အတွင်း ခရီးသွားလုပ်ငန်း မဟာဗျူဟာကို ကဏ္ဍရှိ အဖွဲ့အစည်းများနှင့် အနီးကပ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်လည်း MTDC ၏ လုပ်ပိုင်ခွင့်နယ်ပယ် အတွင်း ရှိနေမည်ဖြစ်သည်။

အဆိုပါ ဆောင်ရွက်မှုများတွင် လုပ်ဆောင်မှု ပုံတူထပ်နေခြင်းများရှောင်ကြဉ်ရန်နှင့် အမြင့်ဆုံး အကျိုးသက်ရောက်မှုကို ရရှိနိုင်ရန် အလှူရှင်များ၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍ အဖွဲ့အစည်းများအား NES ၏ ဦးစားပေးအစီအစဉ်များကို ညွှန်ကြားပြသပေးခြင်းများလည်း ပါဝင်မည်ဖြစ်သည်။ တာဝန်ဝတ္တရားများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် ရလဒ်များကို စောင့်ကြည့်အကဲဖြတ်ခြင်းများလည်း ပါဝင်မည်ဖြစ်ပြီး တချိန်တည်းတွင် မဟာဗျူဟာရည်မှန်းချက်များကို သိရှိနားလည်မှု တိုးတက်လာစေရန် ဆောင်ရွက်ပေးနိုင်မည့် မူဝါဒများကိုလည်း ချမှတ်သွားရန်ဖြစ်သည်။ တိုးတက်မှုများကို ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ချက်အရ ကော်မတီသည် ရန်ပုံငွေများကို စီမံခန့်ခွဲခြင်းနှင့် အလှူရှင်များနှင့် ပါဝင်ပတ်သက်လုပ်ကိုင်သူများသို့ ပုံမှန်အစီရင်ခံစာများ ပေးပို့ရန် အသင့်တော်ဆုံးသော အဖွဲ့အစည်းဖြစ်သည်။ ထို့အပြင် MTDC သည် မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့်ကိုက်ညီစေရန် မဟာဗျူဟာများကို ဆက်လက်၍ ပြန်လည်ပြင်ဆင်ခြင်းနှင့် ခေတ်နှင့် လျော်ညီအောင် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်ရေး မိတ်ဖက်များ - ဦးဆောင်နှင့် အထောက်အကူပြု အဖွဲ့အစည်းများ**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ကဏ္ဍ၏ မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။ အစိုးရမှ တာဝန်ပေးထားသည့် လုပ်ငန်းဌာနသည် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားသောဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်း၏ လုပ်ပိုင်ခွင့်အရ ဝန်ကြီးဌာနသည် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အားပေးမြှင့်တင်ခြင်း၊ လုပ်ငန်းရှင်များ ပါဝင်လာစေရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မြန်မာနိုင်ငံအား ခရီးသွားဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားဇုန်များ တည်ထောင်ခြင်း၊ အခြားသော အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေး၊ အဆင့်အတန်းနှင့် နည်းပညာ ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်ပေးခြင်း၊ အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုး တက်ရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းများကို ပြုလုပ်ခြင်းဖြင့် ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများတွင် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲခြင်း၊ စီမံကိန်းများအား စီမံခန့်ခွဲခြင်းနှင့် ဥပဒေစည်းမျဉ်းများချမှတ်ခြင်းများ ပါဝင်သော်လည်း ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း၊ နေရာထိုင်ခင်းဝန်ဆောင်မှုလုပ်ငန်းနှင့် အဖျော်ယမကာထုတ်လုပ်ခြင်း ကဲ့သို့သော စီးပွားရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်းများလည်း လုပ်ဆောင်သည်။ ဟိုတယ်/ခရီးဝန်ကြီးဌာန၏ ကဏ္ဍတစ်လျှောက် နက်ရှိုင်းစွာပါဝင်မှုက ဤကဏ္ဍ၏ မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရာတွင် ညွှန်ကြားပြသရန်နှင့် စောင့်ကြည့်ရန်အတွက် အရည်အသွေးပြည့်ဝမှုကို ဖော်ပြသည်။

ထို့အပြင် ဟိုတယ်/ခရီးဝန်ကြီးဌာနအပြင် ဝန်ကြီးဌာန (၂၅) ခုကျော်နှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းအများအပြားက ကဏ္ဍ၏ လုပ်ငန်းဆောင်ရွက်မှုများကို အဆင်ပြေစေရန်နှင့် လွယ်ကူစေရန် အနည်းဆုံး အခန်းကဏ္ဍအချို့တွင် ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ PoA နှင့် TSI အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဤအထောက်အကူပြုအဖွဲ့အစည်းများသည် အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး အချို့က ၎င်းတို့၏ ကျွမ်းကျင်မှုနယ်ပယ်အလိုက် မဟာဗျူဟာ၏ အစိတ်အပိုင်းအချို့ကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဖွဲ့အစည်းတစ်ခုချင်းစီအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို မဟာဗျူဟာရှိ PoA တွင် ရှင်းလင်းစွာဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားပို့ကုန်မဟာဗျူဟာ

ခရီးသွားလုပ်ငန်းကဏ္ဍ

ပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၁၉)

## အသေးစိတ်လုပ်ငန်းစီမံချက်

အောက်ပါလုပ်ငန်းစီမံချက်သည် မဟာဗျူဟာမျှော်မှန်းချက်ကို ရရှိအောင်မြင်ရန် နောင် ၅ နှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလုံးကို အသေးစိတ်ဖော်ပြထားပါသည်။ လုပ်ငန်းစီမံချက်ကို စာတမ်းတွင်ဖော်ပြထားသည့် အခက်အခဲများနှင့် အခွင့်အလမ်းများကို ဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက်ပြီး လက်တွေ့ကျသော ဦးတည်ချက်များဖြင့် ရေးဆွဲချမှတ်ထားပါသည်။ လုပ်ငန်းစီမံချက်သည် ခရီးသွားလုပ်ငန်းကဏ္ဍကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရှင်းလင်းတိကျပြီး အသေးစိတ်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ပံ့ပိုးထားသည်။



| မဟာဗျူဟာဦးတည်ချက် (၁) - ခရီးသွားလုပ်ငန်းအတွက် မူလဖစ်မြစ်ဈေးကွက်များကို သိရှိနားလည်ရေးစွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် ကဏ္ဍ၏ထွက်ကုန်များ တိုးမြှင့်ရေးဆောင်ရွက်ရန်၊ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လုပ်ငန်းပိုင်း ဆိုင်ရာဦး တည်ချက် | | ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ဦးစားပေး ၁= မြင့် ၂=လတ် ၃= နိမ့် | အကျိုးခံစားခွင့်ရှိသူ များ | ဦးတည်သော အတိုင်းအတာ | ဦးဆောင် အ ကောင် အထည် ဖော် မည့် ဌာန/ အဖွဲ့အစည်း | အထောက်အ ကူ ပေးမည့် ဌာန/အဖွဲ့ အစည်း | လက်ရှိစီမံကိန်းများနှင့် ရရှိလာနိုင်ချေရှိသည့် အထောက်အပံ့များ | ခန့်မှန်းကုန် ကျစရိတ် (အမေရိကန် ဒေါ်လာ) |
| ၁.၁ ဈေးကွက်လို အပ်ချက်နှင့် ဈေး ကွက် ပြောင်းလဲမှု များ၏ သတင်းအ ချက်အလက်များကို စုဆောင်ခြင်း၊ စိစစ် ခြင်းနှင့်ဖြန့်ဖြူးခြင်း များပြု လုပ်နိုင်ရန် အတွက် ခရီးသွား လုပ်ငန်း၏စွမ်း ဆောင်ရည်ကို မြှင့်တင်ရန် | ၁.၁.၁ | ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများ အသုံးပြုရန်နှင့် ခရီးသွားလုပ်ငန်းတွင် အသုံးပြု ရန် စာရင်းဇယား အချက်အလက်များ ကောက်ယူခြင်း၊ ဈေးကွက် သုတေသနပြုခြင်းနှင့် ခရီးသွားလုပ်ငန်းအား လူ အများသိစေရန် ကြော်ငြာခြင်းများ ပြုလုပ်ရန် အတွက် မြန်မာ့လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းမှ ပြည်ပဆိုက်ရောက် ခရီးသည်များ၏ အချက်အ လက်များကို ကောက်ယူစုဆောင်းမှု စွမ်းရည်ကို တည်ဆောက်ပေးရန်၊ စွမ်းဆောင်ရည်တည်ဆောက် ရာတွင် အောက်ဖော်ပြပါ အစိတ်အပိုင်းများ ပါဝင် မည် ဖြစ်သည်-<br>(၁) ခရီးသွားများကို စနစ်တကျစစ်ဆေးနိုင်ရန် အ တွက်လိုအပ်သောအချက်အလက်များနှင့်အခြေ အနေများကို ကောက်ယူသွားရန်<br>(၂) ကုန်သွယ်မှုပြုရန် ရည်ရွယ်ချက်ဖြင့် အချက် အလက်များကိုစစ်တမ်းကောက်ယူ သိမ်းဆည်း ရန်အတွက် လိုအပ်သော ကွန်ပျူတာစနစ်ကို လုပ်ဆောင်ရန်<br>(၃) ခရီးသွားများရန် ရည်ရွယ်ချက်ဖြင့် ရောက်ရှိ လာသော ခရီးသွားများ၏ အချက်အလက်များ ကို ကောက်ယူနိုင်ရန်အတွက် လူဝင်မှုကြီးကြပ် ရေးရုံးများအား လေ့ကျင့်ပေးသွားရန် | ၁ | လူဝင်မှုကြီးကြပ် ရေး ဝန်ဆောင်မှု များ၊ ခရီးသွားလုပ် ငန်းဆိုင်ရာကျွမ်း ကျင် ပညာရှင်များ | စစ်တမ်းကောက်ယူ ရာတွင် စနစ်တကျ ဖြစ်စေရန် ကွန်ပျူ တာနည်းပညာ လို အပ်ချက်များ၊ ကျေ နပ်ဖွယ်ကောင်းသော လူဝင်မှုကြီးကြပ်ရေး ဝန် ဆောင်မှုသင် တန်းများ | ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာန | လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင် အားဝန်ကြီး ဌာန၊ မြန်မာနိုင်ငံ တော်ဗဟို ဘဏ်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ (ပြည်ထဲရေး ဝန်ကြီးဌာန) | ကုလသမဂ္ဂခရီးသွား လုပ်ငန်းအဖွဲ့အစည်း၊ နိုင်ငံစာရင်းဇယား စီမံကိန်း | ၅၀၀၀၀၀ |
| | ၁.၁.၂ | ခရီးသွားများ၏စိတ်ကျေနပ်မှုကို လုပ်ဆောင်ပေး နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွား သတင်းစုံစမ်း ရန်ကောင်တာ၊ ခရီးသွား ကိုယ်စားလှယ်များ သို့မဟုတ် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ၊ ခရီး သွားများ၏ အချက်အလက်များကို ကောက်ယူ ခြင်း၊ ခရီးအပေါ် ကြိုက်နှစ်သက်မှုများအပေါ်တွင် စနစ်တကျအခြေခံ၍ လုပ်ဆောင်ပေးရမည် ဖြစ် သည်။ မေးခွန်းများကို ဖြန့်ဝေခြင်းနှင့် ပြန်လည် ကောက်ယူခြင်းအပြင် အချက်အလက်များကို | ၂ | ခရီးသွားလုပ်ငန်း ဆိုင်ရာကျွမ်းကျင် ပညာရှင်များ | ခရီးသည်များလာ ရောက်မှုများသည့်နေ ရာများစစ်တမ်း ကောက်ယူရာတွင် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် အနည်းဆုံး၅၀ရာခိုင် နှုန်းပါဝင်ရမည်၊တစ် နှစ်ကြာသည့်အခါအ | ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာန | မြန်မာနိုင်ငံ ခရီးသွားလုပ် ငန်းအဖွဲ့ချုပ်၊ လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင် အားဝန်ကြီး ဌာန၊ | နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန၊ နယ်သာလန်နိုင်ငံ၏ ဒေသဆိုင်ရာနှင့်နိုင်ငံ တော်အဆင့် Trust Fund Phase III စီမံကိန်း | ၃၀၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | စစ်ဆေးပြုစု၍ နိုင်ငံနှင့် ဒေသ(ပြည်နယ်) အဆင့်ရှိ ခရီးသွားကဏ္ဍရှိ အဖွဲ့အစည်းများအား အထောက်အကူပေးသွား ရန်။ | | | ဆိုပါရလာဒ်များကို စာရင်းဇယားနှင့် ဈေးကွက်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုရန်ဖြစ်သည်။ | | | | |
| | ၁.၁.၃ | သီးခြားဖွဲ့စည်းထားသည့် (ခရီးသွားဈေးကွက် ရှာဖွေရေးအဖွဲ့) က ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်လုပ် စီမံခန့်ခွဲသွားရန်နှင့် တစ်ကမ္ဘာလုံးနှင့် ရင်းမြစ်ဈေးကွက်များ၏ ဈေးကွက်လိုအပ်ချက်များနှင့် ပြောင်းလဲမှုများဆိုင်ရာ လက်ရှိ ရှိနေသော သတင်းအချက်အလက်များကို မည်ကဲ့သို့ စိစစ်လေ့လာရန်၊ သတင်းအချက်အလက်အသစ်များ မည်ကဲ့သို့ ဖြစ်ပေါ်လာသည် (ဥပမာ- ကွင်းဆင်းကောက် ယူမှုများမှတဆင့်) နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍရှိ ပါဝင်လုပ်ဆောင်သူများသို့ ရလဒ်များအား မည်ကဲ့သို့ ဖြန့်ဝေရမည်များကို ဝန်ထမ်းများအား လေ့ကျင့်ပေးသွားရန်။ | ၂ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ | သီးခြားရှိနေသောအဖွဲ့အစည်းများအား ဖော်ထုတ်ခြင်း၊ နှစ်နှစ်အတွင်းခရီးသွားလုပ်ငန်း၏စွမ်းဆောင်ရည်များဈေးကွက်ရှာဖွေခြင်းများတွင် အသိဉာဏ်တိုးမြင့်လာစေရန် လက်တွေ့လုပ်ဆောင်ခြင်းနှင့်သင်တန်းပို့ချခြင်းပြုလုပ်ရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မြန်မာနိုင်ငံဈေးကွက်ရှာဖွေရေးကော်မတီ | | ၃၀၀၀၀၀ |
| | ၁.၁.၄ | အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားကဏ္ဍ ဆိုင် ရာကျွမ်းကျင်ပညာရှင်များအတွက် ခရီးသွားများ၏ တောင်းဆိုမှုနှင့် နိုင်ငံတကာနှင့် မူလဈေးကွက် အလားအလာများအပေါ်အခြေခံ၍ သတင်းအချက်အလက် သတင်းလွှာအသစ် ပုံနှိပ်ရန် ကဏ္ဍ၏ အသင်းအဖွဲ့များဖြင့် စတင်လုပ်ဆောင် သွားရန်။ | ၃ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ | အခြေခံအားဖြင့် ပုံမှန်သတင်းလွှာဖြန့်ဝေခြင်း၊ နှစ်နှစ်အတွင်း ခရီးသွားလုပ်ငန်း ဈေးကွက်စွမ်းရည်နှင့် အသိဉာဏ်များ မြင့်မားလာစေရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မြန်မာနိုင်ငံဈေးကွက်ရှာဖွေရေးကော်မတီ | | ၅၀၀၀၀ |
| | ၁.၁.၅ | ကျွမ်းကျင်အတတ်ပညာရှင်များ၊ ဧည့်ကြိုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းတွင် အကျိုးအမြတ်ရရှိစေရန်အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၏ အလားအလာများ၊ ဆက်စပ်နေသော စာရင်းဇယားများအား စိစစ်လေ့လာခြင်းနှင့် ကောက်ယူခြင်းများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ခရီးသွားသတင်းအချက်အလက် | ၃ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ | ခရီးသွားလုပ်ငန်း စကြိုန် တစ်လျှောက် ဆောင်ရွက်ချက်၊ နှစ်နှစ်အတွင်း ခရီးသွား လုပ်ငန်းဈေးကွက် စွမ်းရည်နှင့် အသိဉာဏ်များမြင့် | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ | နိုင်ငံတော်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ | | ၁၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ဖြန့်ဖြူးခြင်းနှင့် ဖလှယ်ခြင်းများကို တစ်နှစ် နှစ်ကြိမ် လုပ်ဆောင်သွားရန်။ | | | မားလာစေရမည်။ | | | |
| ၁.၂ အမျိုးအစားစုံလင်သည့်ထုတ်ကုန်များနှင့် ဈေးကွက်များဆီသို့ အဓိက ဈေးကွက်ရှာဖွေခြင်း မဟာဗျူဟာဖွံ့ဖြိုးမှု | ၁.၂.၁ | လက်ရှိတည်ရှိနေသည့် ဈေးကွက်များ(ထိုင်း၊ ဂျပန်၊ တရုတ်၊ အမေရိကန်၊ ကိုရီးယား၊ စင်္ကာပူ၊ ထိုင်ဝမ်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ အိန္ဒိယ၊ ဩစတေးလျ နှင့် နယူးဇီလန်) အတွက် ဤမဟာဗျူဟာတွင် ဖော်ပြထားသကဲ့သို့ ဖွံ့ဖြိုးဆဲလုပ်ငန်း အစုအဖွဲ့များနှင့် လုပ်ငန်းအရည်အသွေး တိုးမြှင့်ခြင်း၊ မြှင့်တင်ခြင်းများကို တိုးချဲ့လုပ်ဆောင်ခြင်း ကဲ့သို့သော အထူးစေ့စပ်သေချာသော အမြင်များနှင့် **လက်ရှိရရှိပြီးသား ခရီးသွားထုတ်ကုန် ကမ်းလှမ်းချက်များ** အပေါ်အခြေခံ၍ အဓိကဈေးကွက် ရှာဖွေခြင်း မဟာဗျူဟာကို အသေးစိတ်ဒီဇိုင်းရေးဆွဲသွားရန်။ | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခရီးသွား ဧည့်သည်များ | တစ်နှစ်အတွင်း၌ ရှိပြီးသားဈေးကွက် များ ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက် မဟာဗျူဟာရေးဆွဲရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ | နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့များ | | ၂၅၀၀၀၀ |
| | ၁.၂.၂ | လက်ရှိတည်ရှိနေသည့် ဈေးကွက်များ(ထိုင်း၊ ဂျပန်၊ တရုတ်၊ အမေရိကန်၊ ကိုရီးယား၊ စင်္ကာပူ၊ ထိုင်ဝမ်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ အိန္ဒိယ၊ ဩစတေးလျ နှင့် နယူးဇီလန်) အတွက် ဤမဟာဗျူဟာတွင် ဖော်ပြထားသကဲ့သို့ ဖွံ့ဖြိုးဆဲ လုပ်ငန်းအစုအဖွဲ့များနှင့် လုပ်ငန်းအရည်အသွေး တိုးမြှင့်ခြင်း၊ မြှင့်တင်ခြင်းများကို တိုးချဲ့လုပ်ဆောင်ခြင်း ကဲ့သို့သော အထူးစေ့စပ် သေချာသော အမြင်များနှင့် **အသစ်ထွက်ပေါ်လာမည့် ခရီးသွားထုတ်ကုန် ကမ်းလှမ်းချက်** များအပေါ်အခြေခံ၍ အဓိကဈေးကွက်ရှာဖွေခြင်း မဟာဗျူဟာကို အသေးစိတ်ဒီဇိုင်းရေးဆွဲသွားရန်။ | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခရီးသွား ဧည့်သည်များ | တစ်နှစ်အတွင်း၌ ရှိပြီးသားဈေးကွက်များဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက် မဟာဗျူဟာများရေးဆွဲရမည်။ နှစ်နှစ်အတွင်းခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များအနည်းဆုံး ၂၅ % အနေဖြင့်ရေးဆွဲ ထားသော ဈေးကွက်မဟာဗျူဟာများကိုအသုံးချရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေးကော်မတီ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ် | နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၊ နယ်သာလန်နိုင်ငံ၏ Trust Fund Phase III နိုင်ငံတော်အဆင့် စီမံကိန်း(ကယား) | ၂၅၀၀၀၀ |
| | ၁.၂.၃ | အဓိက ပစ်မှတ်ထားသော ဈေးကွက်သစ်များ (ရုရှား၊ ဟောင်ကောင်၊ ပိုလန်၊ ရိုမေးနီးယား၊ ဟန်ဂေရီ၊ စပိန်၊ အီတလီ၊ ဆွစ်ဇာလန်၊ ဩစတီးယားနှင့် နယ်သာလန်) အတွက် ဤမဟာဗျူဟာတွင် ဖော်ပြထားသကဲ့သို့ ဖွံ့ဖြိုးဆဲ လုပ်ငန်းအစုအဖွဲ့များနှင့် လုပ်ငန်းအရည်အသွေး တိုးမြှင့်ခြင်း၊ မြှင့်တင်ခြင်းများကို တိုးချဲ့လုပ်ဆောင်ခြင်း ကဲ့သို့သော အထူးစေ့စပ်သေချာသော အမြင်များနှင့် **လက်ရှိရရှိပြီးသား ခရီးသွားထုတ်ကုန် ကမ်းလှမ်းချက်များ**အပေါ် အခြေခံ၍ အဓိကထားလုပ်ဆောင် | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခရီးသွား ဧည့်သည်များ | တစ်နှစ်အတွင်း၌ ရှိပြီးသားဈေးကွက်များဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက် မ ဟာဗျူဟာများ ရေးဆွဲရမည်။ နှစ်နှစ်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များအနည်းဆုံး ၂၅ရာ ခိုင်နှုန်းက | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေးကော်မတီ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီး သွား လုပ်ငန်းအဖွဲ့ချုပ် | နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၊ နယ်သာလန်နိုင်ငံ၏ Trust Fund Phase III နိုင်ငံတော်အဆင့် စီမံကိန်း(ကယား) | ၂၅၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ရမည့်ဈေးကွက်ရှာဖွေခြင်း မဟာဗျူဟာကို အသေးစိတ်ဒီဇိုင်း ရေးဆွဲသွားရန်။ | | | ရေးဆွဲထားသော ဈေးကွက် မဟာဗျူဟာများကို အသုံးချရမည်။ | | | | |
| | ၁.၂.၄ | အဓိက ပစ်မှတ်ထားသော ဈေးကွက်သစ်များ (ရုရှား၊ ဟောင်ကောင်၊ ပိုလန်၊ ရိုမေးနီးယား၊ ဟန်ဂေရီ၊ စပိန်၊ အီတလီ၊ ဆွစ်ဇာလန်၊ ဩစတြီးယားနှင့် နယ်သာလန်) ဤမဟာဗျူဟာတွင် ဖော်ပြထားသကဲ့သို့ ဖွံ့ဖြိုးဆဲလုပ်ငန်းအစုအဖွဲ့များနှင့် လုပ်ငန်းအရည်အသွေး တိုးမြှင့်ခြင်း၊ မြှင့်တင်ခြင်းများကိုတိုးချဲ့လုပ်ဆောင်ခြင်းကဲ့သို့သောအထူးစေ့စပ်သေချာသော အမြင်များနှင့် **အသစ်ထွက်ပေါ်လာမည့် ခရီးသွားထုတ်ကုန် ကမ်းလှမ်းချက်**များအပေါ် အခြေခံ၍ အဓိကဈေးကွက်ရှာဖွေခြင်း မဟာဗျူဟာကို အသေးစိတ်ဒီဇိုင်းရေးဆွဲသွားရန်။ | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခရီးသွား ဧည့်သည်များ | တစ်နှစ်အတွင်း၌ ရှိပြီးသားဈေးကွက်များဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက် မဟာဗျူဟာများရေးဆွဲရမည်။ နှစ်နှစ်အတွင်းခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များအနည်းဆုံး ၂၅ % အနေဖြင့်ရေးဆွဲ ထားသော ဈေးကွက်မဟာဗျူဟာများကိုအသုံးချရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေးကော်မတီ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ မြန်မာခရီးသွားလုပ်ငန်း အဖွဲ့ချုပ် | နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန၊ နယ်သာလန်နိုင်ငံ၏ Trust Fund Phase III နိုင်ငံတော်အဆင့် စီမံကိန်း(ကယား) | ၂၅၀၀၀၀ |
| ၁.၃ ပြည်တွင်းအဆင့်တွင် အမျိုးစုံလင်သော ခရီးသွားလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာလုပ်ဆောင်သွားနိုင်ရန်။ | ၁.၃.၁ | လိုအပ်ချက်များကို ကွင်းဆင်းလေ့လာခြင်း အပေါ်အခြေခံ၍ အလားအလာရှိသော ဈေးကွက်များ (ဥပမာ - ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုများကိုသွားရောက်လေ့လာခြင်း၊ ရှေးဟောင်း အမွေအနှစ်ရှိရာနေရာများသို့သွားရောက်လေ့လာခြင်း၊ စွန့်စားခရီးသွားလာခြင်း၊ အဆိုအကများဖြင့် ဖျော်ဖြေခြင်း၊ ကျန်းမာရေးခရီးသွားခြင်းစသည်ဖြင့်) ဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်း တိုးတက်ရေးကိုပုဂ္ဂလိကကဏ္ဍ (ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ၊ ဟိုတယ်များ) နှင့် ပြည်တွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားရန်။ | ၂ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခရီးသွား ဧည့်သည်များ ၊ ဒေသခံအဖွဲ့အစည်းများ | ဒေသတွင်းခရီးသွားလုပ်ငန်းထုတ်ကုန်သစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်နှစ်အတွင်း အဓိကခရီးသွားနေရာဒေသ ၂၅ % တွင် ထုတ်ကုန်သစ်များ ဆောင်ရွက်ရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ အစိုးရအဖွဲ့ အစည်းများ၊ | အစိုးရအဖွဲ့အစည်းများ၊ မြန်မာ နိုင်ငံ ခရီးသွား လုပ်ငန်းအသင်း အဖွဲ့၊ ဒေသ ဆိုင်ရာ ဟိုတယ်အသင်းအဖွဲ့များ | နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန၊ ကယားပြည်နယ် အတွက် နယ်သာလန် နိုင်ငံ၏ Trust Fund Phase III စီမံကိန်း | ၃၀၀၀၀၀ |
| | ၁.၃.၂ | ပြည်တွင်း ခရီးသွားလုပ်ငန်းကို စီမံခန့်ခွဲခြင်းနှင့် ဈေးကွက်များရှာဖွေခြင်းကို တာဝန်ယူခြင်း၊ အခွန်ငွေများခွဲဝေကောက်ခံခြင်းကို ဆုံးဖြတ်ရန်နှင့် ခရီးသွားလုပ်ငန်း လုပ်ဆောင်မှုများ တိုးတက်လာစေရန်အတွက် လုပ်ငန်းတွင်ပါဝင် လုပ်ကိုင်နေသူများ၏ လုပ်ဆောင်မှုကဏ္ဍများတွင် လွယ်ကူစေရန်။ | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ခရီးသွား ဧည့်သည်များ ၊ ဒေသခံအဖွဲ့အစည်းများ | ဒေသတွင်းခရီးသွားလုပ်ငန်းထုတ်ကုန်သစ်များအား ဖွံ့ဖြိုးတိုး တက်ရန်အတွက် တစ်နှစ်အတွင်း အဓိကခရီးသွားနေရာဒေသ ၂၅% တွင် ထုတ်ကုန်သစ်များ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၊ အစိုးရအဖွဲ့အစည်းများ၊ | အစိုးရအဖွဲ့အစည်းများ၊ ၊ မြန်မာ နိုင်ငံ ခရီးသွား လုပ်ငန်းအသင်း အဖွဲ့၊ ဒေသဆိုင်ရာ ဟိုတယ် အ | နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန၊ ကယားပြည်နယ် အတွက် နယ်သာလန် နိုင်ငံ၏ Trust Fund Phase III စီမံကိန်း | ၁၀၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | ဆောင်ရွက်ရမည်။ | | သင်းအဖွဲ့များ | | |
| | ၁.၃.၃ | ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ဒေသတွင်း ဝန်ထမ်းများ၊ လုပ်ငန်းကို ထောက်ပံ့ပေးသူများအား လေ့ကျင့်သင်တန်းပေးခြင်း၊ ကြော်ငြာခြင်း၊ အကဲဖြတ်ခြင်းနှင့် ခရီးသွားများ ကျေနပ်မှုရရှိစေရန်အတွက် လေ့လာဆောင်ရွက်ခြင်းများ အပါအဝင် ခရီးသွားလုပ်ငန်းတွင် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများကို အကူအညီပေးရန်။ | ၃ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊<br>ခရီးသွား ဧည့်သည်များ ၊ ဒေသခံအဖွဲ့အစည်းများ | ခရီးသည်အများဆုံးသွားလာသည့်နေရာ ၂၅ % တွင် အထောက်အကူပြု စီမံချက်များကို ထိရောက်အောင် အသုံးပြုခြင်း၊ဒေသတွင်းအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊<br>အစိုးရအဖွဲ့အစည်းများ၊ | အစိုးရအဖွဲ့အစည်းများ၊<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအသင်းအဖွဲ့၊<br>ဒေသ ဆိုင်ရာဟိုတယ် အသင်းအဖွဲ့များ | နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၊<br>ကယားပြည်နယ်အတွက် နယ်သာလန်နိုင်ငံ၏ Trust Fund Phase III စီမံကိန်း | ၃၀၀၀၀၀ |
| | ၁.၃.၄ | မဟာဗျူဟာမြောက် အဓိကဈေးကွက်များမှ ခရီးသွားများအား စွဲဆောင်နိုင်ရန်အတွက် အောင်မြင်ကျော်ကြားသည့် လာအိုကောက် သစ်စားပွဲတော်များနှင့် တန်းတူရှိသည့် အဓိက ရိုးရာကောက်သစ်စားပွဲများ သို့မဟုတ် ရေသဘင် ပွဲတော်၊ မီးပုံးပျံပွဲစသည့် ရိုးရာပျော်ပွဲရွှင်ပွဲများနှင့် ဆက်စပ်နေသည့် ပွဲတော်များကို ကျင်းပပေး သွားရန်။ | ၃ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊<br>ခရီးသွား ဧည့်သည်များ၊ ဒေသခံအဖွဲ့အစည်းများ | နှစ်နှစ်အတွင်း ခရီးသည်အများဆုံးသွားလာသောအဓိကနေရာများ၏ ၂၅ ရာခိုင်နှုန်းနေရာတွင် အနည်းဆုံးပွဲတော်အသစ်တစ်ကြိမ်စုစည်းကျင်းပပေးရမည်။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊<br>အစိုးရအဖွဲ့အစည်းများ | အစိုးရအဖွဲ့စည်းများ၊<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအသင်းအဖွဲ့၊ ဒေသဆိုင်ရာဟိုတယ်အသင်းအဖွဲ့များ | | ၅၀၀၀၀၀ |
| ၁.၄ အသစ်ထွက်ပေါ်လာသည့် ခရီးသွားလုပ်ငန်းများအား အားပေးမြှင့်တင်ရန်။ | ၁.၄.၁ | **သဘာဝပတ်ဝန်းကျင် ခရီးသွားလုပ်ငန်း** အား တိုးတက်စေရန်နှင့် အားပေးမြှင့်တင်ခြင်းများကို လုပ်ဆောင်ပေးသွားရန်-<br>(၁) ခရီးသွားများ အဓိကသွားရောက်မည့် ဒေသများကို ဖော်ထုတ်သတ်မှတ်ရေး<br>(၂) ဖွံ့ဖြိုးဆဲ ခရီးစဉ် အစီအစဉ်များ<br>(၃) ဆက်သွယ်မှုမဟာဗျူဟာများနှင့် ပစ္စည်းများနှင့် ဈေးကွက် ချိတ်ဆက်ရှာဖွေခြင်း<br>(၄) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ အတွက် သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းများပို့ချပေးခြင်း၊ | ၂ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊<br>ခရီးသွား ဧည့်သည်များ၊ ဒေသခံအဖွဲ့အစည်းများ | သဘာဝပတ်ဝန်းကျင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်ကုန်များဆောင်ရွက်ခြင်းနှင့် ဆက်စပ် ခရီးသွားနေရာများသို့ ဖြန့်ဖြူးသွားရန် | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ဝင်ညီနောင် အသင်းများ၊<br>ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ | | ၂၅၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံ တော်နှင့် တိုင်းဒေသ ကြီး အစိုးရ အဖွဲ့များ | | |
| | ၁.၄.၂ | **စွန့်စားလိုမှုနှင့် အတွေ့အကြုံရလိုမှု ခရီးသွားခြင်း လုပ်ငန်း**အား တိုးတက်စေရန်နှင့် အားပေးမြှင့်တင် ခြင်းများကို လုပ်ဆောင်ပေးသွားရန်-<br>(၁) ခရီးသွားများ အဓိကသွားရောက်မည့် ဒေသ များကို ဖော်ထုတ်သတ်မှတ်ရေး<br>(၂) ဖွံ့ဖြိုးဆဲ ခရီးစဉ် အစီအစဉ်များ<br>(၃) ဆက်သွယ်မှုမဟာဗျူဟာများနှင့် ပစ္စည်းများ နှင့် ဈေးကွက် ချိတ်ဆက်ရှာဖွေခြင်း<br>(၄) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်း ကျင်ပညာရှင်များနှင့် ဝန်ထမ်းများအတွက် သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းများ ပို့ချပေးခြင်း၊ | ၂ | ခရီးသွားလုပ်ငန်း ဆိုင်ရာကျွမ်းကျင် ပညာရှင်များ၊ ခရီးသွား ဧည့်သည် များ၊ ဒေသခံအဖွဲ့ အစည်းများ | စွန့်စားလိုမှုနှင့် အ တွေ့အကြုံရလိုမှု ခရီးသွားခြင်း လုပ် ငန်းဖွံ့ဖြိုးတိုးတက် ရေးအတွက် ထုတ် ကုန်များ ဆောင်ရွက် ခြင်းနှင့်ဆက်စပ် ခရီးသွားနေရာများ သို့ ဖြန့်ဖြူးသွားရန် | မြန်မာနိုင်ငံခရီး သွားလုပ်ငန်းရှင် များအသင်း | မြန်မာနိုင်ငံ ခရီးသွားလုပ် ငန်းအဖွဲ့ချုပ် နှင့် အဖွဲ့ဝင် ညီနောင် အ သင်းများ၊ ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာန၊ ပညာရေးဝန် ကြီးဌာန၊ နိုင်ငံတော်နှင့် တိုင်းဒေသ ကြီးအစိုးရ အဖွဲ့များ | | ၂၅၀၀၀၀ |
| | ၁.၄.၃ | **အပျော်စီးသင်္ဘောကြီးများခရီးစဉ်နှင့် ရွက်လှေခရီး စဉ်** အား တိုးတက်စေရန်နှင့် အားပေးမြှင့်တင်ခြင်း များကို လုပ်ဆောင်ပေးသွားရန်-<br>(၁) ခရီးသွားများ အဓိကသွားရောက်မည့် ဒေသ များကို ဖော်ထုတ်သတ်မှတ်ရေး<br>(၂) ဖွံ့ဖြိုးဆဲ ခရီးစဉ် အစီအစဉ်များ<br>(၃) ဆက်သွယ်မှုမဟာဗျူဟာများနှင့် ပစ္စည်းများ နှင့် ဈေးကွက် ချိတ်ဆက်ရှာဖွေခြင်း<br>(၄) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်း ကျင်ပညာရှင်များနှင့် ဝန်ထမ်းများအတွက် သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းများ ပို့ချပေးခြင်း၊ | ၂ | ခရီးသွားလုပ်ငန်း ဆိုင်ရာကျွမ်းကျင် ပညာရှင်များ၊ ခရီးသွား ဧည့်သည် များ၊ ဒေသခံအဖွဲ့ အစည်းများ | အပျော်စီးသင်္ဘော ကြီးများခရီးစဉ်နှင့် ရွက်လှေခရီးစဉ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ထုတ် ကုန်များ ဆောင်ရွက် ခြင်းနှင့်ဆက်စပ် ခရီးသွားနေရာများ သို့ ဖြန့်ဖြူးသွားရန် | မြန်မာနိုင်ငံခရီး သွားလုပ်ငန်းရှင် များအသင်း | မြန်မာနိုင်ငံ ခရီးသွားလုပ် ငန်းအဖွဲ့ချုပ် နှင့် အဖွဲ့ဝင် ညီနောင် အ သင်းများ၊ ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ နိုင်ငံတော်နှင့် တိုင်းဒေသ ကြီးအစိုးရ အဖွဲ့များ | | ၂၅၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၁.၄.၄ | **အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းလုပ်ငန်း**အား တိုးတက်စေရန်နှင့် အားပေးမြှင့်တင်ခြင်းများကို လုပ်ဆောင်ပေးသွားရန်-<br>(၁) ခရီးသွားများ အဓိကသွားရောက်မည့် ဒေသများကို ဖော်ထုတ်သတ်မှတ်ရေး<br>(၂) ဖွံ့ဖြိုးဆဲ ခရီးစဉ် အစီအစဉ်များ<br>(၃) ဆက်သွယ်မှုမဟာဗျူဟာများနှင့် ပစ္စည်းများနှင့် ဈေးကွက် ချိတ်ဆက်ရှာဖွေခြင်း<br>(၄) ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများအတွက် သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းများ ပို့ချပေးခြင်း၊ | ၂ | ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊<br>ခရီးသွား ဧည့်သည်များ၊ ဒေသခံအဖွဲ့အစည်းများ | အားလပ်ရက်အပန်းဖြေခြင်းနှင့် ကျန်းမာရေးခရီးသွားခြင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များဆောင်ရွက်ခြင်းနှင့် ဆက်စပ်ခရီးသွား နေရာများသို့ ဖြန့်ဖြူးသွားရန် | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့ဝင်ညီနောင် အသင်းများ၊<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊<br>နိုင်ငံတော်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊<br>ကျန်းမာရေးဝန်ကြီးဌာန၊<br>အားကစားဝန်ကြီးဌာန၊<br>နိုင်ငံတော်နှင့်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ များ | | ၂၅၀၀၀၀ |
| ၁.၅ ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်နှင့် ဈေးကွက်မြှင့်တင်ခြင်းကို ပိုမိုခိုင်မာလာအောင်ဆောင်ရွက်သွားရန် | ၁.၅.၁ | ခရီးသွားလုပ်ငန်း၏ ပင်မစီမံချက်နှင့် လိုက်လျောညီထွေသည့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ မျှော်မှန်းချက်ဖြစ်သည့် "ချစ်မြတ်နိုးဘွယ် မြန်မာ" တွင် အခြေခံ၍ မဟာဗျူဟာမြောက် ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်တိုးတက်လာရေးအတွက် ကူညီပေးရန်နှင့် လက်ရှိနှင့် ခရီးသွားလုပ်ငန်း ထုတ်ကုန်အသစ်များအပြင် လက်ရှိနှင့် အဓိကဦးတည်သည့်ဈေးကွက်အသစ်များမှတဆင့်ဖော်ထုတ်လုပ်ဆောင်သွားရန်၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် မဟာဗျူဟာမြောက် အမှတ်တံဆိပ်တွင်-<br>(၁) အများနှင့်ဆိုင်သော ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊<br>(၂) ဆက်သွယ်ရေးရုပ်သံလိုင်းများ၊ ဈေးကွက်ရှာ | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ | ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်မဟာဗျူဟာပေါ်ပေါက်လာစေရန်နှင့် ပြန့်နှံ့စေရန် | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအသင်း | မြန်မာ့ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊<br>ပြည်ထဲရေး | "Let the journey begin" လှုပ်ရှားဆောင်ရွက်မှုအစီအစဉ် | ၃၀၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဖွေရေး အထောက်အကူပြု ပစ္စည်းများနှင့် သတင်းပို့ခြင်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊<br>(၃) မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ရရှိလာမည့်အကျိုးအမြတ်များနှင့် မဟာဗျူဟာမြောက် အမှတ်တံဆိပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအားလေ့ကျင့်ပေးခြင်း | | | | | ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စားသောက် ဆိုင်လုပ်ငန်း ရှင်များအသင်း | | |
| | ၁.၅.၂ | ခရီးသွားလုပ်ငန်း မဟာဗျူဟာမြောက် အမှတ်တံဆိပ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ခရီးသွားလုပ်ငန်း၏ မဟာဗျူဟာမြောက် မျှော်မှန်းချက်ဖြစ်သော "ချစ်မြတ်နိုးဘွယ်မြန်မာ" အပေါ်တွင် အခြေခံပြီး မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အင်တာနက်စာမျက်နှာတစ်ခုကို တည်ထောင်သွားရန်၊ (ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့ချုပ်များ၊ ခရီးသွားလာရေး ကိုယ်စားလှယ်ရုံးများ၊ ခရီးလုပ်ငန်းလုပ်ကိုင်သူများ၊ ဟိုတယ်များနှင့် ခရီးသွားများအား ဆွဲဆောင်နိုင်သည့် ဒေသများ) နှင့် နိုင်ငံတကာအင်တာနက် စာမျက်နှာများ၊ ဝက်ဘ်ဆိုက်များနှင့် အချက်အလက်များကို ရှာဖွေသည့် အင်တာနက်စာမျက်နှာများ (google ကဲ့သို့သော) ကို မှီငြမ်းခြင်းနှင့် ခေတ်မီအိုင်တီနည်းပညာ အသုံးပြု၍ အင်တာနက်စာမျက်နှာကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားရန်။ အင်တာနက် စာမျက်နှာကိုတည်ထောင်ရာတွင် စီမံခန့်ခွဲခွင့်နှင့်ဝင်ရောက်နိုင်ခွင့်အပြင် စွမ်းဆောင်ရည် တည်ဆောက်ရေး လုပ်ဆောင်ချက်များနှင့် အင်တာနက်စာမျက်နှာကို စီမံခန့်ခွဲရန်အတွက် ဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် မြန်မာခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်သူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်။ | ၁ | ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊<br>ခရီးသွား ဧည့်သည်များ | ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း အင်တာနက်စာမျက်နှာတစ်ခု တည်ထောင်ရန် | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စားသောက် ဆိုင်လုပ်ငန်း ရှင်များအသင်း | "Let the journey begin" လှုပ်ရှားဆောင်ရွက်မှုအစီအစဉ် | ၃၀၀၀၀၀ |
| | ၁.၅.၃ | ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ခရီးသွားများထံမှ ကောက်ခံရရှိသော အခွန်အခများဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဖက်စပ်ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရန်။ အဆိုပါ စီမံကိန်းတွင်- | ၂ | ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ | ခရီးသွားလုပ်ငန်းမြှင့်တင်ရေးရန်ပုံငွေတစ်ရပ်ကို ပူးတွဲတည်ထောင်၍ ဈေးကွက်မြှင့်တင်ရေးစွမ်း | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ် | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ယဉ်ကျေးမှု | | ၂၀၀၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | (၁) ဖြစ်နိုင်ချေများကို လေ့လာသုံးသပ်ခြင်း<br>(၂) ရံပုံငွေထူထောင်ရန် ရွေးပြေးစမ်းသပ်ခြင်းနှင့်<br>(၃) နိုင်ငံအဆင့် (သို့မဟုတ်) ပြည်တွင်းအဆင့် အလားတူရံပုံငွေတစ်ရပ် ထူထောင်ရန်။ | | | ဆောင်ရည်ကို တိုးတက်စေရန် | | ဝန်ကြီးဌာန၊ နိုင်ငံတော်နှင့် တိုင်းဒေသ ကြီးအစိုးရ အဖွဲ့များ၊ | | |
| | ၁.၅.၄ | အရည်အသွေး၊ ဆန်းသစ်တီထွင်မှု သို့မဟုတ် အခြားသောအရာများတွင် ထူးချွန်သော ခရီးသွား လုပ်ငန်းစီမံကိန်း အသီးသီးအတွက် နှစ်စဉ် ပူးတွဲ ခရီးသွား လုပ်ငန်းဆုတစ်ရပ်ကို တည်ထောင်ရန်။ အဆိုပါ စီမံကိန်းတွင်-<br>(၁) စီမံကိန်းတွင် ပါဝင်လုပ်ဆောင်မည့်သူများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် မိတ်ဖက်များအား ရွေးချယ်ရန်၊<br>(၂) ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ကို ဆုံးဖြတ်ရန်၊<br>(၃) ဆုပေးပွဲအခမ်းအနားများကို ကျင်းပပေးသွားရန်၊<br>(၄) ဆုရွေးချယ်ရေးနှင့်ပတ်သက်သည့် မြှင့်တင်ရေးလုပ်ဆောင်မှုများအား မြန်မာ့မီဒီယာများ တွင် ဖော်ပြသွားရန်။ | | ခရီးသွားလုပ်ငန်းဆိုင် ရာကျွမ်းကျင်ပညာရှင် များ | နှစ်စဉ် ပူးတွဲခရီး သွားလုပ်ငန်းဆု တည်ထောင်ပြီး ဆုချီးမြှင့်ရေး ဆောင် ရွက်ခြင်းနှင့် ဆန်းသစ်တီထွင်နိုင် မှုစွမ်းရည်တိုးတက် စေရန်။ | မြန်မာနိုင်ငံခရီး သွားလုပ်ငန်းရှင် များအသင်း | ဟိုတယ်နှင့် ခရီးသွားလာ ရေးလုပ်ငန်း ဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ နိုင်ငံတော်နှင့် တိုင်းဒေသ ကြီးအစိုးရ အဖွဲ့များ၊ | | ၂၀၀၀၀၀ |
| ၁.၆ အခြားသော လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင် ရွက်မှုအားနည်းနေ ခြင်းကို ခိုင်မာလာ စေရန်၊ | ၁.၆.၁ | အောက်ပါ လုပ်ဆောင်ချက်များမှတဆင့် ပြည်တွင်း လုပ်ငန်းရှင်များ၏ ပိုမိုကောင်းမွန်သော တိုးတက်မှု နှင့် လုပ်ဆောင်မှုရင်းမြစ်များမှသည် ခရီးသွားလုပ် ငန်းနှင့် **လယ်ယာထွက်ကုန်နှင့် အစားအသောက် နှင့် အဖျော်ယမကာလုပ်ငန်းကဏ္ဍ**များ အကြား ချိတ်ဆက်မှုကို ပိုမိုခိုင်မာလာစေရန်-<br>(၁) ကုန်ထုတ်လုပ်မှုတိုးမြှင့်ခြင်း (ထုတ်လုပ်မှုစွမ်း အားနှင့် အရည်အသွေး၊ ထုတ်လုပ်မှု ရင်းမြစ်၊ ထုတ်ပိုးခြင်းနှင့် တံဆိပ်တပ်ခြင်း)<br>(၂) လက်ရှိဆောင်ရွက်နေသောအရာများကို ဆက် လက်လုပ်ဆောင်ရန် ခရီးသွားလုပ်ငန်းနှင့် ထုတ်လုပ်သူများအကြား စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်မှုများကို တည်ထောင် သွားရန်။<br>(၃) စာချုပ်ချုပ်ဆိုခြင်း (စာချုပ်ပုံစံများ) တွင် အကောင်းဆုံး လုပ်ဆောင်နိုင်ရန်၊ ၎င်းတို့ ၏ထုတ်ကုန်များအတွက် ကုန်ကျစရိတ်နှင့် | ၂ | ခရီးသွားလုပ်ငန်းဆိုင် ရာကျွမ်းကျင်ပညာရှင် များ၊<br>ခရီးသွား ဧည့်သည် များ၊<br>ဒေသခံအဖွဲ့ အစည်း များ | တစ်နှစ်လျှင် အနည်း ဆုံးရွေ့ပြေး စမ်းသပ် စီမံချက်တစ်ခု စတင် ဆောင်ရွက်ရန် | မြန်မာနိုင်ငံသစ် လုပ်ငန်းရှင်များ အသင်း | ပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် သစ် တောရေးရာ ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စားသောက် ဆိုင်လုပ်ငန်း အသင်း၊ နိုင်ငံတော်နှင့် တိုင်းဒေသ ကြီးအစိုးရ အဖွဲ့များ | | ၁၀၀၀၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဈေးနှုန်းများ အပေါ်မျှတသော ဈေးနှုန်းရရှိစေရန် ထုတ်လုပ်သူများအား ကူညီပေးရန်။ | | | | | | | |
